# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၃)ရက် ၊ တနင်္လာနေ့ ၊ (2-10-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၅၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2)၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသမီးရေးရာနှင့် ဆက်စပ်အဖွဲ့အစည်းများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့်ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစားရဲအရာရှိကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာအခမ်းအနားသို့ တက်ရောက်လာကြသူများက

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၃ ခုနှစ် အောက်တိုဘာ ၂ ရက်
အယ်ဒီတာ့အာဘော်

# စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ပြီး မွေးမြူရေးလုပ်ငန်းများကိုလည်း တွဲဖက်လုပ်ကိုင်ကြသည်။ အထူးသဖြင့် မြန်မာနိုင်ငံ လူဦးရေ၏ ၇၂ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်ပြီး ၇၂ ရာခိုင်နှုန်းအနက် ၄၅ ရာခိုင်နှုန်းမှာ စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသည်။ အခြားကျေးလက်နေပြည်သူများမှာ စိုက်ပျိုးရေးကို အခြေခံသည့် အခြားစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ကြပေသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသော စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ထုတ်ကုန်များကို ပြည်ပနိုင်ငံများသို့ စဉ်ဆက်မပြတ်တင်ပို့ရောင်းချနိုင်မည်ဆိုပါက ပြည်သူများနှင့် နိုင်ငံ၏ စီးပွားရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

**“ကမ္ဘာပေါ်တွင် Food Security အတွက် လိုအပ်ချက်များရှိကြောင်း၊ အဆိုပါစားနပ်ရိက္ခာလိုအပ်ချက်ကို စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် နိုင်ငံများကသာ ဖြည့်ဆည်းပေးနိုင်သဖြင့် စွမ်းအားပြည့်စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အချို့နိုင်ငံများ၏ သီးထပ်စွမ်းအားမှာ ၃၀၀ ရာခိုင်နှုန်းခန့်ရှိသော်လည်း မိမိတို့နိုင်ငံ၏ သီးထပ်စွမ်းအားမှာ ၁၅၀ ရာခိုင်နှုန်းကျော်ခန့်သာရှိကြောင်း၊ ထို့ကြောင့် သီးထပ်စွမ်းအားများ တိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍ လူများ၏ နေ့စဉ်စားသောက်မှုများတွင် အသီးအနှံများအပြင် အသား၊ ငါးနှင့် ဥများပါဝင်ကြောင်း၊ မိမိတို့နိုင်ငံတွင် ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါး စသည့် အသားငါးများကို အဓိကထားစားသုံးကြပြီး နိုင်ငံတစ်ဝန်း၌လည်း မွေးမြူ၍ရကြောင်း၊ မိမိတို့နိုင်ငံတွင် မွေးမြူရေးနှင့်ပတ်သက်၍ စနစ်တကျမွေးမြူခြင်းမရှိသောကြောင့် လိုအပ်ချက်များရှိနေကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျမွေးမြူမည်ဆိုပါက ပြည်တွင်း၌ အသား၊ ငါးနှင့် ဥများကို ဖူလုံစွာဖြင့် စားသုံးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်ကြစေရေး တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊”** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စက်တင်ဘာ ၂၉ ရက်၌ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၃)တွင် တက်ရောက်အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

စိုက်ပျိုးရေးလုပ်ငန်းများသည် နိုင်ငံတော်အတွက် အရေးကြီးသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သကဲ့သို့ မွေးမြူရေးသည်လည်း အရေးပါသည့်လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို စနစ်တကျစိုက်ပျိုးမွေးမြူ၍ ထုတ်ကုန်များကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ပြည်ပနိုင်ငံများသို့ စဉ်ဆက်မပြတ် ပိုမိုတင်ပို့သွားမည်ဆိုပါက ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက်လည်း နိုင်ငံခြားဝင်ငွေ ပိုမိုရရှိမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေးဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ထုတ်ကုန်များ ပြည်တွင်းဖူလုံစေရေးနှင့် ပြည်ပဈေးကွက်ဝင်ဖြစ်လာစေရေးအတွက် နိုင်ငံတော်က လိုအပ်သည့် ပံ့ပိုးမှုများကို ပေးနေသကဲ့သို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြသူများကလည်း အောင်မြင်တိုးတက်အောင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



မန္တလေး အောက်တိုဘာ ၁

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၂၄၅၉၇၅ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

“ဝေရောစနကျောက်စိမ်းစေတီတော်ကို နယ်စုံဒေသက ဘုရားဖူးတွေ လာရောက်ဖူးမြော်ကြပါတယ်။ နေပူရင်လဲ ဘုရားဖူးတွေ ခြေမပူအောင် အခင်းတွေလဲ ပြုလုပ်ပေးထားပါတယ်။ ဘုရားဖူးတွေ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ပါတယ်။ နေ့ထူးနေ့မြတ် ရက်တွေဆိုရင် ဘုရားဖူးတွေ ပိုပြီးလာရောက်ဖူးမြော်တာကို တွေ့ရပါတယ်။ နားနေဆောင်တွေမှာလဲ ဝင်ရောက်အနားယူအပန်းဖြေနေကြတာကို တွေ့ရပါတယ်။ အရိပ်ရပင်တွေလဲ စိုက်ပျိုးထားပြီး အနားယူဖို့အတွက် ခုံတွေလဲ ပြုလုပ်ပေးထားတယ်။ လိုဏ်ဂူအတွင်းကိုလဲ ဝင်ရောက်လေ့လာကြတာ တွေ့ရပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးမှာလဲ ဝင်ရောက်လိမ်းခြယ်သူတွေနဲ့ စည်ကားနေတာ တွေ့ရပါတယ်။ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်”ဟု ဝေရောစနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ ညနေထိ ဘုရားဖူး ၂၄၄၇ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၂၄၂၂၃၈ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူးဦးရေ ၁၂၉၀ လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးချိုတော်တွင် စက်တင်ဘာလနောက်ဆုံးပတ်မှစ၍ အဝတ်အထည်များ အရောင်းအဝယ်ကောင်းလာ

မန္တလေး အောက်တိုဘာ ၁

မန္တလေး ဈေးချိုတော်တွင် စက်တင်ဘာလ နောက်ဆုံးပတ်မှစ၍ အဝတ်အထည်များအရောင်းအဝယ်ကောင်းလာကြောင်း အဆိုပါဈေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့ရှိ ဈေးကြီးများထဲတွင် ဈေးချိုတော်မှာ အဝတ်အထည်၊ လူသုံးကုန်၊ စားသောက်ကုန်များအပါအဝင် အခြားပစ္စည်းအမျိုးမျိုးကို လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးနေသည့် ဈေးကြီးတစ်ခုဖြစ်ပြီး ဈေးချိုတော်တွင် စက်တင်ဘာလနောက်ဆုံးပတ်မှစ၍ အဝတ်အထည်များ အရောင်းအဝယ် ကောင်းလာကြောင်း သိရသည်။

“မန္တလေး ဈေးချိုတော်ကနေ အဝတ်အထည်၊ စားသောက်ကုန်နဲ့ အခြားလူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ဖြန့်ဖြူးရောင်းချပေးနေပါတယ်။ အခုဈေးချိုတော်မှာ အဝတ်အထည်က ရောင်းအားအကောင်းဆုံးဖြစ်ပြီး မကြာမီ ဆောင်းရာသီကာလကို စတင်ရောက်ရှိလာတော့မှာဖြစ်တာကြောင့် ပြည်တွင်းအထည်ချုပ်စက်ရုံတွေက ထုတ်လုပ်တဲ့ အဝတ်အထည်တွေ ဈေးချိုတော်မှာ အရောင်းအဝယ်ကောင်းလာတယ်။ ဒါ့ပြင် တရုတ်နိုင်ငံကထုတ်တဲ့ ဆောင်းတွင်းဝတ်အဝတ်အထည်တွေလဲ ရောင်းအားကောင်းလာပါတယ်” ဟု ဈေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောပြသည်။

မန္တလေး ဈေးချိုတော်တွင် စားသောက်ကုန်၊အဝတ်အထည်၊ တိုင်းရင်းဆေးဝါး၊ ရွှေထည်ပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ဈေးဆိုင်ခန်းပေါင်း ၃၀၀၀ ကျော်ထိရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# တကောင်း-ချောက် ရေလမ်းကြောင်းတစ်လျှောက်တွင် နိုဝင်ဘာလမှစ၍ ရေလမ်းညွှန်အမှတ်အသား အခုရေ ၃၀၀ စိုက်ထူပြသပေးမည်

မန္တလေး အောက်တိုဘာ ၁

ဧရာဝတီမြစ် တကောင်း-ချောက် ရေလမ်းကြောင်းတစ်လျှောက်တွင် လာမည့် နိုဝင်ဘာလမှစ၍ ရေလမ်းညွှန်အမှတ်အသား အခုရေ ၃၀၀ စိုက်ထူပြသပေးမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ဧရာဝတီမြစ် တကောင်း-ချောက် ရေလမ်းကြောင်းတစ်လျှောက် ရေယာဉ်များသွားလာရာတွင် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် လာမည့် နိုဝင်ဘာလတွင် ရေပေါ်ပြရေလမ်းညွှန်အမှတ်အသားအခုရေ ၁၀၀ နှင့် ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသားအခုရေ ၂၀၀ စုစုပေါင်း ရေလမ်းညွှန်အမှတ်အသားအခုရေ ၃၀၀ ကို ရေယာဉ်နှစ်စီးဖြင့် လိုက်လံစိုက်ထူပြသပေးမည်ဖြစ်ကြောင်း သိရသည်။

“အခုလက်ရှိ ဧရာဝတီမြစ်အတွင်း ရေများချိန်ကာလဖြစ်လို့ ဒီကာလမှာ မြစ်ကူးတံတားကြီးတွေရဲ့ ရေလယ်တိုင်အုတ်ခုံတွေ ရေမြုပ်နေပါတယ်။ ရေလယ်တိုင်နှစ်ခုကြားမှာ ရေစီးသန်တာကြောင့် ရေယာဉ်တွေအနေနဲ့ မြစ်ကူးတံတားရေလမ်းကို ဖြတ်သန်းသွားလာတဲ့အခါ စက်နဲ့တက်မစနစ်တွေကို ကြိုတင်စစ်ဆေးပြီး လုံလောက်တဲ့ အကွာအဝေးကနေ ချဉ်းကပ်လမ်းကြောင်းမှန်ရယူကာ ဖြတ်သန်းခုတ်မောင်းကြဖို့လိုပါတယ်။ ဒီကာလမှာ လေပြင်းတိုက်ခတ်မှုနဲ့ မိုးမှောင်ကျမှု ဖြစ်ပေါ်တဲ့အခါ ရေယာဉ်တွေ အန္တရာယ်မဖြစ်စေဖို့ အထူးသတိပြုခုတ်မောင်းကြဖို့လဲ လိုပါတယ်။ အခုက ရေများချိန်ကာလဆိုပေမဲ့လဲ ရေယာဉ်တွေအနေနဲ့ ရေပေါ်ပြ၊ ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသားတွေကို ဂရုတစိုက်နဲ့သတိထားသွားဖို့ လိုပါတယ်”ဟု ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ငဲကုန်းမြို့နယ် သပြေကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ငဲကုန်း အောက်တိုဘာ ၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ငဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် သပြေကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ သပြေကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ ရေရှည်အသုံးပြုနိုင်ရေး ကျေးရွာသူ၊ ကျေးရွာသားများကဝိုင်းဝန်းထိန်းသိမ်းပေးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ငဲကုန်းမြို့နယ် သပြေကုန်းကျေးရွာ၌ အရှည်ပေ ၁၄၀၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းနှင့် တစ်နာရီရေသန့် ဂါလန် ၂၀၀ ထွက်ရှိသည့် ဆိုလာစနစ်သုံးရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ်သိန်း ၁၆၀ အသုံးပြုပြီး ငဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် စက်တင်ဘာ ၂၅ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်း ၁၅ ရာခိုင်နှုန်းကျော်၊ ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ကိုညို**

# သပိတ်ကျင်းမြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**သပိတ်ကျင်း အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

ဈေးဦးစွာ သပိတ်ကျင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုင်းဇေဇေဦးက သင်တန်းသူများအနေဖြင့် သင်တန်းက သင်ကြားပို့ချပေးခဲ့သော ဘာသာရပ်များကို လက်တွေ့အသုံးချပြီး မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းက ဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စိုးနှင့် တာဝန်ရှိသူများက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် ဆုရရှိသော သင်တန်းသူသုံးဦးအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

သင်တန်းသို့ သပိတ်ကျင်းမြို့နယ် အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ စုစုပေါင်း ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြက အဝတ်အထည်ချုပ်လုပ်နည်းများကို စာတွေ့၊ လက်တွေ့ဖြင့် စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ သင်တန်းကာလတစ်လကြာ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**အေးသူ**

# မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၁၇၀၀၂၉ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၁၇၀၀၂၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၁၇၀၀၂၉ ဧကကို ယခုနှစ် ဇွန်လ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်းမြမြို့နယ်မှာ မိုးသီးနှံစုံ ၁၇၀၀၂၉ ဧကထိ စိုက်ပျိုးခဲ့ပါတယ်။ အဲဒီထဲမှာ မိုးစပါးတွေကို အများဆုံးစိုက်ပျိုးခဲ့ပါတယ်။ မိုးသီးနှံစုံတွေ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့ အဓိကကတော့ တောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ မိုးသီးနှံစုံတွေ ပျက်စီးထိခိုက်မှုမရှိစေဖို့ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး နည်းပညာတွေကိုလဲ စိုက်ပျိုးရေးဦးစီးဌာနက မိုးသီးနှံမစိုက်ခင် မြေပြင်ထိ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင် စပါးအများဆုံးစိုက်ပျိုးတဲ့အတွက် ရွှေခရုနဲ့ပတ်သက်ပြီး တောင်သူပညာပေးလုပ်ငန်းတွေကို ကြိုတင် လုပ်ဆောင်ပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၁၇၀၀၂၉ ဧကတွင် မိုးစပါး ၁၆၅၇၃၈ ဧက၊ ဖူးစားပြောင်း ၇၉ ဧက၊ ပဲစင်းငုံဧက ၆၀၊ ပရဆေးလေးဧက၊ ကြံ ၂၇၃ ဧက၊ ပီလောပီနံ ၁၂၇၅ ဧက၊ ဟင်းသီးဟင်းရွက်ဧက ၂၆၀၀ စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါမိုးသီးနှံများ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန်၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဂွမြို့နယ် ကံကော်တောင်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ဂွ အောက်တိုဘာ ၁**

ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကံကော်တောင်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်၊ တာဝန်ခံအင်ဂျင်နီယာ ဒေါ်စိုးမိုးသူနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက ကံကော်တောင်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းအတိုင်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ဂွမြို့နယ် ကံကော်တောင်ကျေးရွာ၌ အရှည် ၇၂၃ ပေ၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၅သိန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက စက်တင်ဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကိုသန်း**

# တောင်ကြီးမြို့နယ် မဲဟဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်ကြီး အောက်တိုဘာ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်ဆီးကျေးရွာအုပ်စု မဲဟဲကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာနိုင်စေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မဲဟဲကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ဈေးဦးစွာ တောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက မဲဟဲကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မဲဟဲကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၆၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**



# စာရေးရန်ကြိုးစားနေသူများသို့

ချစ်နိုင်(စိတ်ပညာ)

ချစ်ခင်လေးစားပါတဲ့ ရေးဖော်ရေးဖက်၊ စာပေရောင်းရင်း စာပေရဲဘော်ရဲဘက်တွေ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေ။

ဆဒ္ဒန်ဆင်မင်းဝတ္ထုကို ဦးပုညရေးတဲ့စကားပြေ (စာဟောက္ခက်စိပ်လေးနဲ့) ကျွန်တော်တို့ ဆယ်တန်း မြန်မာစာသင်ခဲ့ရတယ်။ စာသူငယ်ကြား လင်းတနားသကဲ့သို့ မုဆိုးကြီးလုဒ္ဒကတဲ့ ခန္ဓာကိုယ်ကြီးမားထွားကျိုင်းလိုက်ပုံများ တခြားမုဆိုးအားလုံးထဲမှာ ဘုရင်က သူ့ကိုရွေးချယ်လိုက်တယ်။ ဟိမဝန္တာတောနက်ကြီးထဲရှိ ဆဒ္ဒန်ဆင်မင်းကိုသတ်၊ အစွယ်ဖြတ်ပြီးယူခဲ့။ အမိန့်တော်မှတ်၊ တာဝန်ပေးလို့ ဆင်စခန်းဌာနချုပ်ကိုသွား၊ ဆင်မင်းကို မြေအောက်လိုဏ်ခေါင်းတူး၊ အောက်ကနေ မြားနဲ့ပစ်ခွင်း၊ သတ်၊ ဆင်စွယ်ကိုဖြတ်။ ဆင်မင်းက ကြည်ဖြူစွာပေးလိုက်တယ်။ "ဩော် မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီးရေ၊ သင့်သက်ဆွေငယ်လင်သည်၊ မြေတွင်တုံးလုံး မြားချက်ဖြင့်ဆုံးပါပြီ ရွှေသုံးရုံခြယ်၊ ကြာရိပ်လယ်မှာ ရယ်ကာမောကာ မျက်နှာငွေလ၊ ရွှင်ပပနဲ့ ခင်မဝမ်းမြောက်ပါလေတော့။ ဆင်စွယ်ကို အလွယ်တကူ နှာမောင်းနဲ့ကူဖြတ်ပေးခဲ့သေးတဲ့ အပြင် အပြန်ခရီးကို တိုတိုနဲ့ လွယ်လွယ်ကူကူ ရောက်အောင် လမ်းကြောင်းပြညွှန်ပေးလိုက်ပါသတဲ့။ လာစဉ်က ခုနစ်နှစ် ခုနစ်လ လာခဲ့ရတဲ့ခရီး၊ ဆင်စွယ်ထမ်းပြီးပြန်လာတဲ့အခါ ခုနစ်ရက်နဲ့ ပြန်ရောက်တယ်ဆိုပဲ။

ဘယ်ဗျာ။ အသွားတစ်တိုင်၊ အပြန်တစ်တိုင်၊ အသွား ခုနစ်နှစ် ခုနစ်လကြာရင် အပြန်ခရီး ခုနစ်ရက်နဲ့ရောက်ဖို့ဆိုတာတော့ မဖြစ်နိုင်ပါဘူး။ သဘာဝမကျဘူးပဲထင်ခဲ့မိတယ်။ အသွားတုန်းက လမ်းမသိဘဲ တောတိုးရတော့ ကြာတယ်။ အပြန်မှာ ဆင်မင်းလမ်းညွှန်တော့ အပြန်လမ်းဟာ ကောင်းလည်းကောင်း၊ တိုလည်းတို၊ လမ်းသာလို့ပြန်လမ်းဟာ မြန်ဆန်တယ်ဆိုတာ ဘယ်တော့မှသိသလဲဆိုရင် နှစ်ပေါင်း ၂၀ ကြာမှ အထက်တန်းကျောင်းသားဘဝကတည်းက စာတွေရေး၊ ဟိုပို့ဒီပို့။ အရာမရောက်။ ဗိုလ်ကြီးဘဝ၊ ရန်ကုန်မင်္ဂလာဒုံတပ်မှာနေရတဲ့အခါ မင်္ဂလာဒုံရှိ ရပ်ကွက်တစ်ခုမှာနေတဲ့ **ဆရာလယ်တွင်းသားစောချစ်**ဆီ နှစ်လလောက် တပည့်ခံမေးမြန်းနာယူမှတ်သားတဲ့အခါ ၁၉၈၄ ခုနှစ် အောက်တိုဘာလကစပြီး ဒီနေ့ထိ နှစ်ပေါင်း ၄၀။ စာနယ်ဇင်းတွေမှာ ကျွန်တော့်စာမူပေါင်း ၅၀၀၀ အဆက်မပြတ်ဖော်ပြခံခဲ့ရပါပြီ။ စာအုပ်ပေါင်း ၁၃၀ ရေးခဲ့ပြီးပါပြီ။

လမ်းမသိရင် ခက်ခဲပင်ပန်းလွန်းလှပြီး လမ်းသိတော့လည်း လွယ်လွယ်ကူကူ ချောချောမောမော ချစ်စွာသောစာပေရောင်းရင်းတွေ အကြံကောင်းဉာဏ်ကောင်းလေး မိနစ် ၄၀ လောက် မျှဝေပါရစေလား။ စာရေးဆရာဘဝရရှိဖို့က ဘာလိုသလဲ။

၁။ ဝေဒနာရှိရမယ်။
၂။ စေတနာရှိရမယ်။
၃။ အနုပညာသိရမယ်။
၄။ ဝီရိယလုံ့လနဲ့ ဇွဲတော့ရှိရမယ်။

စာရေးမယ်လို့ထိုင်လိုက်တယ်ဆိုတာနဲ့ အောက်ပါအချက်တွေကို ရေရေရာရာ တိတိကျကျသဲကွဲအောင် ဦးစွာပထမရေးချလိုက်ပါ-

၁။ **ဘယ်သူဖတ်ဖို့ ရေးမှာလဲ** (To Whom)
၂။ **ဘာရည်ရွယ်ချက်နဲ့ရေးမှာလဲ** (Why)
၃။ **ဘာရေးမှာလဲ** (ကဗျာလား၊ စာညွှန့်လား၊ ပေးစာလား။ စာတမ်းလား၊ ဆောင်းပါးလား၊ ဝတ္ထုတိုလား၊ ဝတ္ထုရှည်လား (What)
၄။ **ဘယ်လိုရေးမှာလဲ** (How)
၅။ **ဘယ်အချိန်မှာဖတ်ဖို့၊ ဘယ်နေရာမှာဖတ်ဖို့၊ ဘယ်အခြေအနေမှာဖတ်ဖို့ ရေးတာလဲ။** (When, Where, Situation)

ဘယ်သူဖတ်ဖို့ရေးမှာလဲဆိုတာတော့ "စာဖတ်သူဖတ်ဖို့ ရေးမှာပေါ့ဗျာ"လို့ ဖြေရင်လည်းရပါတယ်။ ဒီအဖြေဟာ မှန်ပါတယ်။ မမှားပါဘူး။ ဒါပေမဲ့ အလုပ်သဘော အောင်မြင်တဲ့လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ဖို့ရာဆိုရင် မပြည့်စုံသေးဘူး၊ မတိကျသေးဘူး၊ တိကျသင့်တယ်။

စာရေးတယ်ဆိုတာ အလွှာနှစ်မျိုးတော့ ကွဲပြားနေတယ်ဆိုပါရစေ-

၁။ **အပျော်တမ်း စာရေးချင်သူ** (Amateur)

စာပေ၊ ဂီတ၊ အားကစား၊ ဝါသနာအပျော်တမ်းကနေ စတင်ရစမြဲပါပဲ။ ဝါသနာအရင်းခံရှိသူ စာပေဝါသနာရှင်အဆင့်။ စာဖတ်ပျော်တယ်။ စာအတိုအစ ရေးစမ်းချင်တယ်။

၂။ **စာရေးခြင်းဖြင့်ရပ်တည်သူ** (Author writer)

စာရေးဆရာ၊ ကဗျာ၊ ပြဇာတ်၊ ဝတ္ထုရေးသူ(ရသ) စာရေးသူ၊ ဆောင်းပါး၊ စာတမ်း၊ ကျမ်း၊ ပြုစုသူ(သုတ) နယ်စည်းမခြား၊ တံတိုင်းတားဆီးမထားပါဘူး ရောလို့ရ။ အနုပညာနဲ့ အတတ်ပညာနှစ်ဖက်လုံး လိုအပ်။ ရသသမားစာရေးဆရာလည်း စာစုံဖတ်ရတယ်။ သုတစာရေးသူလည်း စာစုံဖတ်ရတယ်။

**❖ အခြေခံလိုအပ်ချက်သဘောကတော့ စာပေနယ်ထဲဝင်ချင်ရင် စာပေမှာမွေ့လျော်ရမယ်။ စာချစ်သူဖြစ်ရဲ့လား။ ဒါဆို စာပေဥယျာဉ်ထဲမှာ နေပူပူ မိုးရွာရွာ ပျော်နေတာပဲ။ ဘာလို့လဲ။ ပန်းမျိုးစုံ၊ ကျေးငှက်သာရကာ မျိုးစုံနဲ့ လှပသာယာတာတွေ မြင်ရတွေ့ရလို့ ဘဝရဲ့လေးနက်တဲ့အရသာ၊ ရသ၊ သုတတွေကို ခံစားထိတွေ့ခွင့်ရပေတာကိုး။ စာဖတ်ရတာ အချိန်ကုန်ရုံပါပဲ။ အလကားပဲဆိုရင်တော့ ပြန်ပေတော့။ စာပေနယ်ထဲဝင်မလာနဲ့။ အဆင်ပြေမှာမဟုတ်။ ပွင့်ပွင့်လင်းလင်းမျှဝေခြင်းပါ။ ❖**

မိမိက ဘာအားသန်သလဲ၊ ဘာကို ပိုဝါသနာပါသလဲ။ လမ်းနှစ်သွယ်မှာ ဦးစားပေးတော့ ရွေးချယ်လျာထားရမယ်။

အခြေခံလိုအပ်ချက်သဘောကတော့ စာပေနယ်ထဲဝင်ချင်ရင် စာပေမှာမွေ့လျော်ရမယ်။ စာချစ်သူဖြစ်ရဲ့လား။ ဒါဆို စာပေဥယျာဉ်ထဲမှာ နေပူပူ မိုးရွာရွာ ပျော်နေတာပဲ။ ဘာလို့လဲ။ ပန်းမျိုးစုံ၊ ကျေးငှက်သာရကာမျိုးစုံနဲ့ လှပသာယာတာတွေ မြင်ရတွေ့ရလို့ ဘဝရဲ့လေးနက်တဲ့အရသာ၊ ရသ၊ သုတတွေကို ခံစားထိတွေ့ခွင့်ရပေတာကိုး။

စာဖတ်ရတာ အချိန်ကုန်ရုံပါပဲ။ အလကားပဲဆိုရင်တော့ ပြန်ပေတော့။ စာပေနယ်ထဲဝင်မလာနဲ့။ အဆင်ပြေမှာမဟုတ်။ ပွင့်ပွင့်လင်းလင်းမျှဝေခြင်းပါ။

ဝတ္ထုရေးချင်သူက ဝတ္ထုရေးနည်းအတတ်ပညာ၊ နည်းပညာ၊ အနုပညာကိုသိအောင် ကြိုးစားလေ့လာရမယ်။

- အချစ်ဝတ္ထုရေးနည်း၊
- စုံထောက်ဝတ္ထုရေးနည်း၊
- ဘဝသရုပ်ဖော်ဝတ္ထုရေးနည်း၊
- ဘာသာပြန်နည်း၊ မှီးရေးနည်း များများလေ့လာပါ။
- ဝတ္ထုတိုနဲ့ ဝတ္ထုရှည်တောင် ကွဲပြားတယ်။

ကဗျာရေးချင်ရင် ကဗျာကောင်းတွေ ရွေးဖတ်ပြီး အတုယူရေးစပ်သီကုံးနေရမယ်။ ရွတ်ဆိုနေရမယ်။ ကဗျာမှာ-

**အတ္ထာလင်္ကာရ** = အနက်အဓိပ္ပာယ်လှပမှု၊
**သဒ္ဒါလင်္ကာရ** = အသုံးအချိတ်အဆက်၊ သံစဉ် အတက်အကျ၊ အတွဲအဖက် သာယာခြင်း။

ဥပမာ-ဆရာဇော်ဂျီရဲ့ **ဗေဒါလမ်း**ကဗျာ ညီပြာပြာ လတာပြင်ခြေရင်း၊ စန္ဒရားချစ်ဆွေက သံစဉ်ထည့် ပိုထင်ရှားလာတယ်။

**တင်မိုးရဲ့ အမေ့ကျောင်းကဗျာ**

နေလုံးနီနီ ညနေစောင်းတော့
အမေ့ကျောင်းကို သွားကြမယ်၊
ငွေဖျိုင်းဖြူရယ် ကျွန်တော်သွားတော့
လိုက်မှာလားကွဲ့ ပျော်လှတယ်၊
(သံပြိုင်) ပျော်လှတယ်၊ ပျော်လှတယ်။

**ဆရာမင်းသုဝဏ်ရဲ့ ငွေစင်ယောင်**ကဗျာမူရင်းကို အသံလှအောင် တစ်လုံး၊ နှစ်လုံးပဲ ပြောင်းတာရှိပေမယ်။ ဆရာမြို့မငြိမ်းက မြစ်ယံသဲနုကမ်းစ ချစ်သံတေးမြကြည်ကြည်လင်။

**ကဗျာဆရာ မောင်မောင်လတ်**က ကလောင်အမည် **နောင်**တဲ့ စလင်းဇာတိ၊ ချောက်မြို့မှာကြီးပြင်း။ ရေနံအရာရှိ။ ဝန်ကြီး P.A၊ ရေနံ MOC မှာ ညွှန်မှူး။ **တိမ်တမာန် ဆိုတဲ့ကဗျာ၊** သူပဲအသံထည့်ပေးပြီး စန္ဒရားလှထွဋ် သီဆိုခဲ့တယ်။ လွန်ခဲ့တဲ့ အနှစ် ၅၀ ဆီက-

မှိုင်းပြာ. . . မှုန်ဝေ၊
တိမ်းမည်းညိုရိပ်တွေ
တောင်ပြန်လေ၊
တပ်လှန့်နိုး နိုးကြွလာပြီလေ. . .
တဖြည်းဖြည်းလာချေပြီလေ။
ပင်လယ်တွေ ဖြတ်သန်း. . .
ရိုးမအပေါ် လွှားကျော်ကာပေ၊
သူချစ်မိတ်ဆွေ (မင်းဘူး၊ စလင်း၊ မကွေး)
တို့မြန်မာနိုင်ငံပြည်၊
လက်ဆောင်ပါးတဲ့ မိုးပုလဲပန်းတွေ၊
ရွာပါစေလေ၊
အေးအေးချမ်းချမ်းရွာပါစေ. . .။

အေကာရန်နဲ့ချထားတဲ့ ကဗျာအနုအလှ၊ သံစဉ်ဂီတထည့်ပြီးဖွဲ့လိုက်တော့ ကဗျာတေးဆိုတာ တေးကဗျာပါပဲ။ သဒ္ဒါလင်္ကာရနဲ့ အတ္ထာလင်္ကာရ ပေါင်းစပ်ရတဲ့သဘော။

Philosophy အဓိပ္ပာယ်လည်း ကောင်းမွန်ရမယ်၊ လှရမယ်။

Melody သံစဉ်တေးသွားလည်း နားဝင်ချိုအောင် သာယာချိုနွဲ့ရပါမယ်။ အတုယူစရာ ပညာတွေပဲပေါ့။

တေးပြုစာဆိုတွေထဲမှာ ရှေးက နန်းတော်ရှေ့ဆရာတင်၊ မြို့မငြိမ်း သိပ်တော်ကြတယ်။ တော်မှာပေါ့၊ သူတို့ဟာ စာသိပ်ဖတ်တယ်။ ဝမ်းစာပြည့်တာကိုး။

အခြားစာဆိုတွေထက် ခေါင်းဆယ်လုံးမကပိုမြင့်နေတော့ ရသတန်ဖိုးတအားကွာခြားမြင့်မားနေတာ။

အခြေခံသင်ရိုးကို ပန်တျာကျောင်း၊ အနုပညာတက္ကသိုလ်မတက်ခဲ့ရဖူးပေမယ့် ကိုယ်တိုင်ပဲစူးစမ်းလေ့လာဆည်းပူးနေရပါမယ်။

**ပညာဆိုတာ ဘာလဲ၊**


အမှားအမှန်၊ အကြောင်းအကျိုး၊ အကောင်းအဆိုး၊ အကျိုးအပြစ်ကို ဝေခွဲပိုင်းခြားသိမြင်ခြင်းသဘောပဲ မြော်မြင်နိုင်အောင် ဆင်ခြင်တတ်ရမယ်။

မြတ်စွာဘုရားက သစ္စာလေးပါးကို လောကလူသားတွေကောင်းကျိုးအတွက် ပဋိစ္စဂိုင်ဦးကစတင်

ပြီး အလင်းပြဟောကြားခဲ့တယ်။

၁။ **ဒုက္ခသစ္စာ။** ဒုက္ခဖြစ်တည်ခြင်း အမှန်တရား။ (သုခထင်မှတ်နေတာ အဝိဇ္ဇာမမြင်လို့ပါ။)
၂။ **သမုဒယသစ္စာ။** ဒုက္ခဘာလို့ဖြစ်နေရတာလဲ၊ သမုဒယတပ်မက်စွဲလမ်းမှုကြောင့် အကြောင်းရင်းအမှန်တရား။ (ပရိကိုဇင်လေယာဉ်ပျံပျက်ကျလို့ ရှားမှာသေသွားပြီတဲ့။ ဘာမှ မခံစားရဘူး၊ ခင်တွယ်မှုသမုဒယသံယောဇဉ်မရှိလို့) ဩော် သမုဒယတဏှာ အရင်းခံပဲ။
၃။ **နိရောဓသစ္စာ။** ဆင်းရဲလွတ်ကင်းအမှန်တရား။ အနောက်တိုင်းက ဗုဒ္ဓက ဒုက္ခပဲပြောနေတာပဲ။ Pessimist အဆိုးမြင်ဝါဒီလို့ သူတို့ကစွပ်စွဲ၊ ရှုတ်ချ၊ ပုတ်ခတ်ကြတယ်။ မဟုတ်ပါ။ ဒုက္ခကင်းဝေးတဲ့၊ မရှိတဲ့သဘောကို မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ဆိုတဲ့ အမှန်သဘောကို လွတ်မြောက်ရာစတင်ထုတ်ဖော်သူပါ။ မူလကရှိနေခဲ့ပေမယ့် အမှောင်ထုထဲမှာ ဘယ်သူမှအရင်ကမသိ။
၄။ **မဂ္ဂသစ္စာ။** ဆင်းရဲကင်းကြောင်း၊ အကြောင်း လမ်းမှန်သဘော အမှန်တရား။

ဒါဟာ အရေးအကြီးဆုံးပါပဲ။ ဒါဟာ ဂေါတမဗုဒ္ဓဂါတို့ကိုးကွယ်နေတဲ့ မြတ်စွာဘုရား အသက် ၃၆ နှစ်မှ ၈၀ အရွယ် ပရိနိဗ္ဗာန်စံဝင်သေဆုံးတဲ့ထိ ၄၅ နှစ်ကြာ လှည့်လည်ဟောကြားသမျှ သုတ္တံ၊ ဝိနည်း၊ အဘိဓမ္မာ ပိဋကသုံးပုံလုံးရဲ့အဦးအစ မဟာဓမ္မစကြာတရား အနှစ်ချုပ်ပြောပါရစေ။




၁။ သမ္မာဒိဋ္ဌိ **မှန်ကန်တဲ့အမြင်**အယူအဆ
၂။ သမ္မာသင်္ကပ္ပ **မှန်ကန်တဲ့အကြံ**အတွေး
၃။ သမ္မာဝါစာ **မှန်ကန်တဲ့စကား၊** အပြော
၄။ သမ္မာကမ္မန္တ **မှန်ကန်တဲ့အပြုအမူ၊** အနေစသဖြင့် အကျယ်ဆက်လေ့လာကြပေတော့။

ဒီရှစ်ချက်လှည်းဘီးထောက်တိုင်ကို နေ့စဉ် နေ့စဉ် အမြဲမပြတ်လိုက်နာကျင့်သုံးတဲ့အခါ သင်္ကန်းရောင်စဉ် ခုနစ်ရောင် ခရမ်း၊ မဲနယ်၊ ပြာ-နီ၊ အဝိုင်းလှည့် လည်ပတ်တော့ အဖြူရောင်အဝိုင်း ဖြစ်ပေါ်သလို မဂ္ဂင်ရှစ်ပါး အကျင့်တရားကြောင့် မူလရောင်စုံစက်ဝိုင်းကြီးဟာ အဖြူရောင်ဖြစ်သွားသလို။ အလားတူပါပဲ။ မှန်ကန်စွာ မြင်၊ ကြံ၊ ပြော၊ လုပ်၊ အသက်မွေး၊ အားထုတ်၊ အောက်မေ့၊ တည်ကြည်၊ နေ့စဉ် နေ့စဉ် ဒီကျင့်စဉ်အတိုင်း ပြုမူလိုက်နာသွားခဲ့ရင် ပိတ်ဆို့တားဆီးနေတဲ့မသိမှု၊ အထင်လွဲ၊ အမြင်လွဲ၊ အာရုံမှားသိတာတွေဟာ ပါးပါးသွားပြီး ဉာဏ်ရည်ဉာဏ်သွေးမြင့်တက်လာတာနဲ့အမျှ စိတ်က အပြစ်ကင်းစင်သန့်ရှင်းလေတော့ အပြုအမူ၊ အပြောအဆို၊ အနေအထိုင်၊ အလုပ်

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒ့ါအပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေ ဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ဟိုင်းကြီးကျွန်းမြို့ ငွေတောင်ကမ်းခြေသို့ ပြီးခဲ့သည့်လအတွင်းက ခရီးသွားဧည့်သည် ၁၀၂၂၅ ဦးထိ လာရောက်လည်ပတ်ခဲ့

**ပုသိမ် အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ဟိုင်းကြီးကျွန်းမြို့ ငွေတောင်ကမ်းခြေသို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ခရီးသွားဧည့်သည် ၁၀၂၂၅ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း ပုသိမ်မြို့နယ် ခရီးသွားလုပ်ငန်းမှ ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်နီနီမာက ပြောပြ၍ သိရသည်။

ဟိုင်းကြီးကျွန်းမြို့ ငွေတောင်ကမ်းခြေသို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ခရီးသွားဧည့်သည် ၈၉၃၃ ဦးထိ လာရောက်လည်ပတ်ခဲ့ပြီး မိုးရာသီဖြစ်သော်လည်း စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်ထိ ခရီးသွားဧည့်သည် ၁၀၂၂၅ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"လက်ရှိကာလဟာ မိုးရာသီဆိုတော့ နွေရာသီလောက် ခရီးသွားတွေမများပေမဲ့ ခရီးသွားတွေ အဆက်မပြတ်လာနေပါတယ်။ စက်တင်ဘာလအတွင်း ဥပုသ်နေ့နဲ့ အလုပ်ပိတ်ရက်၊ ရုံးပိတ်ရက်တွေမှာ လာရောက်လည်ပတ်တဲ့သူ ပိုမိုများပြားခဲ့ပါတယ်"ဟု ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်နီနီမာက ပြောပြသည်။

ငွေတောင်ကမ်းခြေကို လာရောက်လည်ပတ်အပန်းဖြေသည့် ခရီးသွား ဧည့်သည်များသည် ရန်ကုန်တိုင်းဒေသကြီးမှ ခရီးသွားဧည့်သည်များ အများဆုံးဖြစ်ကြောင်း၊ အဆိုပါကမ်းခြေများကို လာရောက်လည်ပတ်သည့်ခရီးသွားဧည့်သည်များ လုံခြုံစေရေး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စသည့် လုပ်ငန်းများကို ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဟိုတယ်လုပ်ငန်းရှင်များ၊ လုံခြုံရေးတာဝန်ရှိသူများနှင့် ဒေသခံများ ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



➤ စာမျက်နှာ ၄ မှအဆက်

အကိုင်တွေက အရည်အသွေးတွေ ကောင်းသည်ထက်ကောင်းပြီး အဆင့်ဆင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် စသဖြင့် မဂ်တရား၊ ဖိုလ်တရားတွေကို ဒီကျင့်စဉ်ရှစ်ချက် နေ့စဉ်လည်ပတ်နေတဲ့ စကြာလှည်းဘီးရှေ့သို့ ရှေ့သို့ ဆက်လက်ရွေ့လျားလိမ့်သွားရင်း ကိုယ်တိုင်သိမြင်လာပါလိမ့်မယ်။

ဓမ္မစကြာတရား၊ သစ္စာလေးပါးက တရားဦးပဲ။ ခြောက်နှစ်တောထဲမှာ အတူတကွ ကျင့်ကြံခဲ့ကြသူ တရားကျင့်ဖော်သူတော်စင်ရသေ့ငါးပါးပင် ငါးရက်ကြာမှသာကျင့်ပြီး အားလုံး ဓမ္မစကြာတရားကို နားလည်သဘောပေါက်လို့ ဝါဆိုလပြည့်ကျော် ၅ ရက်မှ အနတ္တလက္ခဏာသုတ်ကို ဆက်ပြီး (ရသေ့တွေ ရဟန်းဖြည့်ကျင့်ပြီးမှ) ဟောကြားပါတယ်။

စကားကျယ်ရင် နားငယ်မဆံ့။

စကားလွယ်ရင် နားကျယ်မခံ့။

နားထောင်သူတွေ စိတ်ဝင်စားရုံလောက်ပဲ အနှစ်ချုပ်၊ အကျဉ်းမျှ တင်ပြရပါတယ်။ ကျင့်ကြံမှုကိုယ်တိုင်အတွေ့အကြုံရှိမှ ပိုပြီးသဘောပေါက်နိုင်ပါတယ်။

နိဂုံးမချုပ်သေးခင် ဖြစ်ရပ်မှန်အကြောင်းတစ်ခုကို ဆရာဝန်ကြီးတစ်ပါး (အဲဒီအချိန်က အသက် ၃၀ ကျော်လူငယ်ပါ) သီတဂူဆရာတော်ကြီးရဲ့ ကပ္ပိယအနေနဲ့ နိုင်ငံတကာသွားလာခဲ့ကြတုန်းက အစ္စရေးနိုင်ငံ တဲလ်အဘစ်မြို့လေဆိပ်ကြီးထဲမှာစောင့်ရင်း လေယာဉ်ပေါ်တက်ဖို့ ဧည့်ခန်းတစ်ခုမှာပေါ့။ အစ္စရေးဂျူးလူမျိုး ကုမ္ပဏီသူဌေးကြီးတစ်ယောက်က တွေ့ခွင့်လာတောင်းနေတယ်။ ဆရာတော်ကြီးကို တွေ့ပါရစေတဲ့။

လေယာဉ်ကထွက်တော့မှာ၊ နောက် ၁၅ မိနစ်ဆို လေယာဉ်ပေါ်တက်ဖို့ခေါ်တော့မှာ၊ အဆင်သင့်ပြင်ဆင်ထားဖို့ သတိပေးအသံလွှင့်ပြောဆိုနေချိန်ပါ။ ဒုက္ခပဲ။

ကပ္ပိယဒေါက်တာက အချိန်မရဘူး။ တွေ့ခွင့်မပေးနိုင်ဘူး တားထားတာကို ငါးမိနစ်ပဲတွေ့ခွင့်ပြုပါ ဝှတ်အတင်းတောင်းပန်နေလို့ ဆရာတော်ကိုလျှောက်တင်တော့ ခေါ်ခဲ့ပါဆိုတာနဲ့ တွေ့ခွင့်ပြုလိုက်တယ်။

"တစ်ခုမေးပါရစေဘုရား"

"မေးပါ"

"ဗုဒ္ဓရဲ့အဆုံးအမအနှစ်သာရကို ငါးမိနစ်နဲ့ လိုရင်းအနှစ်ချုပ် ဟောကြားဖြေကြားပေးပါဘုရား"

"အေး၊ ကောင်းပြီ"

**(၁) မိမိရဲ့ကိုယ်အပြုအမူ၊ နှုတ်အပြောအဆိုတို့ကို မမှားအောင် ထိန်းသိမ်းနိုင်ရင် ဒီလူဟာ လူကောင်း The Good Person. သီလရှိသူပေါ့ကွာ။ (သီလသိက္ခာ)**

**(၂) လူတစ်ယောက်ဟာ စိတ်အတွေးအကြံ၊ မနောကံကိုပါ အပြစ်ကင်းစင်အောင်ထိန်းချုပ်နိုင်စွမ်းရှိသူဆိုရင် သူ့ကို လူမှန် The Right Person ခေါ်ဆိုနိုင်ပါတယ်။ သူဟာ စိတ်ထားဖြူပြီး သမာဓိရှိနေပြီ။ (သီလသိက္ခာပြီးမှ သမာဓိသိက္ခာရနိုင်တယ်)**

**(၃) လူတစ်ဦးဟာ သီလကိုယ်ကျင့်တရားရှိတ္တလည်းကောင်းနေတယ်၊ သမာဓိတရားစိတ်တည်ကြည်မှုကြောင့် ဖြစ်ခြင်း၊ ပျက်ခြင်း သဘာဝနိယာမကိုလည်း အမှန်အတိုင်း ဉာဏ်အလင်းနဲ့ ထွင်းဖောက်သိမြင်နေသူဖြစ်တယ်ဆိုရင် သူ့ကို မြင့်မြတ်သူ The Noble Person လို့ခေါ်ရပေမယ်။ အဲဒါက ပညာသိက္ခာ။**

လူတွေဟာ မိမိကိုယ်ကို Good Person ဖြစ်အောင်၊ Right Person ဖြစ်အောင်နဲ့ Noble Person ဖြစ်အောင် မြတ်စွာဘုရားက သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သိက္ခာသုံးပါး လိုက်နာလေ့ကျင့်သွားကြဖို့ရာ ပြည့်နှင်ကြားခဲ့တယ်။ အဲဒါဟာ ဗုဒ္ဓဝါဒပဲ။ နားရှင်းပါရဲ့လား။ သာဓုခေါ်စရာပါပဲ။

သုံးမိနစ်အတွင်း ဂျူးကုမ္ပဏီပိုင်ရှင် သန်းကြွယ်သူဌေးကြီးဟာ အံ့ဩဝမ်းသာမြူးရွှင်ကျေနပ်စွာနဲ့ ဝပ်တွားဦးချကန်တော့နေပါတော့တယ်။ "ကွင်းကွင်းကွက်ကွက် ရှင်းရှင်းလင်းလင်းသိမြင်ရပါပြီဘုရား"တဲ့။

ကဲ စာရေးချင်သူတွေက ဘာများရေးကြမှာပါလဲ။

## မင်္ဂလာမျက်ရည်များ

\- ထန်းလျက်တစ်ဆုပ် ပဲတစ်ထုပ်နှင့်
သုတ်သီးသုတ်ပျာ ရောက်ရှိလာသည်
အညာမြေတွင် စာသင်စာပြ
ကျသည့်ဝန်ထမ်း မညိုးပန်းနှယ်
လန်းဆတ်ရွှင်မြူး သမီးဦး။

\- ငါးခြောက်တစ်ပြား ငါးပိဆားနှင့်
ဟင်းစားစုံတွေ သယ်ခဲ့ချေကာ
အောက်မြေမှာဖွား တစ်ရွာသားနှင့်
စုလျားချစ်ခွင့် ပေါင်းဖက်သင့်လည်း
မိခင့်ရင်ငွေ့ ဘယ်မမေ့ပဲ
ယနေ့ရောက်လာ အမေ့ရွာဟု
တာ၍မငြီး နွဲ့မပြီးသည်
သမီးအလတ် စကားတတ်။

\- ကြက်သွန်တစ်အိတ် ဆန်တစ်စိတ်နှင့်
ခြေအိတ်ခေါင်းစွပ် ဆောင်းတွင်းဝတ်ဟု
ပျောင်းညွတ်ချိုကြည် စကားသီလျက်
ရှမ်းပြည်တွေ့ကြုံ ပြောမကုန်ပဲ
ရင်အုံဖွံ့ထွား ကြွက်သားဖုထစ်
ပျိုနုပျစ်သည်
သားစစ်သည်လေး အငယ်ထွေး။

\- သီတင်းအကျွတ် နှင်းအဆွတ်တွင်
ဝင်းမွတ်သင်းထုံး ကြာပဒုံးတို့
ဝတ်မှုန်စွင့်ကား ပွင့်ဘိလားသို့
ချစ်သားသမီး အသီးသီးလျှင်
ခရီးဝေးမှ ရောက်လာကြ၍
တုတ်ကွရှိသေ ကန်တော့ချေသော်
မွေးမပျက်ရည် တလည်လည်ကို
အကြိုလက်ဖျား ဖွာအနားနှင့်
သုတ်ငြားမတန့် မေတ္တာနံ့တို့
သင်းပျံ့ကြည်လင် စမ်းနှယ်ထင်သည်
မင်္ဂလာရှိသော မျက်ရည်များ။ ။

**မြင်းမူမောင်နိုင်မိုး**

### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။


### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



## နိုင်ငံတကာ သတင်းများ

# ဟေတီသို့ နိုင်ငံတကာတပ်ဖွဲ့ စေလွှတ်ရေးဆုံးဖြတ်ချက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ မဲခွဲဆုံးဖြတ်မည်



**နယူးယောက် အောက်တိုဘာ ၁**

ဒုစရိုက်ဂိုဏ်းများကို ရင်ဆိုင်ရာတွင် ဟေတီအမျိုးသားရဲတပ်ဖွဲ့ကိုကူညီရေးအတွက် ဟေတီနိုင်ငံသို့ နိုင်ငံတကာတပ်ဖွဲ့တစ်ဖွဲ့ စေလွှတ် ဖြန့်ကြက်ရေးဆိုင်ရာ ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ယနေ့တွင် မဲခွဲဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အရ အဆိုပါ နိုင်ငံတကာတပ်ဖွဲ့ကို ဟေတီနိုင်ငံသို့ တစ်နှစ်ကြာမစ်ရှင်အဖြစ် စေလွှတ်မည်ဖြစ်သည်။

သို့သော် အဆိုပါတပ်ဖွဲ့သည် ကုလသမဂ္ဂက ပို့လွှတ်မည့် ကုလသမဂ္ဂတပ်ဖွဲ့မဟုတ်ဘဲ နိုင်ငံတကာရန်ပုံငွေ ထည့်ဝင်မှုဖြင့် စေလွှတ်မည့် တပ်ဖွဲ့ဖြစ်ကြောင်း သိရသည်။

အဆိုပါ နိုင်ငံတကာတပ်ဖွဲ့သည် ဟေတီအမျိုးသားရဲတပ်ဖွဲ့၏ စစ်ဆင်ရေးလုပ်ငန်းများကို ကူညီရမည်ဖြစ်ပြီး လေဆိပ်ကဲ့သို့ အရေးကြီးသည့်အခြေခံအဆောက်အအုံများ၏လုံခြုံရေးကိုလည်း တာဝန်ယူပေးရမည်ဖြစ်သည်။

ဟေတီအမျိုးသား ရဲတပ်ဖွဲ့သည် ဟေတီလူဦးရေ ၁၁ သန်းအတွက် အင်အား ၁၀၀၀၀မျှသာရှိပြီး ရန်ပုံငွေနှင့် လူအင်အားနည်းပါးသည့် ရဲတပ်ဖွဲ့ဖြစ်ရာ ဟေတီ၌ထကြွနေသည့် ဒုစရိုက်ဂိုဏ်းများကို ရင်ဆိုင်ရန်ရုန်းကန်နေရသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်မူကြမ်းတွင် ဟေတီ၌ ဖြန့်ကြက်မည့်နိုင်ငံတကာတပ်ဖွဲ့ကို ဦးဆောင်ခွင့်ရရေးအတွက်ကင်ညာနိုင်ငံ၏ကမ်းလှမ်းချက်ကို ကြိုဆိုထားကြောင်း သိရသည်။

**Ref : AP**
**Trs : KKO**

# တရုတ်လိုလားသူသမ္မတလောင်း မူအစ်ဇူ မော်လ်ဒိုက်သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိ

**မာလေ အောက်တိုဘာ ၁**

မော်လ်ဒိုက်သမ္မတရွေးကောက်ပွဲဒုတိယအကျော့တွင် တရုတ်နိုင်ငံကိုလိုလားသည့် အတိုက်အခံသမ္မတလောင်း မိုဟာမက်မူအစ်ဇူ အနိုင်ရရှိထားကြောင်း မော်လ်ဒိုက်ရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဆန္ဒမဲအားလုံးနီးပါး ရေတွက်ပြီးချိန်တွင် အတိုက်အခံသမ္မတလောင်း မူအစ်ဇူက ထောက်ခံမဲ ၅၄ ရာခိုင်နှုန်းထိ ရရှိထားပြီး လက်ရှိသမ္မတ အီဘရာဟင်ဆိုလီမှာ ထောက်ခံမဲ ၄၆ ရာခိုင်နှုန်းရရှိထားကြောင်း မော်လ်ဒိုက်ရွေးကောက်ပွဲကော်မရှင်ကြေညာချက်၌ ဖော်ပြထားသည်။

ရွေးကောက်ပွဲ ကော်မရှင်၏ အဆိုပါကြေညာချက် ပေါ်ထွက်လာခဲ့ပြီးနောက် သမ္မတအီဘရာဟင်ဆိုလီက ရွေးကောက်ပွဲအနိုင်ရသမ္မတလောင်း မူအစ်ဇူကို ဂုဏ်ပြုစကားပြောကြားခဲ့သည်။

စက်တင်ဘာ ၃၀ ရက်သမ္မတရွေးကောက်ပွဲ ဒုတိယအကျော့ရလဒ်ကြောင့် မော်လ်ဒိုက်နိုင်ငံသည် အိန္ဒိယနိုင်ငံ၏မိတ်ဖက်နိုင်ငံအဖြစ်မှ တရုတ်နိုင်ငံ၏မိတ်ဖက်နိုင်ငံအဖြစ်သို့ ပြောင်းလဲသွားနိုင်သည်။

စက်တင်ဘာ ၃၀ ရက်သမ္မတရွေးကောက်ပွဲ ဒုတိယအကျော့အတွက် မော်လ်ဒိုက်ကျွန်းစုဒေသရှိ ကျွန်းပေါင်း ၁၈၇ ကျွန်းတို့၌ မဲရုံပေါင်း ၅၈၆ ရုံ ဖွင့်လှစ်ပေးခဲ့ရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူဦးရေ၏ ၈၅ ရာခိုင်နှုန်းခန့်ပါဝင်မဲပေးခဲ့ကြသည်။

လက်ရှိသမ္မတ ဆိုလီသည် ၎င်း၏သမ္မတရာထူး ငါးနှစ်သက်တမ်းအတွင်းအိန္ဒိယကို ဦးစားပေးရေးမူဝါဒ ကျင့်သုံးနိုင်ရေးအတွက် ဦးဆောင်ကြိုးပမ်းခဲ့သူဖြစ်ကြောင်း သိရသည်။

**Ref : The Strait Times**
**Trs : KKO**



# ပနားမားတူးမြောင်းအတွင်း နေ့စဉ်ဝင်ရောက်ခွင့်ရှိသည့် သင်္ဘောအရေအတွက်ကို ၃၁ စီးထိ လျှော့ချ

**ပနားမားစီးတီး အောက်တိုဘာ ၁**

ပနားမားတူးမြောင်းကို နေ့စဉ်ဖြတ်သန်းခွင့် ပေးထားသည့် သင်္ဘောအရေအတွက်ကို ပနားမားတူးမြောင်း အာဏာပိုင်အဖွဲ့က စက်တင်ဘာ ၃၀ ရက်တွင် လျှော့ချခဲ့ကြောင်း သိရသည်။

ပနားမားတူးမြောင်းရေလမ်းကြောင်းအား အသုံးပြုခွင့်ပေးမည့် သင်္ဘောအရေအတွက်ကို တစ်ရက်လျှင် ၃၁ စီးထိသာ သတ်မှတ်မည်ဖြစ်ကြောင်း ပနားမားတူးမြောင်းအာဏာပိုင်အဖွဲ့က ကြေညာထားသည်။

ပနားမားတူးမြောင်းအာဏာပိုင်အဖွဲ့သည် ယခုနှစ်ဩဂုတ်လတွင် တူးမြောင်းကိုတစ်ရက်လျှင်သင်္ဘော ၃၂ စီးဖြတ်သန်းခွင့်ပေးခဲ့ပြီးနောက် ၃၁ စီးသို့ ထပ်မံလျှော့ချခဲ့ခြင်းဖြစ်သည်။

မိုးခေါင်ရေရှားပြဿနာကြောင့် ပနားမားတူးမြောင်း ဂိတ်တံခါးများကို အဖွင့်အပိတ်လုပ်ရေးအတွက် လိုအပ်သည့်ရေပမာဏနည်းပါးလာမှုကြောင့် တူးမြောင်းအတွင်း နေ့စဉ်ဝင်ရောက်ခွင့်ပေးထားသည့်သင်္ဘောအရေအတွက်ကို လျှော့ချခဲ့ခြင်းဖြစ်ကြောင်း ပနားမား တူးမြောင်းအာဏာပိုင်အဖွဲ့က ပြောကြားထားသည်။

ပနားမားတူးမြောင်းအာဏာပိုင်များသည် တူးမြောင်းအတွက် ရေလုံလောက်စဉ် ကာလများက တစ်ရက်လျှင် သင်္ဘောအစီးရေ ၃၆စီးမှ ၃၈ စီးထိ တူးမြောင်းဖြတ်သန်းခွင့်ပေးခဲ့သည်။

လက်ရှိအချိန်တွင် မိုးခေါင်ရေရှားပြဿနာကြောင့် ပနားမားတူးမြောင်းအာဏာပိုင်များသည် တူးမြောင်းအတွင်းဝင်ရောက်ခွင့်ရှိသောသင်္ဘောများ၏ ရေစူးမှတ်များကိုလည်း ကန့်သတ်ထားရကြောင်း သိရသည်။

**Ref : CNA**
**Trs : KKO**

# တူရကီပြည်ထဲရေးဝန်ကြီးဌာန ဝင်ပေါက်၌ အသေခံ ဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွား

**အင်ကာရာ အောက်တိုဘာ ၁**

အင်ကာရာမြို့ အတွင်းရှိ ပြည်ထဲရေးဝန်ကြီးဌာန အဆောက်အအုံများရှေ့၌ အကြမ်းဖက်သမားနှစ်ဦးက ဗုံးခွဲတိုက်ခိုက်မှုကျူးလွန်ခဲ့သည်ဟု တူရကီအစိုးရက ယနေ့တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဗုံးခွဲတိုက်ခိုက်မှု ကျူးလွန်သူနှစ်ဦးအနက် တစ်ဦးမှာ ဗုံးပေါက်ကွဲမှုအတွင်းသေဆုံးခဲ့ပြီး ကျန်တစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ရှင်းလင်းခဲ့ကြောင်း တူရကီအစိုးရ၏အဆိုအရ သိရသည်။

ပြည်ထဲရေးဝန်ကြီးဌာနအဆောက်အအုံများ ဗုံးခွဲတိုက်ခိုက်ခံရမှုသည် အင်ကာရာမြို့၌ ၂၀၁၆ ခုနှစ်နောက်ပိုင်း ပထမဆုံးဖြစ်ပွားခဲ့သော ဗုံးခွဲတိုက်ခိုက်မှုဖြစ်သည်။

ယနေ့ဗုံးခွဲတိုက်ခိုက်မှုအတွင်း တူရကီရဲတပ်ဖွဲ့ဝင် နှစ်ဦးလည်း ဒဏ်ရာများရရှိခဲ့သည်။

ဗုံးခွဲမှု ကျူးလွန်သူများသည် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေလုံခြုံရေး ညွှန်ကြားမှုဦးစီးဌာနရုံး ဂိတ်တံခါးရှေ့သို့ မော်တော်ယာဉ်တစ်စီးဖြင့်ရောက်ရှိလာပြီး အသေခံဗုံးခွဲတိုက်ခိုက်ရန် ကြိုးစားခဲ့ခြင်းဖြစ်ကြောင်း တူရကီပြည်ထဲရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယနေ့ဗုံးခွဲတိုက်ခိုက်မှုအတွက် မည်သည့် စစ်သွေးကြွအုပ်စုတွင် တာဝန်ရှိကြောင်း တူရကီအစိုးရက ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

**Ref : CNA**
**Trs : KKO**

# စပိန်နိုင်ငံ မာစီယာမြို့၌ နိုက်ကလပ်မီးလောင်မှုဖြစ်ပွား အနည်းဆုံး လူခုနစ်ဦး သေဆုံး

**မာစီယာ အောက်တိုဘာ ၁**

စပိန်နိုင်ငံ အရှေ့တောင်ပိုင်း မာစီယာအမည်ရှိမြို့၌ ယနေ့တွင် နိုက်ကလပ်တစ်ခု မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူခုနစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သော နိုက်ကလပ်မှာ မာစီယာမြို့စွန်၌ တည်ရှိသည့် သီယေတာအမည်ရှိ နိုက်ကလပ်ဖြစ်ကြောင်း စပိန်တာဝန်ရှိသူများကပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် စပိန်ကယ်ဆယ်ရေး သမားများသည် မီးလောင်မှု ဖြစ်ပွားပြီးနောက် ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေနေကြောင်း သိရသည်။

နိုက်ကလပ်မီးလောင်မှုအတွင်း သေဆုံးခဲ့သူ အရေအတွက်မှာ ခုနစ်ဦးထိရှိပြီး ပျောက်ဆုံးနေသူများလည်း ရှိနေဆဲဖြစ်ကြောင်း စပိန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။




နိုက်ကလပ် အဆောက်အအုံ မီးလောင်မှုသည် ယနေ့နံနက်ပိုင်းတွင်စတင်ဖြစ်ပွားခဲ့ပြီး နာရီအနည်းငယ်အကြာတွင် မီးသတ်သမားများက ထိန်းချုပ်နိုင်ခဲ့သည်။

နိုက်ကလပ် မီးလောင်ကျွမ်းမှု ဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးမည်ဟု မာစီယာမြို့ ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : CNA**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက ချန်အာ-၆ လကမ္ဘာစူးစမ်းရေးမစ်ရှင်ကို လာမည့်နှစ်တွင် လွှတ်တင်မည်



**ပေကျင်း အောက်တိုဘာ ၁**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ချန်အာ-၆ လကမ္ဘာစူးစမ်းရေးမစ်ရှင်ကို လာမည့်နှစ်တွင် လွှတ်တင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

တရုတ်နိုင်ငံသည် ချန်အာ-၆ လကမ္ဘာစူးစမ်းရေးမစ်ရှင်ဖြင့် လကမ္ဘာအခြားဘက်ခြမ်းရှိ ကျောက်သားနမူနာများကိုရယူရန် စီစဉ်ထားကြောင်း သိရသည်။

ချန်အာ-၆ လကမ္ဘာစူးစမ်းရေးမစ်ရှင်ကို လပတ်အာကာသယာဉ်၊ လဆင်းယာဉ်၊ လပတ်လမ်းပြန်တက်ယာဉ်၊ ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်မည့်ယာဉ်တို့ဖြင့် ဖွဲ့စည်းထားသည်။

ချန်အာ-၆ လကမ္ဘာစူးစမ်းရေးမစ်ရှင်ကို မလွှတ်တင်မီ ၂၀၂၄ ခုနှစ် ပထမခြောက်လအတွင်း ကွေးရှောင်-၂ အမည်ရှိ ကြားခံဆက်သွယ်ရေးဂြိုဟ်တုကိုလွှတ်တင်မည်ဖြစ်ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ကွေးရှောင်ဂြိုဟ်တုသည် ချန်အာ-၆ လကမ္ဘာစူးစမ်းရေးမစ်ရှင် အာကာသယာဉ်များနှင့် ကမ္ဘာမြေကြားအဆက်အသွယ် ပြုလုပ်နိုင်ရေးအတွက် ကြားခံဆက်သွယ်ရေးဂြိုဟ်တုတာဝန်ကို ရယူမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်အတွင်းကလည်း လမျက်နှာပြင်ပေါ်ရှိ ကျောက်သားနမူနာများကို ချန်အာ-၅ မစ်ရှင်ဖြင့် ရယူခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : China Daily**

**Trs : KKO**

## နာဆာ၏ ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လှည့်လည်ရေးယာဉ်က အင်္ဂါဂြိုဟ်လေဝဲတစ်ခုတိုက်ခတ်နေပုံကို ဗီဒီယိုမှတ်တမ်းရယူနိုင်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လှည့်လာရေးယာဉ်သည် အင်္ဂါဂြိုဟ်လေဝဲတစ်ခုတိုက်ခတ်နေပုံကို ဗီဒီယိုမှတ်တမ်းရယူနိုင်ခဲ့ကြောင်း စက်တင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လှည့်လာရေးယာဉ်သည် အင်္ဂါဂြိုဟ် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းအနောက်ဘက်စွန်း၌ တိုက်ခတ်နေသည့် အဆိုပါလေဝဲကို ယခုနှစ်ဩဂုတ် ၁၀ ရက်က ဗီဒီယိုမှတ်တမ်းရယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုစဉ်ကာလက အဆိုပါလေဝဲငယ်သည် ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လှည့်လာရေးယာဉ်နှင့် ၂ ဒသမ ၅ မိုင်သာ ကွာဝေးကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။



အဆိုပါလေဝဲသည် အချင်းအားဖြင့် မီတာ ၆၀ ရှိပြီး အမြင့် ၁ ဒသမ ၂ မိုင်ခန့်ရှိသည်ဟု နာဆာ သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လှည့်လာရေးယာဉ်သည် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ အင်္ဂါဂြိုဟ်ရှေးဟောင်းသက်ရှိတို့၏ လက္ခဏာများကို ရှာဖွေလျက်ရှိသည်။

ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လှည့်လာရေးယာဉ်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလက အင်္ဂါဂြိုဟ် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်းသို့ ဆင်းသက်ခဲ့ကြောင်း သိရသည်။

**Ref : Space.com**

**Trs : KKO**

## အိန္ဒိယနိုင်ငံ၏ ပထမဆုံးနေလေ့လာရေးအာကာသယာဉ် ကမ္ဘာ၏ဒြပ်ဆွဲအားအောက်မှ လွတ်မြောက်သွားပြီဖြစ်

**နယူးဒေလီ အောက်တိုဘာ ၁**

အိန္ဒိယနိုင်ငံ၏ ပထမဆုံး နေလေ့လာရေးအာကာသယာဉ်ဖြစ်သည့် အဒိတျာ-အယ်လ် ၁ အာကာသယာဉ်သည် ကမ္ဘာ၏ဒြပ်ဆွဲအားအောက်မှ လွတ်မြောက်သွားပြီဖြစ်ကြောင်း စက်တင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

အဒိတျာ-အယ်လ် ၁ အာကာသယာဉ်သည် ကမ္ဘာမြေနှင့်ကီလိုမီတာ ၉၂၀၀၀၀ အကွာကို ကျော်လွန်ခဲ့ပြီဖြစ်ရာ ကမ္ဘာ၏ဒြပ်ဆွဲအားအောက်မှ လွတ်မြောက်သွားပြီဖြစ်ကြောင်း အိန္ဒိယ အာကာသအေဂျင်စီက စက်တင်ဘာ ၃၀ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် အဒိတျာ-အယ်လ် ၁ အာကာသယာဉ်သည် နေနှင့်ကမ္ဘာ၏ ဒြပ်ဆွဲအားများ ပေါင်းဆုံရာနယ်မြေ (အယ်လ်-၁) သို့ ဆက်လက်ပျံသန်းနေကြောင်း သိရသည်။

အယ်လ်-၁ နယ်မြေသို့ရောက်ရှိချိန်တွင် အဒိတျာ-အယ်လ် ၁ အာကာသယာဉ်သည် နေစူးစမ်းလေ့လာရေးလုပ်ငန်းများကို စတင်မည်ဖြစ်သည်။

အိန္ဒိယအမျိုးသား အာကာသအေဂျင်စီသည် အဒိတျာ-အယ်လ် ၁ နေလေ့လာရေးအာကာသယာဉ်ကို စက်တင်ဘာ ၂ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဒိတျာ-အယ်လ် ၁ အာကာသယာဉ်သည် ကမ္ဘာ့ဒြပ်ဆွဲအားနယ်မြေကို ဖောက်ထွက်နိုင်ခဲ့သည့် ဒုတိယမြောက် အိန္ဒိယ အာကာသယာဉ် ဖြစ်ကြောင်း သိရသည်။

**Ref : Time Now**

**Trs : KKO**

# HEALTH

## ခွေးရူးပြန်ရောဂါကို ကုသနိုင်ဖွယ်ရှိသည့် သွေးဖြူဆဲလ်အခြေခံပဋိပစ္စည်းတစ်မျိုး စမ်းသပ်နေ

**နယူးယောက် အောက်တိုဘာ ၁**

ရောဂါလက္ခဏာ ပြင်းထန်သော ခွေးရူးပြန်ရောဂါကို ကုသနိုင်ဖွယ်ရှိသည့် သွေးဖြူဆဲလ်အခြေခံပဋိပစ္စည်း(Monoclonal Antibody) တစ်မျိုးကို ဆေးပညာရှင်များ စမ်းသပ်နေကြောင်း စက်တင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အဆိုပါသွေးဖြူဆဲလ်အခြေခံပဋိပစ္စည်းများကို ကြွက်များတွင်ထိုးနှံပေးခဲ့ရာ ခွေးရူးပြန်ရောဂါပိုးရပ်ကို အောင်မြင်စွာတားဆီးထားနိုင်ခဲ့ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အဆိုပါပဋိပစ္စည်းကို Australia bat Lyssavirus ပိုးရပ်တစ်မျိုးအဖြစ် အသုံးပြုဖန်တီးထားခြင်းဖြစ်ကြောင်း သိရသည်။

Lyssavirus ပိုးရပ်သည် ခွေးရူးပြန်ရောဂါပိုးရပ်နှင့်မျိုးချင်းနီးသော ပိုးရပ်တစ်မျိုးဖြစ်ကြောင်း အမေရိကန် ဆေးပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် နောက်တစ်ဆင့်အနေဖြင့် အဆိုပါပဋိပစ္စည်းကို လူသားများအတွက် အသုံးပြုနိုင်သော ပဋိပစ္စည်းအဖြစ် ပြောင်းလဲ၍ လူသားများဖြင့် လက်တွေ့စမ်းသပ်ရန် မျှော်လင့်ထားသည်။

လက်ရှိအချိန်ထိ ကုထုံးမရှိသေးဘဲ ဖြစ်ပွားပါက သေရန်များသည့် ခွေးရူးပြန်ရောဂါအတွက် အဆိုပါပဋိပစ္စည်းမှာ ပထမဆုံးကုထုံးဖြစ်လာနိုင်သည်ဟု အမေရိကန်သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

**Ref : Health Day News**

**Trs : KKO**

## စမ်းသပ်ဆဲ နှာခေါင်းဖျန်းဆေးရည်တစ်မျိုးက သွေးခုန်နှုန်းမြန်ဆန်မှုကို ကုသပေးနိုင်ဖွယ်ရှိ

**နယူးယောက် အောက်တိုဘာ ၁**

စမ်းသပ်ဆဲနှာခေါင်းဖျန်းဆေးရည်တစ်မျိုးသည် သွေးခုန်နှုန်းပုံမှန်ထက်မြန်ဆန်မှုပြဿနာ (PSVT) ကို ကုသပေးနိုင်ဖွယ်ရှိကြောင်း စက်တင်ဘာ ၃၀ ရက်သတင်းများအရ သိရသည်။

PSVT ပြဿနာပေါ်ထွက်လာပါက နှလုံးခုန်နှုန်းမှာ တစ်မိနစ်လျှင် အချက်ရေ ၁၆၀ မှ ၂၅၀ ကြား ရှိလာတတ်ပြီး အသက်အန္တရာယ်မရှိသော်လည်း ဆေးရုံတက်ရောက်ကုသမှု ခံယူရန်လိုလာတတ်ကြောင်း သိရသည်။

သို့ရာတွင် Etripamil ခေါ် စမ်းသပ်ဆဲ နှာခေါင်းဖျန်းဆေးတစ်မျိုးသည် PSVT လူနာများ၏ နှလုံးခုန်နှုန်းကို မိနစ် ၃၀ အတွင်း ပြန်လည်နှေးကွေးလာစေနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် PSVT လူနာ ၁၆၉ ဦးတို့ကို Etripamil ဖြင့်လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

စမ်းသပ်မှုမှ ထွက်ပေါ်လာသည့်ရလဒ်များအရ Etripamil ဆေးသုံးစွဲခဲ့သူ လူနာများအနက် ၆၀ ရာခိုင်နှုန်းမှာ ဆေးသုံးစွဲပြီး မိနစ် ၃၀ အတွင်း နှလုံးခုန်နှုန်းပုံမှန်သို့ ပြန်ရောက်လာသည်ကို တွေ့ရသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

လက်ရှိအချိန်တွင် PSVT ပြဿနာကို ကုသရေးအတွက် ဆေးဝါးအာဏာပိုင်များက ခွင့်ပြုချက်ပေးထားသည့် ကုထုံးမျိုးမရှိသေးကြောင်း သိရသည်။

**Ref : Health Day News**

**Trs: KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဘာစီလိုနာတိုက်စစ်မှူး ရာဖင်ဟာ ဒဏ်ရာကြောင့် တစ်လခန့်အနားယူရမည်

**ဘာစီလိုနာ အောက်တိုဘာ ၁**

ဆီဗီလာအသင်းနှင့် ပွဲစဉ်တွင် ပေါင်ကြွက်သား ဒဏ်ရာကြောင့် ထွက်ခွာခဲ့ရသည့် တောင်ပံကစားသမား ရာဖင်ဟာအနေဖြင့် တစ်လခန့် အနားယူရမည်ဖြစ်ကာ လာမည့် နိုင်ငံတကာပြိုင်ပွဲကာလ ပြီးဆုံးချိန်မှသာ အသင်းနှင့် ပြန်လည် ပူးပေါင်းနိုင်မည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းက ထုတ်ပြန်ခဲ့သည်။

ရာဖင်ဟာသည် ဆီဗီလာအသင်းနှင့်ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ်ပါဝင်လာခဲ့ပြီး ပွဲကစားချိန် ၃၇ မိနစ်အရောက်တွင် ပြိုင်ဘက်အသင်းဘက်သို့ တိုက်စစ်ဆင်မှုပြုလုပ်ခဲ့ရာ ပေါင်ကြွက်သားဒဏ်ရာရရှိခဲ့သဖြင့် အသင်းဖော်ကစားသမား မာဖင်လိုပက်ဇ်နှင့်လူစားလဲခဲ့ရပြီး အဆိုပါပွဲစဉ်တွင် အသင်းအနေဖြင့် ဆီဗီလာအသင်း ခံစစ်ကစားသမားရာမို့စ်၏ ကိုယ့်ဂိုးကိုယ်သွင်းခဲ့သည့်သွင်းဂိုးဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ရာဖင်ဟာ၏ ဒဏ်ရာကို လိုအပ်သည့်စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ဒဏ်ရာပြင်းထန်မှုမရှိသော်လည်း တစ်လခန့်အနားယူရမည်ဖြစ်သောကြောင့် လာမည့် အောက်တိုဘာ ၅ ရက်တွင် ကစားရမည့် ပေါ်တိုအသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်၊ အောက်တိုဘာ ၈ ရက်တွင် ကစားရမည့်ဂရန်နာဒါအသင်းနှင့် အမှတ်ပေးပွဲစဉ်တို့ကို လွဲချော်မည်ဖြစ်ပြီး နိုင်ငံတကာပြိုင်ပွဲကာလ ပြီးဆုံးချိန်မှသာ အသင်းနှင့်ပြန်လည် ပူးပေါင်းနိုင်မည်ဖြစ်ပြီး အောက်တိုဘာ ၂၃ ရက်တွင် ကစားရမည့် ဘီလ်ဘာအိုအသင်းနှင့် ပွဲစဉ်မှသာ ပြန်လည်ပါဝင်နိုင်မည်ဖြစ်သည်။

တောင်ပံကစားသမား ရာဖင်ဟာသည် ယခုနှစ်ဘောလုံးရာသီ ဘာစီလိုနာအသင်းတွင် အမှတ်ပေးပြိုင်ပွဲ ငါးပွဲနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲတစ်ပွဲ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုးနှစ်ဂိုး သွင်းယူကာ ဂိုးဖန်တီးမှု သုံးကြိမ်ထိ ပြုလုပ်နိုင်ခဲ့ပြီး နည်းပြဇာဗီ လက်အောက်တွင် ခြေစွမ်းပြကစားနေသည့် ကစားသမားတစ်ဦးဖြစ်ကြောင်း သိရသည်။

**Ref : Barcablaugranes**
**Trs : ML**



# လီဗာပူးက စပါးအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် ပရီးမီးယားလိဂ် ၁၇ ပွဲဆက် ရှုံးပွဲမရှိစံချိန်ရပ်တန့်ခဲ့ရ



**လန်ဒန် အောက်တိုဘာ ၁**

ပရီးမီးယားလိဂ်ပွဲစဉ်(၇)အဖြစ် ကစားခဲ့သည့် စပါးအသင်းနှင့် လီဗာပူးအသင်းတို့ ပွဲစဉ်တွင် လီဗာပူးအသင်းက နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သဖြင့် ပရီးမီးယားလိဂ် ၁၇ ပွဲဆက် ရှုံးပွဲမရှိခဲ့သည့် စံချိန်ကောင်းတစ်ခု ရပ်တန့်ခဲ့ရကြောင်း သိရသည်။

လီဗာပူးအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီ မေ ၅ ရက်က ကစားခဲ့သည့် ချဲလ်ဆီးအသင်းနှင့် ပွဲစဉ်ကို သရေရလဒ်ကစားနိုင်ခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် ဝက်စ်ဟမ်းအသင်းကို အနိုင်ရခဲ့သည့်ပွဲစဉ်အပြီးတွင် ၁၇ ပွဲဆက် ရှုံးပွဲမရှိခဲ့သည့်စံချိန်တစ်ခုကို ရရှိခဲ့သော်လည်း စပါးအသင်းနှင့်အဝေးကွင်းပွဲစဉ်တွင် စပါးအသင်း၏ နောက်ကျ ဦးဆောင်ဂိုးကြောင့် နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရကာ ရှုံးပွဲမရှိစံချိန်ကောင်းတစ်ခုရပ်တန့်ခဲ့ရသည်။

လီဗာပူးအသင်းသည် စပါးအသင်းကို ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့သော်လည်း ပွဲကစားချိန် ၂၆ မိနစ်အရောက်တွင် ကွင်းလယ်ကစားသမား ကာတစ်ဂျုန်းက စပါးအသင်းကစားသမား ဘစ်ဇူးမားကို ကြမ်းတမ်းစွာဖြတ်ထုတ်ခဲ့မှုကြောင့် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရပြီး ၁၀ မိနစ်အကြာတွင် စပါးအသင်းတိုက်စစ်မှူး ဆွန်ဟောင်မင်က ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ကာ လီဗာပူးအသင်းအတွက် အခက်တွေ့ခဲ့ရသော်လည်း ပထမပိုင်း နာကျင်အချိန်ပိုတွင် တိုက်စစ်မှူး ဂတ်ပိုက အသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူပေးနိုင်ခဲ့သဖြင့် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းအစပိုင်း၌ တိုက်စစ်မှူး ဂတ်ပိုမှာ ဒဏ်ရာရရှိခဲ့သဖြင့် ဂျိုတာနှင့် လူစားလဲခဲ့ရပြီး စပါးအသင်း၏ ဆက်တိုက်ဖိအားပေးမှုများကြောင့် ပွဲကစားချိန် ၆၈ မိနစ်တွင် ဂျိုတာအနေဖြင့် အဝါကတ်တစ်ကြိမ် ပြသခံခဲ့ရပြီး တစ်မိနစ်အကြာတွင် ဒုတိယမြောက် အဝါကတ်ကြောင့် နှစ်ဝါတစ်နီဖြင့် ပြိုင်ပွဲမှထွက်ခွာခဲ့ရသဖြင့် လီဗာပူးအသင်းအနေဖြင့် လူစားလဲမှုများပြုလုပ်၍ ခံစစ်ကစားပုံပြောင်းလဲခဲ့သော်လည်း နာကျင်အချိန်ပို မိနစ် ၉၀ ကျော်တွင် မာတစ်၏ ကိုယ့်ဂိုးကိုယ် သွင်းယူခဲ့မှုကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ရကြောင်း သိရသည်။

**Ref : ESPN**
**Trs : ML**

# အေဗီလာအသင်းက တိုက်စစ်မှူးဝက်ကင်းစ်ကို စာချုပ်သက်တမ်းတိုးရန် ပြင်ဆင်

**လန်ဒန် အောက်တိုဘာ ၁**

အေဗီလာအသင်းက ဘရိုက်တန်အသင်းကို ခြောက်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် တိုက်စစ်မှူး ဝက်ကင်းစ်က အသင်းအတွက် ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် အသင်းတာဝန်ရှိသူများက ဝက်ကင်းစ်ကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ပြင်ဆင်ခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ဝက်ကင်းစ်သည် အေဗီလာအသင်းနှင့် လာမည့် ၂၀၂၅ ခုနှစ် ဇွန် ၃၀ ရက်မှစာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း ၎င်းအနေဖြင့် ပြိုင်ပွဲစုံ ၁၁ ပွဲတွင် အသင်းအတွက် သွင်းဂိုးခုနစ်ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု သုံးကြိမ် ပြုလုပ်နိုင်ခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက စာချုပ်သက်တမ်းတိုး၍ ဆက်လက်ထိန်းသိမ်းရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။

အသက် ၂၇ နှစ်ရှိ တိုက်စစ်မှူးသည် ၂၀၂၀ ပြည့်နှစ်က ဘရန့်ဖို့ဒ်အသင်းမှ အေဗီလာအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အေဗီလာအသင်းတိုက်စစ်ပိုင်းတွင် အဆုံးအဖြတ်သွင်းဂိုးများ သွင်းယူပေးနိုင်ခဲ့သကဲ့သို့ အသင်းနှင့်ပြိုင်ပွဲစုံ ၁၂၉ ပွဲတွင် သွင်းဂိုး ၅၀ ထိ သွင်းယူနိုင်ခဲ့သဖြင့် ဥရောပထိပ်သီးကလပ်အသင်းများက ခေါ်ယူရန်ကမ်းလှမ်းမှုများရှိလာသောကြောင့် အသင်းအနေဖြင့် ကစားသမားကို စာချုပ်သက်တမ်းတိုး၍ ကာလရှည်ထိန်းသိမ်းသွားရန် စီစဉ်ခဲ့ကြောင်း သိရသည်။

ဝက်ကင်းစ်သည် ဘရိုက်တန်အသင်းနှင့်ပွဲစဉ်တွင် ခြေစွမ်းပြသနိုင်ခဲ့ကာ ပွဲချိန် ၁၄ မိနစ်၊ ၂၁ မိနစ်နှင့် ၆၅ မိနစ်တို့တွင် ဦးဆောင်ဂိုးများ သွင်းယူပေးခဲ့ပြီး အသင်းကို ခြောက်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သောကြောင့် အသင်းအနေဖြင့် အမှတ်ပေးပွဲခုနစ်ပွဲ ကစားအပြီးတွင် ငါးပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် ရမှတ် ၁၅ မှတ်ရရှိကာ အမှတ်ပေးဇယား အဆင့်(၅) နေရာသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**

## အားကစားသတင်း အတိုအထွာများ

- ပဲလေ့စ်အသင်းကို တစ်ဂိုးဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့သည့် မန်ယူအသင်းအနေဖြင့် ပရီးမီးယားလိဂ် ခုနစ်ပွဲကစားအပြီးတွင် လေးပွဲရှုံးနိမ့်ပြီး အဆိုးရွားဆုံးဘောလုံးရာသီနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။
- လီဗာပူးအသင်းနှင့် စပါးအသင်းတို့ပွဲစဉ်တွင် လူးဝစ်ဒီယက်ဇ်၏သွင်းဂိုးမှာ လူကျွံအနေအထားမရှိခဲ့ဘဲ VAR ဒိုင်၏ မှားယွင်းစွာဆုံးဖြတ်မှုကြောင့်ဖြစ်ကြောင်း ပရီးမီးယားလိဂ်ဒိုင်အဖွဲ့ချုပ်က အဆိုပါပွဲစဉ်အပြီးတွင် ထုတ်ပြန်ခဲ့သည်။
- ဆိုစီဒက်အသင်းနှင့်ဘီလ်ဘာအိုအသင်းတို့ပွဲစဉ်တွင် ဆိုစီဒက်ကစားသမားတီယာနေး ဒဏ်ရာရရှိခဲ့ပြီး ရက်သတ္တပတ်အနည်းငယ်အနားယူရမည်ဖြစ်သောကြောင့် လာမည့် နိုင်ငံတကာပြိုင်ပွဲကာလတွင်ကစားရမည့် ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်များကို လွဲချော်နိုင်ဖွယ်ရှိကြောင်း သိရသည်။

ML

## ပြင်သစ်လီဂူး ပွဲစဉ် (၇) ရလဒ်

| | | | |
|---|---|---|---|
| ရိမ်း | ၂ | - ၀ | လိုင်ယွန် |
| လီဟာဗေး | ၀ | - ၂ | လိုင်လီ |
| နိုက် | ၀ | - ၀ | ဘရက် |
| တူးလော့ | ၃ | - ၀ | မက်ဇ် |

(၀၄၀)

# အီတလီစီးရီးအေပြိုင်ပွဲသမိုင်းတစ်လျှောက် လူစားဝင်ပြီး လေးဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ် မာတီနက်ဇ် စံချိန်သစ်တင်

**ရောမ အောက်တိုဘာ ၁**

အင်တာမီလန်အသင်းတိုက်စစ်မှူး မာတီနက်ဇ်သည် ဆလာနီတာနာအသင်းနှင့် အင်တာမီလန်အသင်းတို့ပွဲစဉ်တွင် အသင်းအတွက် လေးဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် စီးရီးအေသမိုင်းတစ်လျှောက်တွင် လူစားဝင်လာပြီး လေးဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အီတလီစီးရီးအေ ပွဲစဉ်အဖြစ် အင်တာမီလန်အသင်းက ဆလာနီတာနာအသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အင်တာမီလန်အသင်းသည် ပွဲချိန်ပထမပိုင်းထိ တစ်ဂိုးမျှသွင်းယူနိုင်ခြင်းမရှိဘဲ တိုက်စစ်ပိုင်းကရုန်းကန်ခဲ့ရသည့်အတွက် နည်းပြ အင်ဇာဂီက ၅၅ မိနစ်တွင် ဆန်းချက်ဇ်၏နေရာ၌ မာတီနက်ဇ်နှင့် လူစားလဲခဲ့ခြင်းဖြစ်သည်။

မာတီနက်ဇ်အနေဖြင့် ပွဲချိန် ၅၅ မိနစ်တွင် လူစားဝင်ကစားခဲ့ပြီးနောက် ပွဲချိန် ၆၂ မိနစ်၊ ၇၇ မိနစ်၊ ၈၅ မိနစ်နှင့် ၈၉ မိနစ်တို့တွင် အသင်းအတွက် တစ်ဦးတည်း လေးဂိုးထိသွင်းယူပြီး အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် အီတလီစီးရီးအေပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် စံချိန်ကောင်းတစ်ရပ်ကို တင်နိုင်ခဲ့ခြင်းဖြစ်သည်။



မာတီနက်ဇ်သည် ၎င်း၏ ပရော်ဖက်ရှင်နယ် ကစားသမားဘဝတစ်ပွဲတည်း လေးဂိုးသွင်းယူနိုင်ခဲ့ခြင်းမှာ ယခုအခါပထမဆုံးအကြိမ်ဖြစ်သကဲ့သို့ အီတလီစီးရီးအေပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် လူစားဝင်လာခဲ့ပြီး လေးဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံး ကစားသမားအဖြစ်ပါ စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Forbes**
**Trs : STA**

# (၁၉)ကြိမ်မြောက် Asian Games အားကစားပွဲတော် ဂေါက်သီးရိုက်ပြိုင်ပွဲ၌ တောင်ကိုရီးယားအသင်း ရွှေတံဆိပ်ဆုဆွတ်ခူး



**ဟန်ကျိုး အောက်တိုဘာ ၁**

တရုတ်နိုင်ငံ ဟန်ကျိုးမြို့တွင် ကျင်းပနေသည့် (၁၉) ကြိမ်မြောက် Asian Games အားကစားပွဲတော်၏ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တောင်ကိုရီးယားအမျိုးသားအသင်းက ရွှေတံဆိပ်ဆုဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကင်မ်စီဝူ ဦးဆောင်လာသည့် တောင်ကိုရီးယား အမျိုးသား ဂေါက်သီးရိုက်အသင်းသည် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း အသင်းလိုက် အမျိုးသားဂေါက်သီးရိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

PGA Tour တွင် အောင်မြင်မှုများဆွတ်ခူးထားသည့် ကင်မ်စီဝူနှင့်အတူ အင်မ်ဆန်ဂျယ်တို့က တောင်ကိုရီးယား အမျိုးသား ဂေါက်သီးရိုက် အသင်းအတွက် အကောင်းဆုံး လက်စွမ်းပြခဲ့ကြပြီး တောင်ကိုရီးယား အမျိုးသား ဂေါက်သီးရိုက်အသင်းက တောင်ကိုရီးယားနိုင်ငံအတွက် ရွှေတံဆိပ်ဆု ဆွတ်ခူးပေးနိုင်ခဲ့သောကြောင့် (၁၉)ကြိမ်မြောက် Asian Games အားကစားပွဲတော်တွင် တောင်ကိုရီးယားနိုင်ငံက ရွှေတံဆိပ်ဆု ၂၇ ဆု၊ ငွေတံဆိပ်ဆု ၂၉ ဆုနှင့် ကြေးတံဆိပ် ၅၄ ဆု စုစုပေါင်းဆုတံဆိပ် ၁၁၀ ဖြင့် ဆုရရှိသည့်ဇယားတွင် အဆင့်(၃)နေရာ၌ ရပ်တည်နေကြောင်း သိရသည်။

"တောင်ကိုရီးယားနိုင်ငံအတွက် ကိုယ်စားပြုပြီးတော့ အမျိုးသား ဂေါက်သီးရိုက် အသင်းနဲ့အတူ တောင်ကိုရီးယားနိုင်ငံအတွက် ရွှေတံဆိပ်ဆုကို ဆွတ်ခူးပေးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ တောင်ကိုရီးယားနိုင်ငံအတွက် အောင်မြင်မှုရယူပေးနိုင်ဖို့အတွက် အရေးကြီးဆုံးက စိတ်ကိုတည်ငြိမ်အောင်ထားနိုင်ဖို့ပါပဲ။ ဒါကြောင့် တောင်ကိုရီးယားနိုင်ငံအတွက် အောင်မြင်မှုရယူပေးနိုင်ဖို့ စိတ်ကို အတည်ငြိမ်ဆုံးထားပြီး ကျွန်တော့်အသင်းဖော်တွေနဲ့အတူ အကောင်းဆုံးကြိုးစားခဲ့တယ်။ နောက်ပြီးတော့ တောင်ကိုရီးယားအသင်းကို အားပေးနေတဲ့ တောင်ကိုရီးယား ဂေါက်သီးရိုက်ပရိသတ်တွေ စိတ်မပျက်အောင်လဲ ကျွန်တော်တို့အသင်းသားအားလုံး အကောင်းဆုံး ကြိုးစားခဲ့တယ်။ မိခင်နိုင်ငံအတွက် ရွှေတံဆိပ်ဆု ရယူပေးနိုင်ခဲ့လို့ ကျွန်တော်တို့ အသင်းသားအားလုံးလဲဝမ်းမြောက်ဂုဏ်ယူနေကြပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : YNA**
**Trs : AZL**

# စူပါမစ်ဒယ်ဝိတ်တန်းပြိုင်ဘက်ကင်းချန်ပီယံဆုကို ကန်နဲလိုအယ်ဗာရက်ဇ် ဆက်လက်ထိန်းသိမ်းနိုင်ခဲ့

**လက်ဗီးဂတ်စ် အောက်တိုဘာ ၁**

WBA(Super)၊ WBC၊ IBF၊ WBO စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ မက္ကဆီကိုလက်ဝှေ့သမား ကန်နဲလိုအယ်ဗာရက်ဇ်နှင့် WBA(Super)၊ WBC၊ IBF လိုက်မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံ အမေရိကန်လက်ဝှေ့သမား ဂျာမဲချာလိုတို့ စူပါမစ်ဒယ်ဝိတ်တန်း၏ ပြိုင်ဘက်ကင်း ချန်ပီယံဆုအတွက် စက်တင်ဘာ ၃၀ ရက်က အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် လက်ဗီးဂတ်စ်မြို့၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ကန်နဲလိုအယ်ဗာရက်ဇ်က ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ ပြိုင်ဘက်ကင်းချန်ပီယံဆုကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကန်နဲလိုအယ်ဗာရက်ဇ်သည် ဒိုင်အမှတ်ဖြင့်သာ အနိုင်ရခဲ့သော်လည်း ခုနစ်ချီမြောက်တွင် ဂျာမဲချာလိုကို လဲကျအောင်ထိုးသတ်နိုင်ခဲ့သည်။

အမှတ်ပေးဒိုင် သုံးဦးရှိသည့်အနက် ဒိုင်နှစ်ဦးက (၁၁၈-၁၀၉) မှတ်ဖြင့်လည်းကောင်း၊ ကျန်ဒိုင်တစ်ဦးက (၁၁၉-၁၀၈) မှတ်ဖြင့်လည်းကောင်း ကန်နဲလိုအယ်ဗာရက်ဇ်ကို အနိုင်ပေးခဲ့ကြောင်း သိရသည်။

ဂျာမဲချာလိုအနေဖြင့် ပြတ်သားသည့်ရမှတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝတွင် ဒုတိယမြောက်ရှုံးပွဲဖြင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

ကန်နဲလိုအယ်ဗာရက်ဇ်က"ပွဲစကတည်းက Body Shot တွေပဲ ဦးစားပေးထိုးသတ်ခဲ့တယ်။ ဗျူဟာပြောင်းလဲလိုက်တာကြောင့် ခုနစ်ချီမြောက်မှာ ဂျာမဲချာလိုကို လဲကျအောင် ထိုးသတ်နိုင်ခဲ့တယ်။ ဒီပွဲအတွက် စတင်လေ့ကျင့်ကတည်းက Body Shot ထိုးသတ်ဖို့ဦးစားပေးခဲ့တာပါ။ ကျွန်တော့်အနေနဲ့ အခုလို ပြိုင်ဘက်ကင်းချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : France24**
**Trs : AZL**

# Pan Pacific Open တင်းနစ်ပြိုင်ပွဲချန်ပီယံဆုကို ကူဒါမီတိုဗာ ဆွတ်ခူး



**တိုကျို အောက်တိုဘာ ၁**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပခဲ့သည့် Pan Pacific Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အမေရိကန်တင်းနစ်မယ် ပီဂူလာနှင့် ရုရှားတင်းနစ်မယ် ကူဒါမီတိုဗာတို့ယှဉ်ပြိုင်ကစားခဲ့ရာ ကူဒါမီတိုဗာက (၇-၅၊ ၆-၁)ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁၉) နေရာတွင် ရပ်တည်နေသည့် ကူဒါမီတိုဗာသည် ကမ္ဘာ့အဆင့်(၄)နေရာ၌ ရပ်တည်နေသည့် ပီဂူလာကို နှစ်ပွဲပြတ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ပီဂူလာသည် ကူဒါမီတိုဗာနှင့်တွေ့ဆုံတိုင်း ရလဒ်မကောင်းသည့် မှတ်တမ်းဆိုးကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

ကူဒါမီတိုဗာသည် ပထမပွဲငယ်တွင် ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားခဲ့ရပြီး ဒုတိယပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း၊ နှစ်ပွဲပြတ်ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ကူဒါမီတိုဗာက ခက်ခဲသည့် ဗိုလ်လုပွဲစဉ် တစ်ပွဲဖြစ်ကြောင်း ပွဲအပြီးတွင် ပြောကြားခဲ့သည်။

ကူဒါမီတိုဗာသည် ယခုနှစ် တင်းနစ်ရာသီတွင် အကောင်းဆုံး လက်စွမ်းပြနေသည့် တင်းနစ်မယ်တစ်ဦးဖြစ်ပြီး Pan Pacific Open တင်းနစ်ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်တွင် ဗိုလ်စွဲရန်ရေပန်းစားနေသည့် ကမ္ဘာ့အဆင့်(၂) တင်းနစ်မယ် စဝီယာတက်ခ်ကို အနိုင်ရရှိခဲ့သလို ဆီမီးဖိုင်နယ်အဆင့်တွင်လည်း ရုရှားတင်းနစ်မယ် ပက်ဗ်လူချန်ကိုဗာကို အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်သို့တက်ရောက်လာခဲ့သူဖြစ်သည်။

ကူဒါမီတိုဗာက "Pan Pacific Open တင်းနစ်ပြိုင်ပွဲရဲ့ ဗိုလ်လုပွဲစဉ်ကို တက်ရောက်နိုင်ဖို့အတွက် ခက်ခဲတဲ့ပြိုင်ဘက်တွေကို အဆင့်ဆင့် ကျော်ဖြတ်ခဲ့ရတယ်။ ဗိုလ်လုပွဲစဉ်ဟာ တကယ်ကို ခက်ခဲတဲ့ပွဲစဉ်တစ်ပွဲဖြစ်ပါတယ်။ ဗိုလ်လုပွဲစဉ်မတိုင်ခင်ကတည်းက ခက်ခဲမဲ့ပွဲစဉ်တစ်ပွဲဖြစ်လာမယ်ဆိုတာကိုကြိုတင်ခန့်မှန်းမိပြီးသားပါ။ ရိုက်ချက်တစ်ချက်ချင်းစီတိုင်းဟာ ပွဲအဖြေကို အလှည့်အပြောင်းဖြစ်စေလိမ့်မယ်ဆိုတာကိုလဲ ကြိုတင်ခန့်မှန်းမိပြီးသားပါ။ ခက်ခဲခဲ့ပေမဲ့ ချန်ပီယံဆုဖလားကိုဆွတ်ခူးနိုင်ခဲ့လို့ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီဆုဖလားဟာ ဒီနှစ်အတွင်း ကျွန်မအတွက် ဒုတိယမြောက် ဆွတ်ခူးနိုင်ခဲ့တဲ့ ဆုဖလားလဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sport Mole**
**Trs : AZL**

# ဘိုင်ယန်မြူးနစ်အသင်းက ဘိုတန်ကို ကာလတိုစာချုပ်ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိ

**ဘာလင် အောက်တိုဘာ ၁**

ဘိုင်ယန်မြူးနစ် အသင်းက ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် အသင်းမှ ကစားသမားဟောင်းတစ်ဦးဖြစ်သည့် ခံစစ်ကစားသမား ဘိုတန်ကို ကာလတိုစာချုပ်ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသက် ၃၅ နှစ်ရှိ ဘိုတန်သည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို ၂၀၀၆ ခုနှစ်က ဟာသာဘာလင်အသင်းနှင့် စတင်ခဲ့သူဖြစ်ပြီး ဟာသာဘာလင်အသင်းတွင် ပွဲအနည်းငယ်သာကစားခဲ့ကာ ဟမ်းဘတ်အသင်း၊ မန်စီးတီးတို့သို့ အဆင့်ဆင့်ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ၂၀၁၁ ခုနှစ်က မန်စီးတီးအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဘိုတန်သည် ဘိုင်ယန်မြူးနစ်အသင်းတွင် ၂၀၁၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ ဆယ်စုနှစ်တစ်ခုကျော်ကြာ ကစားပြီး အသင်းနှင့်အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ကာ ဥရောပရှိ အကောင်းဆုံး ခံစစ်ကစားသမားများမှ တစ်ဦးအပါအဝင်အဖြစ် ရပ်တည်ခဲ့ပြီး အသင်းနှင့်လည်း ဆုဖလားများစွာ ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ဘိုတန်သည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် လိုင်ယွန်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ကစားခဲ့သူဖြစ်ပြီး လိုင်ယွန်အသင်းနှင့်လည်း ပြီးခဲ့သည့် ဘောလုံးရာသီအကုန်က စာချုပ်သက်တမ်း ကုန်ဆုံးခဲ့ပြီးနောက် ကလပ်အသင်း လက်မဲ့ဖြစ်နေခြင်း ဖြစ်သည်။

အစောပိုင်းက ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဘိုတန်အနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် သတင်းများ ထွက်ပေါ်ခဲ့သော်လည်း ယခုအခါ အသင်းဟောင်း ဘိုင်ယန်မြူးနစ်အသင်းသို့သာ တစ်ရာသီစာချုပ်ဖြင့် ပြောင်းရွှေ့ကစားရန် သဘောတူညီမှုရရှိခဲ့ပြီး လက်ရှိတွင် အသင်းနှင့်ပူးပေါင်းပြီး လေ့ကျင့်မှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

**Ref : Bayern Now**
**Trs : STA**

# အာဆင်နယ်အသင်းက ဘန်ဝိုက်ကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုပြုလုပ်မည်

**လန်ဒန် အောက်တိုဘာ ၁**

အာဆင်နယ်အသင်းကအသင်းမှ ခံစစ်ကစားသမား ဘန်ဝိုက်ကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန်အတွက် မကြာမီ ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၅ နှစ်ရှိ ဘန်ဝိုက်သည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က ဘရိုက်တန်အသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်စာချုပ်သက်တမ်းမှာလည်း တစ်နှစ်သာကျန်ရှိတော့သည့်အတွက် အာဆင်နယ်အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။

ဘန်ဝိုက်သည် လက်ရှိနည်းပြအာတီတာ လက်အောက်တွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပွဲထွက်ခွင့်ရရှိနေပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ခုနစ်ပွဲလုံးပါဝင်ခွင့်ရရှိခဲ့ကာ တစ်ဂိုးသွင်းယူထားပြီး အဓိက ကစားသမားအဖြစ် ခြေစွမ်းပြသနေသူဖြစ်ကြောင်း၊ အာဆင်နယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းမှ အဓိကကစားသမားများကို အသင်းတွင် ဆက်လက်ထိန်းသိမ်းနိုင်ရန် စာချုပ်သစ်ချုပ်ဆိုမှုများ ပြုလုပ်နေပြီး ဘန်ဝိုက်မတိုင်မီကလည်း အသင်းမှ အဓိက ကစားသမားများဖြစ်သည့် ဆာကာ၊ ဂါဘရီရယ်နှင့် အိုဒီဂတ်တို့ကိုလည်း သက်တမ်းတိုးစာချုပ် ချုပ်ဆိုပြီးဖြစ်သည်။

ဘန်ဝိုက်ကိုယ်တိုင်ကလည်း အာဆင်နယ်အသင်းတွင်သာ ဆက်လက်ကစားလိုသည့်အတွက် အာဆင်နယ်အသင်း၏ စာချုပ်သစ်အတွက် ကမ်းလှမ်းမှုများကို လက်ခံပြီး မကြာမီ အပြီးသတ်စာချုပ် ချုပ်ဆိုဖွယ်ရှိကြောင်း သိရသည်။

**Ref : Fabrizio Romano**
**Trs : STA**

**ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၆) ရလဒ်**

| | | | | |
|---|---|---|---|---|
| ဒမ်စတက် | ၄ | - | ၂ | ဝါဒါဘရီမင် |
| ဖရိုင်းဘတ် | ၂ | - | ၀ | အော့စ်ဘတ် |

**အီတလီစီးရီးအေ ပွဲစဉ် (၇) ရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုလော့နာ | ၃ | - | ၀ | အမ်ပိုလီ |
| အူဒီးနီးစ် | ၂ | - | ၂ | ဂျီနိုအာ |

(၀၄၀)

# အနန္တဂိုဏ်းဝင် ဆရာများ၏ကျေးဇူးကို ဆပ်ဖူးစေလို

ဖောင်သောင်းဝင်း(တမန်ဟောင်း)




နှစ်စဉ် အောက်တိုဘာ ၅ ရက်သည် ကမ္ဘာ့ဆရာများနေ့ဖြစ်သည်။ ကမ္ဘာ့ဆရာများနေ့သည် အသိပညာ၊ အတတ်ပညာနှင့်စောင့်ထိန်းအပ်သော အကျင့်သီလသိက္ခာနှင့် ကိုယ်ကျင့်တရားတို့ကို ကောင်းမွန်အောင် သင်ကြားပြုပြင်ပေးကြသော ဆရာ၊ ဆရာမများ၏ ဂုဏ်သိက္ခာနှင့် ဂုဏ်ကျေးဇူးကို အောက်မေ့သတိရ ဖော်ထုတ်ဂုဏ်ပြုသည့် နေ့ထူးနေ့မြတ်ပင်ဖြစ်သည်။ ကျေးဇူးအနန္တနှင့်ပြည့်စုံသော ဆရာ၊ ဆရာမများကို ဂုဏ်ပြုသောအားဖြင့် ကမ္ဘာတစ်ဝန်းရှိ ဆရာများ၏ အရေးပါမှု၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာများ၏ ပါဝင်ဆောင်ရွက်နေမှုတို့ကို အသိအမှတ်ပြုသွားရန် ကမ္ဘာ့ဆရာများနေ့ကို ကျင်းပခြင်းဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်လိုလျှင် အဓိကအားဖြင့် ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ကြရသည်။ ထိုသို့ ရင်းနှီးမြှုပ်နှံရာတွင် နိုင်ငံသားများ၏ ပညာရည်အဆင့်အတန်းမြင့်မားရေးသည် များစွာအရေးပါလျက်ရှိသည်။ အထူးသဖြင့် မျိုးဆက်သစ်များ ပညာရည်မြင့်မားနေမှသာလျှင် ထိုနိုင်ငံသည် အဆင်းရဲဆုံးနိုင်ငံများစာရင်းမှ လွတ်မြောက်နိုင်မည်ဖြစ်သည်။ စင်စစ်အားဖြင့် နိုင်ငံတစ်နိုင်ငံ၏အနာဂတ်သည် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှုအဆင့်အတန်းပေါ်တွင် များစွာတည်မှီလျက်ရှိသည်။ ထိုမျိုးဆက်သစ်များ ပညာရည်အဆင့်အတန်းမြင့်မားရေးအတွက် ပညာရည်ပြည့်ဝအောင် သင်ကြားပေးသူများသည် အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများပင်ဖြစ်ကြသည်။ ကျေးဇူးရှင် ဆရာ၊ ဆရာမများအနေဖြင့် ကလေးများကို ပညာသင်ကြားပေးရာတွင် စေတနာ၊ ဝါသနာ၊ အနစ်နာ ဆိုသည့် နာသုံးနာအပြင် ရင်ဝယ်သားကဲ့သို့ မေတ္တာထား သင်ကြားပေးလေ့ရှိသည်။

**ဆရာဆိုသည်မှာ**

ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့က ထုတ်ထားသော မြန်မာအဘိဓာန်တွင် "ပညာသင်ကြားပေးသူ၊ သွန်သင်ဆုံးမနည်းလမ်းပြသူ၊ အတတ်၊ လုပ်ငန်းတစ်ရပ်ရပ်တွင်ကျွမ်းကျင်သူ"ကို ဆရာဟူ၍ ဖွင့်ဆိုထားရှိသည်။ မန်လည်ဆရာတော်၏ မဃဒေဝလင်္ကာသစ်တွင် "ရှေးရှုမေတ္တာ၊ ကရုဏာနှင့် နာနာကျင်ကျင် အပြစ်မြင်တိုင်း၊ ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်က ဆုံးမတတ်သူ၊ ဆရာဟူလော့" ဟု ဆိုထားသည်။ အမှန်စင်စစ်မှာမူ ဆရာများသည် အိုးထိန်းသည်နှင့်လည်း တူနေသည်။ ခိုင်ခံ့သော အိုးကောင်းများထွက်ရှိရေးအတွက် အိုးများကို နာနာတေပေးရသည်။ ထိုနည်းတူစွာ တပည့်များကို လူကောင်း၊ လူတော်များ ဖြစ်လာစေရေးအတွက် အမုန်းခံ၊ အပင်ပန်းခံ၊ အနစ်နာခံ သင်ကြားပြသပေးရသူများ ဖြစ်ကြသည်။

ထို့ပြင် အတတ်လည်းသင်၊ ပွဲမြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ ဆရာတို့ကျင့်ဖို့ဝတ်ငါးဖြာဆိုသော ကျင့်ဝတ်များအတိုင်း ကျင့်ကြံနေထိုင်ကြသူများမှာလည်း မြတ်ဆရာများသာ ဖြစ်ကြသည်။ ဆရာများသည် ထက္ကြ၊ နီးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှု၊ ဉာဏ်ခြောက်ခု ကြီးသူ ဂုဏ်အင်္ဂါဟူသော နာယကဂုဏ်ခြောက်ပါးနှင့်လည်း ပြည့်စုံလေ့ရှိကြသည်။ အထူးခြားဆုံးအချက်မှာ မြတ်ဆရာများသည် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟီရိ၊ ဩတ္တပ ဟူသော သူတော်ကောင်းတရားခုနစ်ပါးကိုလည်း လက်ကိုင်ထားကြသူများ ဖြစ်ကြသည်။ အမှန်စင်စစ်မှာမူ ဆရာဆိုသည်မှာ စာရေးသူတို့ကို ဘဝပန်းတိုင်သို့ ဖြောင့်ဖြောင့်ဖြူးဖြူးလှော်ခတ်နိုင်ရန်အတွက် တည့်မတ်ထိန်းကျောင်းပေးလိုက်သော ပဲ့ကိုင်ရှင်များသာ ဖြစ်ကြသည်။

လူတစ်ဦး၏ဘဝတွင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူ၍ ဆရာများစွာ ရှိနေမည်ဖြစ်သည်။ ဆရာများ သားသေဆိုသော စကားသည် ဆေးပညာရပ်နှင့်သာ သက်ဆိုင်မည်ထင်သည်။ ဆရာများစွာထံတွင် တပည့်ခံဖူးသောသူတစ်ဦးသည် ဘဝတွင်မတိုးတက်စရာအကြောင်းမရှိချေ။ ဆရာစားမချန်ဆိုသည့်စကားအတိုင်း ဆရာများသည် ကိုယ့်တပည့်များကို တတ်သိသမျှ အိတ်သွန်ဖာမှောက် သင်ကြားပြသပေးနေသည့် စေတနာရှင်များသာဖြစ်ကြသည်။ ဆရာများသည် ငွေကြေးဓန မကြွယ်ဝသော်လည်း တပည့်မရှားဘဲ ပီတိဖြင့်သာ ကျေနပ်နေသူများဖြစ်ကြသည်။

ဆရာမပြ နည်းမကျ ဆိုသောစကားသည် မြန်မာမှုနယ်ပယ်၌ တွင်ကျယ်လျက်ရှိသည်။ ဆရာမပြလျှင် ငါးပိကိုတောင် နည်းလမ်းတကျ ဖုတ်တတ်ကြမည်မဟုတ်ချေ။ လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ ဆိုသလို ကျေးဇူးရှင်မိဘနှစ်ပါးသည် စာရေးသူတို့၏ လက်ဦးဆရာများပင်ဖြစ်သည်။ မိဘနှစ်ပါးသည် သား၊ သမီးများကို ငယ်စဉ်ကတည်းက ပေါင်းသင်းဆက်ဆံရေးနှင့် သွားလာနေထိုင်ရေးအပါအဝင် လူသားတစ်ဦး လိုက်နာကျင့်သုံးအပ်သော နီတိများကို လက်ထပ်သင်ကြားပေးခဲ့သည်။ ထို့ကြောင့် မိဘများ၏ သင်ကြားပြသမှုနည်းလမ်းများအတိုင်း လိုက်နာကျင့်ကြံပြုမူ ကြိုးစားသူများသည် ဘဝတွင် အောင်မြင်မှုများ ဆွတ်ခူးနိုင်ကြသည်။ ထိုသဘောတရားကို မည်သူမျှ သံသယဝင်နေရန် လိုမည်မဟုတ်ပေ။

**အရေးပါသောသင်ပုန်းပျိုးလက်များ**

ကလေးငယ်တစ်ဦးသည် အသက် ငါးနှစ်ပြည့်လျှင် မိဘရင်ခွင်မှထွက်ကာ ပညာရည်နို့သောက်ရန် ကျောင်းစတက်ရသည်။ ကလေးငယ်တစ်ဦးသည် ကျောင်းစတင်တက်သည့်နေ့တွင် သူငယ်ချင်းအသစ်များ၊ နယ်ပယ်အသစ်တွင် စူးစမ်းစရာများစွာကို စတင် လေ့လာသင်ယူရသည်။ လက်ရှိအချိန်တွင် KG+ 9 ပညာရေးစနစ်ကို ဖော်ဆောင်နေသဖြင့် ကလေးများသည် ကျောင်းစာကို ချက်ချင်းသင်ယူကျက်မှတ်ရန် မလိုအပ်သောကြောင့် ကျောင်းနေပျော်၍ စာတော်လာကြသည်။ ထို့ကြောင့် မိဘနှစ်ပါးပြီးလျှင် KG ဆရာ၊ ဆရာမများသည် ကလေးငယ်များ ပြုစုပျိုးထောင်သည့်နေရာတွင် များစွာအရေးပါလျက်ရှိသည်။ KG ဆရာမ တစ်ဦးသည် နှလုံးသားနုနယ်သော ကလေးငယ်များကို အမျိုးမျိုးပုံသွင်းနိုင်စွမ်းရှိသည်။ ဆရာမ၏ စိတ်ဆန္ဒပေါ်တွင်သာ မူတည်နေမည်ဖြစ်သည်။ ဆိုရလျှင် KG အတန်းမှ ဆရာ၊ ဆရာမများသည် အနာဂတ်ကို အလှဆင်မည့်ပန်းများကို ပျိုးထောင်ပေးသူများပင်ဖြစ်သည်။ ဆရာ၊ ဆရာမများသည် ငွေကြေးဓန မကြွယ်ဝသော်လည်း တပည့်မရှားသဖြင့် ပီတိကိုစားပြီး အားရှိနေကြသူများသာဖြစ်သည်။ ဆရာ၊ ဆရာမများသည် စေတနာ၊ ဝါသနာ၊ အနစ်နာဆိုသော နာသုံးနာနှင့်လည်းပြည့်စုံလျက်ရှိကြသည်။ အထူးသဖြင့် အပြုသဘောဆောင်သော စိတ်ကောင်းစေတနာများ ပြည့်လျှံနေတတ်ပေသည်။

ဆရာများသည် မသိသူကိုသိအောင်၊ မတတ်သူကို တတ်အောင်၊ မကျွမ်းကျင်သူကို ကျွမ်းကျင်အောင်၊ မလိမ္မာ မယဉ်ကျေးသူကို လိမ္မာယဉ်ကျေးအောင်၊ ပညာအလင်းပွင့်အောင်၊ စွမ်းရည်ပြည့်ဝကာ ချမ်းသာရဲရင့်အောင်ပြုနိုင်သည့် မေတ္တာစေတနာအစွမ်းကြီးမားသူများဖြစ်ကြသည်။ တပည့်များကို အတတ်ပညာသင်ပေးရင်း စိတ်ထားကောင်းပြီး ကိုယ်ကျင့်တရားဖြောင့်မတ်မှန်ကန်လာစေရန်လည်း သွန်သင်ပေးတတ်သဖြင့် စာကိုလည်းသင် စိတ်ကိုလည်းပြင်ပေးသူများ ဖြစ်ကြသည်။

**အသက်ကိုပင်လျှင်စွန့်ကာ**

လက်ရှိအချိန်တွင် နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များ၊ CRPH ၊ NUG နှင့် PDF အဖွဲ့များသည် သင်ကြားရေးတာဝန် ထမ်းဆောင်နေသော ဆရာ၊ ဆရာမများကို CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်းနှင့် ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများ ပြုလုပ်လျက်ရှိသည်။ ထို့ပြင် ကလေးငယ်များ ပညာသင်ကြားရေးတွင် အခက်အခဲဖြစ်စေရန် စာသင်ကျောင်းများကို မီးရှို့ခြင်း၊ မိုင်းထောင်ခြင်း၊ ဗုံးခွဲခြင်းများပြုလုပ်ခဲ့သည့်အပြင် ဆရာ၊ ဆရာမများကိုလည်း စာပေသင်ကြားမှု မပြုလုပ်နိုင်စေရန် ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်းနှင့် နှောင့်ယှက်တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သောကြောင့် သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများဖြစ်ပေါ်ခဲ့သည်။ လူမဆန်သော လုပ်ရပ်များပင်ဖြစ်သည်။ ထိုလုပ်ရပ်မျိုးသည် ကျေးဇူးရှင် ဆရာ၊ ဆရာမများအတွက် များစွာစိတ်မကောင်း ဖြစ်ရသည်။

သို့သော် မကောင်းမှုနှင့် မတရားမှုပြုလုပ်ရမည်ကို ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိဩတ္တပ္ပတရားတို့ကို သာမန်လူတို့ထက် ပိုမိုစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမများသည် အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံကြားမှပင်လျှင် အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသော ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံအတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များ မလစ်ဟင်းရအောင် အသက်ကိုပင် ပဓာနမထားဘဲ အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိကြသည်။ စင်စစ်အားဖြင့် အရေးကြုံလာလျှင် တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ကိုပင် စွန့်လွှတ်သွားမည်ဆိုသော အနန္တောအနန္တဂိုဏ်းဝင် ကျေးဇူးရှင်များပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့အနာဂတ် မျိုးဆက်သစ်ရင်သွေးငယ်များ ပညာတတ်မြောက်စေရန် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များ ထမ်းဆောင်လျက်ရှိသော ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသား တစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် တတ်အားသရွေ့ပူးပေါင်းဆောင်ရွက်သွားသင့်ပေသည်။

မြန်မာ့ယဉ်ကျေးမှုအစဉ်အလာအရ ဆရာတို့၏ ဂုဏ်ကျေးဇူးကို အသိအမှတ်ပြု ရိုကျိုးပူဇော်ခဲ့သည်မှာ ရှေးဘိုးဘေးစဉ်ဆက်ကတည်းကပင်ဖြစ်သည်။ ကမ္ဘာ့ဆရာများနေ့တွင် ဆရာအပေါင်းတို့ကို ဂါရဝေါစ၊ နိဝါတောစ၊ ကတညုတာ၊ ကတဝေဒီ ဟူသည့် မင်္ဂလာတရားတော်နှင့်အညီ ရိုသေထိုက်သူကို ရိုသေခြင်း၊ မိမိကိုယ်ကိုနှိမ့်ချခြင်း၊ သူ့ကျေးဇူးကိုသိတတ်ခြင်း၊ ကျေးဇူးသိမှတ် တုံ့ဆပ်ခြင်းဖြင့် မြတ်ဆရာတို့၏ ဂုဏ်ကျေးဇူးကို ချီးကျူးဂုဏ်ပြု ထုတ်ဖော်သွားကြရမည်ဖြစ်ပေသည်။

❖ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာအရ ဆရာတို့၏ ဂုဏ်ကျေးဇူးကို အသိအမှတ်ပြု ရိုကျိုးပူဇော်ခဲ့သည်မှာ ရှေးဘိုးဘေးစဉ်ဆက်ကတည်းကပင်ဖြစ်သည်။ ကမ္ဘာ့ဆရာများနေ့တွင် ဆရာအပေါင်းတို့ကို ဂါရဝေါစ၊ နိဝါတောစ၊ ကတညုတာ၊ ကတဝေဒီ ဟူသည့် မင်္ဂလာတရားတော်နှင့် အညီ ရိုသေထိုက်သူကို ရိုသေခြင်း၊ မိမိကိုယ်ကိုနှိမ့်ချခြင်း၊ သူ့ကျေးဇူးကို သိတတ်ခြင်း၊ ကျေးဇူးသိမှတ် တုံ့ဆပ်ခြင်းဖြင့် မြတ်ဆရာတို့၏ဂုဏ် ကျေးဇူးကို ချီးကျူးဂုဏ်ပြု ထုတ်ဖော်သွားကြရမည်ဖြစ်ပေသည်။ ❖

စင်စစ်အားဖြင့် မြန်မာလူမှုအသိုက်အဝန်းတွင် ဆရာ၊ ဆရာမများသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ဆရာမပြ နည်းမကျ ဆိုသလို ဆရာ၊ ဆရာမများသည် တပည့်များ၏စံပြပုဂ္ဂိုလ်များပင်ဖြစ်သည်။ ထို့ပြင် တိုင်းပြည်တည်ဆောက်ရာတွင်လည်း အခရာကျလျက်ရှိသည်။ မည်သို့ပင်ဆိုစေကာမူ ဆရာ၊ ဆရာမများသည် အနန္တဂိုဏ်းဝင်များဖြစ်နေကြသဖြင့် ဆရာ့ကျေးဇူးကို တတ်နိုင်သမျှ ဆပ်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# Weflex Production က ရိုက်ကူးထုတ်လုပ်သည့် အိမ်မြှောင် ရုပ်ရှင်ဇာတ်ကား ရန်ကုန်တိုင်းဒေသကြီးတွင် ရိုက်ကူးနေ




**ရန်ကုန် အောက်တိုဘာ ၁**

Weflex Production က ရိုက်ကူးထုတ်လုပ်သည့် အိမ်မြှောင် ရုပ်ရှင်ဇာတ်ကား ရန်ကုန်တိုင်းဒေသကြီးတွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးနေပြီဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ပုံဖော်ရိုက်ကူးသည့် ဒါရိုက်တာ သားညီက ပြောပြ၍ သိရသည်။

Weflex Production က ပွဲဦးထွက် ရိုက်ကူးတင်ဆက်သည့် အိမ်မြှောင် ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းကို မိုးက ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ သားညီက ပုံဖော်ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

"အိမ်မြှောင် ရုပ်ရှင်ဇာတ်ကားလေးက ကျွန်တော်နဲ့ Weflex ထုတ်လုပ်ရေးတို့ ပထမဆုံးပူးပေါင်းရိုက်ကူးတဲ့ ဇာတ်ကားလေးပါ။ ဒီဇာတ်ကားက သရဲဟာသဇာတ်ကားပုံစံလေးကိုမှ ထူးခြားမှုလေးတွေပါပါတယ်။ ထိတ်လန့်စရာလေးကတော့ လျှို့ဝှက်ထားချင်ပါသေးတယ်။ ကျွန်တော် ရုပ်ရှင်ဇာတ်ကားနဲ့ပတ်သက်ပြီး အကောင်းဆုံးကြိုးစား ရိုက်ကူးသွားမှာပါ"ဟု ဒါရိုက်တာသားညီက ပြောပြသည်။

အိမ်မြှောင် ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာ ၃၀ ရက်မှစတင်ကာ ရန်ကုန်တိုင်းဒေသကြီးတွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးနေကြောင်း၊ အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ကျော်ကျော်ဗိုလ်၊ မေမြင့်မိုရ်၊ ထွန်းပုလဲရတနာ၊ အေမီချာန်၊ ဂျိုကာ၊ ကေညီ၊ မိုးညို၊ ကလေးသရုပ်ဆောင် ဇေရီဇော် နှင့်အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင် ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

ASH

# Mahar Application မှ ထုတ်လွှင့်ပြသမည့် မေတ္တာမုန်တိုင်း ဇာတ်လမ်းတွဲမိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁**

Mahar Application မှ အောက်တိုဘာ ၆ ရက်တွင် စတင်ထုတ်လွှင့်ပြသမည့် မေတ္တာမုန်တိုင်း ဇာတ်လမ်းတွဲ မိတ်ဆက်ပွဲကို စက်တင်ဘာ ၃၀ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ Junction City JCGV ရုပ်ရှင်ရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

Mahar Application က ထုတ်လွှင့်ပြသမည့် မေတ္တာမုန်တိုင်း ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို လုံမက ရေးသားထားပြီး ဇာတ်ညွှန်းကို ရွှေရည်ရွှန်းလဲ့က ရေးသားထားကာ ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်က ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲလေး ကမ်းလှမ်း လာချိန်မှာ ဇာတ်လမ်းလေးက




အတော်ကောင်းတာကော ဦးညီ (ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်)နဲ့ ရိုက်ကူးရမှာဖြစ်တဲ့အတွက် လက်ခံဖြစ်တာပါ။ ဦးညီ ဆီကနေလဲ သရုပ်ဆောင်ပိုင်းနဲ့ပတ်သက်ပြီး အများကြီးသင်ယူခွင့်ရခဲ့ပါတယ်။ ဒီဇာတ်လမ်းလေးက ဇာတ်လမ်းလေးဆန်းသလို အားလုံးကလဲ သေချာကြိုးစားထားတဲ့ ဇာတ်လမ်းလေးမို့ ထုတ်လွှင့်ပြသတဲ့အခါ အားပေးကြပါအုံး" ဟု သရုပ်ဆောင် ရတနာဗိုလ်က ပြောပြသည်။

မေတ္တာမုန်တိုင်း ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ကောင်းပြည့်၊ ချမ်းမင်းရဲထွဋ်၊ ရတနာဗိုလ်၊ ဖုန်းသီရိကျော်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကာ အပိုင်း (၂၀) ခန့်ရှိမည်ဖြစ်ကြောင်း သိရသည်။

ASH

# စလင်းမြို့နယ် တောင်ဘိုရွာသစ်ကျေးရွာတွင် ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**စလင်း အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ တောင်ဘိုရွာသစ်ကျေးရွာတွင် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် အဆိုပါလုပ်ငန်းကို တာဝန်ယူဆောင်ရွက်သော ကုမ္ပဏီမှ တာဝန်ရှိသူများ၊ တောင်ဘိုရွာသစ်ကျေးရွာ သောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်အတူ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေကျပ် ၂၇ ဒသမ ၃၃၅ သန်းဖြင့် တောင်ဘိုရွာသစ်ကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေမြှုပ်ပန့်တပ်ဆင်ခြင်း လုပ်ငန်းများကို စေတနာ့ချင်းတိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီကတာဝန်ယူ၍ ယခုနှစ် ဇွန် ၁၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်၍ အဆိုပါကျေးရွာနေပြည်သူများနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေ လုံလောက်စွာရရှိပြီး နွေကာလများတွင် ရေရှားပါးသည့် အခက်အခဲများ အဆင်ပြေသွားမည်ဖြစ်ကြောင်း သိရသည်။

**ငယ်လေး**

# The Marvels ဇာတ်ကား ပြသချိန်အတိုဆုံး စူပါဟီးရိုးဇာတ်ကားဖြစ်လာမည်

**နယူးယောက် အောက်တိုဘာ ၁**

မာဗယ်စတူဒီယို၏ The Marvels ဇာတ်ကားသည် မာဗယ်စူပါဟီးရိုး ဇာတ်ကားများအနက် ပြသချိန် အတိုဆုံး စူပါဟီးရိုးဇာတ်ကားဖြစ်လာမည်ဖြစ်ကြောင်း စက်တင်ဘာ ၃၀ ရက် သတင်းများအရ သိရသည်။

The Marvels ဇာတ်ကား၏ ပြသချိန်စုစုပေါင်းသည် ၁ နာရီနှင့် ၄၅ မိနစ် (၁၀၅ မိနစ်)သာ ကြာမြင့်ကြောင်း မာဗယ်စတူဒီယို တာဝန်ရှိသူများက ပြောကြားသည်။

သို့ဖြစ်ရာ The Marvels ဇာတ်ကားသည် မာဗယ်စူပါဟီးရိုးဇာတ်ကားပေါင်း ၃၂ ကားအနက် ပြသချိန် အတိုဆုံးဇာတ်ကားဖြစ်လာခဲ့သည်။

ယခင်က မာဗယ်စူပါဟီးရိုး ရုပ်ရှင်ဇာတ်ကားများအနက် ပြသချိန် အတိုဆုံးဇာတ်ကားများမှာ The Incredible Hulk နှင့် Thor ဇာတ်ကားဖြစ်ပြီး ပြသချိန် ၁၁၂ မိနစ်စီ အသီးသီးရှိသည်။

The Marvels ဇာတ်ကားကို ဒါရိုက်တာ နီယာဒါကိုစတာက တာဝန်ယူ ရိုက်ကူးပေးထားပြီး မင်းသား ပက်ဆိုဂျွန်၊ မင်းသမီး ဘရီလာဆင်တို့ ပါဝင်သရုပ်ဆောင်ထားပြီး အဆိုပါဇာတ်ကားကို ယခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် ရုံတင်ပြသရန် မာဗယ်စတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။

**Ref: Screen Rant**

**Trs: KKO**



# Sherlock Holmes-3 ဇာတ်ကား ထုတ်လုပ်မှုလုပ်ငန်း ဆက်လက်ဆောင်ရွက်နေဆဲဖြစ်

**နယူးယောက် အောက်တိုဘာ ၁**

Sherlock Holmes-3 ဇာတ်ကား ထုတ်လုပ်မှုလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ကြောင်း ထုတ်လုပ်သူများက ဟောလိဝုဒ်သတင်းဝက်ဘ်ဆိုက်များကို စက်တင်ဘာ ၃၀ ရက်တွင် အတည်ပြုပြောကြားထားသည်။


နှောင့်နှေးကြန့်ကြာမှုများ ရှိနေသော်ငြား မိမိတို့အနေဖြင့် Sherlock Holmes -3 ဇာတ်ကား ထုတ်လုပ်မှုကို ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ကြောင်း ထုတ်လုပ်သူ ဆူစန်ဒေါင်နေးက ထုတ်ဖော်ပြောကြားခဲ့ကြောင်း၊ အဆိုပါဇာတ်ကားတွင် မင်းသား ရောဘတ်ဒေါင်နေးဂျူနီယာနှင့် ဂျူလောတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ပထမဆုံးရိုက်ကူးရုံတင်ခဲ့သည့် Sherlock Holmes ဇာတ်ကား နှစ်ကား အောင်မြင်မှုရရှိခဲ့ပြီးနောက် Sherlock Holmes -3 ကို ဆက်လက်ရိုက်ကူးရန် ဝါနာဘရားသားကုမ္ပဏီက စီစဉ်ထားခြင်းဖြစ်သည်။

Sherlock Holmes -3 သည် Sherlock Holmes : A Game of Shadows ဇာတ်ကား (2011) ၏ နောက်ဆက်တွဲဇာတ်ကားဖြစ်ပြီး ဒါရိုက်တာ ဒက်စတာဖလက်ချာ ရိုက်ကူးမည့် Sherlock Holmes-3 ရုံတင်မည့်ရက်ကို ဝါနာဘရားသားကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Movieweb**

**Trs : KKO**



# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win delivers address at the ceremony to mark 59th Anniversary of MPF Day



Vice-Senior General Soe Win delivers address at the ceremony to mark 59th Anniversary of Myanmar Police Force Day.

**Nay Pyi Taw October 1**

The 59th Anniversary of Myanmar Police Force Day was marked at Myanmar International Convention Centre-II in Nay Pyi Taw at 9 am today, with an address by Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present at the ceremony were SAC members, Union ministers, union-level officials, senior military officers, deputy minsiters, diplomats, guests from international organizations, departmental heads, those from women's affairs and related organizations, the chief of Myanmar Police Force and members, retired senior police officers and officials.

First, they saluted the flag of the Republic of the Union of Myanmar and took a one-minute slience in memory of fallen police members.

On the occasion, the Vice-Senior General said that Myanmar police force was reformed in the post-independence era, and it was identified the People's Police Force on 1 October 1964 and designated as the Police Force Day. On 1 October 1995, it was renamed the Myanmar Police Force. MPF has been reformed to have form and essence for serving the public interests under its theme on loyalty, concentration and bravery. Now, it falls the 59th anniversary of MPF Day.

The Vice-Senior General stressed that MPF has to join hands with the Tatmadaw in emphasizing peace and stability of the Union and rule of law for ensuring safety of socioeconomic life of the people in successfully implementing five-point roadmap and nine objectives. In this regard, Myanmar Police Force has to serve four missions on security and community peace and tranquility, rule of law, prevention of narcotic drugs, and public welfare tasks.

Transnational crime is a challenge for development of political, economic and social development of the people and State security and a threat for human security. These crimes are difficult to be solved by a single country. So, many countries are to cooperate with each other in combating these crimes.

In 2023, the Myanmar-Thailand-China transnational crime combating meeting took place in Bangkok and Mae Sot of Thailand to conduct the pilot operation against forced labour to commit online scam. They also effective cooperate with each other in combating the online scam cases from 1 April to 16 June 2023, taking action against 76 suspects in 199 online scam cases and 134 suspects in 58 online gambling cases.

Myanmar is closely cooperating with international organizations to combat danger of narcotic drugs. During the period from 2013 to 2022, Myanmar conducted special operations against narcotic drugs 38 times and is conducting the Operation 39 to prevent illegal import of prohibited precursor chemicals. From 1 January to 31 August 2023, Myanmar arrested 5,974 suspects in 4,380 cases with narcotic drugs and related accessories used in refining drugs worth More than K623 billion.



Vice-Senior General Soe Win presents award to a member of MPF.

Moreover, seized 108 items of narcotic drugs, precursor chemicals and related accessories worth more than K936.723 billion (US$446.058 million) were incinerated to mark the 36th International Day against Drug Abuse and Illicit Trafficking which fell on 26 June 2023.

Currently, human trafficking applies advancement of internet technologies across the world, human traffickers recruits new victims as part of new forms of trafficking in person. Myanmar enacted new anti-trafficking in person law on 16June 2022 for effectively taking action against human traffickers. During the period from 2006 to August 2023, a total of 2,245 human trafficking cases were exposed and 6,516 suspects arrested. Moreover, Myanmar is combating regional human trafficking cases and the projects on prevention of human traffickers in cooperation with INTERPOL and ASEANPOL.

It is learnt that financial crimes and cybercrimes including money laundering is a threat at the global highest level. Therefore, to combat the money laundering and financing of terrorism, Myanmar Police Force is to give special consideration on working together with relevant partners of the Myanmar Central Bank, the Anti-Corruption Commission, law enforcement organizations and judiciary teams.

Recognizing the Myanmar Police Force members' performance, orders and medals on courage and performance of Myanmar Police Force are scrutinized and awarded. I like to reiterate that the perseverance, diligence, spirit and endeavor of MPF members who lost life and sacrificed limbs on duty are honoured and recognized.



Vice-Senior General Soe Win presents award to a member of MPF.

Orders and medals on courage and performance of MPF were awarded during Oct 1, 2022 and Oct 1 of 2023. Seven medals of Wunna Kyaw Htin, one badge of Ye Thiha, 19 badges of Ye Thura, 36 badges of Ye Bala, one badge of Ye Thurein, 5 of Ye Kyaw Thu were awarded and one outstanding public badge, 330 of good police service badge 829 of state police badge, 1910 of Myanmar Police Force Joint Combat Badge,25 of Outstanding Public Service Badge, 57 of Public Service Badge, 4167 of Peace and Development Badge, 7388 in total, as well.

Building the Myanmar Police Force with the objectives of having patriotism, ability, modernization, the State provides necessary things to them. Each and every one of MPF is to maintain their ability from time to time with a sense of sympathy and honesty to ensure security and safety of the entire society. In taking measures to ensure rule of law and security of the entire union, it is necessary to expose the convicted persons every hour working together with people and take effective action against them in accordance with the procedure. I like to urge all the MPF members to be dutiful in order that the MPF will be respected by the entire people. To do so, all the MPF members at different levels need to work in unity without any form of discrimination.

MPF members at different levels are urged to focus on the law and protocol with skill of police work and a sense of stability in mind and correctness when discharging duties to safeguard the interests of the people and to win the respect of the entire people.

Then, the video clip of the anniversary of the 59th Myanmar Police Force was shown.

Afterwards, the Vice-Senior General presented awards See page 13


Vice-Senior General Soe Win views equipment on display.


Vice-Senior General Soe Win views an exhibit.

From page 12

and orders to four MPF members and Union Minister for Home Affairs Lt-Gen Yar Pyae six persons including four members of MPF.

Then, the Vice-Senior General had a documentary photo taken with the attendees and viewed the exhibits displayed on the anniversary event.

Next, Deputy Minister of Home Affairs and Head of Myanmar Police Force Lt-Gen Ni Lin Aung addressed the speech to mark the Myanmar Police Force's anniversary and presented certificates of promotion to the outstanding members of MPF.

Later, the deputy heads of MPF presented performance and promotion certificates to the MPF staff, wife of the Head of MPF and wives of the deputies' certificates of woman performance and gifts as well. 100

# Traveller arrival exceeds 960,000 including more than 40,000 international tourists in Shan State from January to August 2023


Tourists riding a boat in Inlay Lake.

**Taunggyi October 1**

More than 960,000 local and international travellers visited Shan State within eight months from January to August 2023, more than 40,000 of who are international travellers, said U Htin Aung Naing, director of Shan State Directorate of Hotels and Tourism.

Such an amount of traveller arrivals exceeded more than 300,000 rather than the same period of 2022.

"Shan State is the most attractive to travellers in Myanmar. Especially, those travellers pay visits to southern Shan State such as Taunggyi, Kalaw, Pindaya and Inlay. From January to August 2022, more than 660,000 local and international travellers paid visits to Shan State, compared with more than 960,000 in 2023, exceeding more than 40,000," said the director.

Shan State facilitates more than 400 hotels, motels and lodges to accommodate travellers. So, the southern Shan State can give accommodation to the travellers round the year. Currently, local authorities conduct the language courses on Chinese and Russian as well as hospitality courses to staff from hotels and motels in Shan State.

ASH

# Minbu District completes cultivation of more than 13,000 acres of green gram

**Minbu October 1**

More than 13,000 acres of croplands have been placed under green gram in Minbu District of Magway Region on 20 September in 2023-24 monsoon season, with the aim of yielding 20 baskets per acre, according to Minbu District Agriculture Department.

Green gram has been cultivated in Minbu, Pwintbyu, Ngaphe, Salin and Sedoktara townships.

"Local farmers grew green gram in five townships of Minbu District to meet the target production. Minbu Township put green gram on 5,923 acres of croplands, Pwintbyu Township 1,170 acres, Salin Township 5,795 acres, Sedoktara Township 32 acres and Ngaphe Township 108 acres, accounting for 100 per cent on 20 September," said Head of the District Agriculture Department U Hla Moe.

This monsoon, local farmers in townships of Minbu District cooperate with relevant agriculture departments to have high yield of crops such as paddy, sesame, groundnut, green gram, pigeon pea, sunflower and long staple cotton and so on to meet the target yields. Officials from the relevant departments distributed quality seeds of crops to farmers as well as agricultural techniques for having higher per-acre yield of crops this year.

Po Htet (Minbu)


A green gram plantation.

# Onion from various regions fetches K3,000 per viss in Mandalay market

**Mandalay October 1**

Onions from various regions flow into Thiri Marlar green grocery market in Aungmyethazan District of Mandalay, and they fetch K3,000 per viss in the market, said U Aung Moe Naing, owner of Aung brokerage in Mandalay.

Currently, some 3 to 4 truckloads of onion from various regions flow into Mandalay market on a daily basis. So, the prices of onion are ranged from K1,300 to K3,000 per viss.

"As various regions yield onions competitively, the large volume of onion enters the market daily. But, onion trading is booming in the market, benefiting farmers. Moreover, tomato, cabbage, potato, mustard, bean, bitter gourd, white mustard, carrot and other crops are also active in the market," he added.

Local farmers in Myingyan, Myittha, Yesagyo, Monywa, Seikpyu, Pakokku and Taungtha regions grow onion twice a year in monsoon and summer. Thiri Marlar green grocery market is open as usual for trading crops. At present, green grocery trucks are regularly flowing into the market.

185

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ဂျာမနီနိုင်ငံက လေဆာလက်နက်သရုပ်ပြစနစ်ကို ပင်လယ်ပြင်စမ်းသပ်မှု အောင်မြင်စွာပြုလုပ်နိုင်ခဲ့



ဂျာမနီရေတပ်သည် ၎င်း၏လေဆာလက်နက်သရုပ်ပြစနစ် (LWD) ကို Sachsen F-124 လေကြောင်းရန်ကာကွယ်ရေးဖရီးဂိတ်သင်္ဘောပေါ်တွင် စမ်းသပ်မှုအောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း www. thedefensepost.com သတင်းဌာနက စက်တင်ဘာ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

LWD လေဆာလက်နက်သည် မတူညီသော ပစ်မှတ်များဖြင့် လက်တွေ့ကျသော တိုက်ပွဲဝင်လုပ်ဆောင်နိုင်မှုအခြေအနေများအောက်တွင် ၎င်း၏လုပ်ဆောင်နိုင်စွမ်းကို သက်သေပြပြီး အပိုင်း ခြောက်ပိုင်းတွင် စမ်းသပ်ပစ်ခတ်မှုပေါင်း ၁၀၀ ကျော်ကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့သည်။

လေဆာလက်နက်စနစ်ကို ဒရုန်းများ၊ အမြန်သွားလှေများနှင့် ဒုံးကျည်များထံမှ တာတိုခြိမ်းခြောက်မှုများကို တန်ပြန်ဖျက်ဆီးနိုင်ရန် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ထပ်ဆင့်မွမ်းမံမှုများတွင် Supersonic ဒုံးကျည်များ၊ မော်တာနှင့်အမြောက်ကျည်များကို တန်ပြန်တိုက်ခိုက်နိုင်ရန် စွမ်းဆောင်ရည် အဆင့်မြှင့်တင်မှုများပြုလုပ်ထားသည်ကို တွေ့မြင်နိုင်သည်။ LWD ထုတ်လုပ်သူ Rheinmetall သည် စနစ်၏ တိုက်ပွဲဝင်အသင့်ဖြစ်မှုကို သက်သေပြရန် ပြုလုပ်ခဲ့သောစမ်းသပ်မှုများနှင့်ပတ်သက်၍ အသေးစိတ် အချက်အလက်များကို မျှဝေခဲ့သည်။

၎င်းတွင် ထောက်လှမ်းခြင်းနှင့် ခြေရာခံခြင်း (အလွန်လျင်မြန်သောပစ်မှတ်များအပါအဝင်)မှသည် ကဏ္ဍပေါင်းစုံပါဝင်သည်။ အာရုံခံကိရိယာများ၊ အမိန့်ပေးမှုနှင့် လက်နက်အားတိုက်ပွဲဝင်မှုစနစ်များ၊ အကျိုးသက်ရောက်မှုများ၏ အပြန်အလှန်အကျိုးသက်ရောက်မှု၊ ဖြစ်နိုင်ခြေရှိသော တိုက်ခိုက်ရေးစည်းမျဉ်းများ အစရှိသည်တို့နှင့်အတူ စွမ်းအင်မြင့်မားသော လေဆာရောင်ခြည်ဖြင့် ပစ်မှတ်များကို အောင်မြင်စွာ တိုက်ပွဲဝင်နိုင်ခဲ့သည်ဟု ကာကွယ်ရေးကုမ္ပဏီက ပြောကြားခဲ့သည်။

ဒရုန်းကိုပစ်ချခြင်းအပါအဝင် လက်နက်၏စွမ်းရည်များကို ဂျာမနီ၏ဖက်ဒရယ်စစ်လက်နက်၊ ကာကွယ်ရေးနှင့် စစ်ဘက်ဆိုင်ရာအေဂျင်စီများမှ အဆင့်မြင့်ကိုယ်စားလှယ်များကို ထုတ်ဖော်ပြသခဲ့သည်။

ဗြိတိသျှ၊ နယ်သာလန်နှင့် နော်ဝေ ရေတပ်တို့မှ ကိုယ်စားလှယ်များလည်း တက်ရောက်လေ့လာခဲ့ကြသည်။

စမ်းသပ်သရုပ်ပြခဲ့သည့် လေဆာလက်နက်စနစ်ကို Meppen ရှိ Bundeswehr Technical Center 91 ဌာနချုပ်သို့ ပြောင်းရွှေ့နေရာချထားရန် သတ်မှတ်ထားပြီး ၎င်းတွင် နောက်ထပ်စနစ်ပိုင်းဆိုင်ရာစွန့်စားရမှု၊ လျှော့ချရေးစမ်းသပ်မှုများနှင့် ခွဲခြမ်းစိတ်ဖြာမှုများ ဆက်လက်ပြုလုပ်သွားဦးမည်ဖြစ်သည်။

LWD လေဆာလက်နက် ဖွံ့ဖြိုးတိုးတက်မှုသည် ကမ္ဘာ့နိုင်ငံများစွာ၏ လေဆာစွမ်းရည်များ အရှိန်တိုးမြှင့်လုပ်ဆောင်လာခြင်းနှင့် တိုက်ဆိုင်နေသည်။ ယခင်က အမေရိကန်နိုင်ငံသည် Arleigh Burke-Class ဖျက်သင်္ဘော USS Preble တွင် ၎င်း၏ လေဆာအခြေခံ HELIOS စနစ်ကို တပ်ဆင်အသုံးပြုနိုင်ခဲ့ကြောင်းကြေညာခဲ့ဖူးသည်။

**Germany Completes Sea Trials for Laser Weapon ကိုဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်ထုတ် F-35 တိုက်လေယာဉ် ၂၄ စင်း ချက်သမ္မတနိုင်ငံ ဝယ်ယူမည်

ချက်သမ္မတနိုင်ငံသည် အမေရိကန်ထုတ် F-35 တိုက်လေယာဉ် ၂၄ စင်းကို ဝယ်ယူမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် Petr Fiala က သတင်းထောက်များကိုပြောကြားခဲ့သည်ဟု www.thedefensepost.com သတင်းဌာနက စက်တင်ဘာ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

"ပထမဆုံး F-35 တိုက်လေယာဉ်တွေဟာ ၂၀၂၉ ခုနှစ်မှာ အဆင်သင့်ဖြစ်မှာဖြစ်ပြီး လေယာဉ်မှူးတွေက အမေရိကန်မှာ တိုက်လေယာဉ်တွေနဲ့အတူ လေ့ကျင့်မှုတွေ စတင်မှာပါ"ဟု Fiala က ပြောကြားခဲ့သည်။

F-35 တိုက်လေယာဉ်များသည် ချက်သမ္မတနိုင်ငံသို့ ၂၀၃၁ ခုနှစ်တွင် ပထမဆုံးအသုတ်အနေဖြင့် ရောက်ရှိမည်ဖြစ်ပြီး ၂၀၃၅ ခုနှစ်တွင် တိုက်လေယာဉ် ၂၄ စင်းစလုံး ပိုင်ဆိုင်သွားနိုင်လိမ့်မည်ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

တိုက်လေယာဉ်များအတွက် စုစုပေါင်းဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး Jana Cernochova က ပြောကြားခဲ့သည်။

"လေယာဉ်တွေ ခဲယမ်းမီးကျောက်တွေ၊ Simulators၊ လေ့ကျင့်ရေးနဲ့ တခြားဆက်စပ်ပစ္စည်းတွေကို ၂၀၃၄ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၇၁ ဘီလီယံ ပေးချေသွားမှာပါ"ဟု Cernochova က သတင်းထောက်များကို ပြောကြားခဲ့သည်။

ကျန်ငွေကြေးများသည် ဥပမာအားဖြင့် လောင်စာဆီနှင့် အခြေခံအဆောက်အအုံများအတွက် အကျုံးဝင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

ချက်သမ္မတနိုင်ငံ စစ်ဘက်သည် လက်ရှိတွင် ဆွီဒင်ထုတ် Gripen တိုက်လေယာဉ် ၁၄ စင်းကို တပ်ဖြန့်အသုံးပြုထားပြီး အငှားချထားမှုသည် ၂၀၂၇ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။

လာမည့်နှစ်မှစတင်ကာ အစိုးရသည် ၎င်း၏ NATO အဖွဲ့ ကတိကဝတ်နှင့်အညီ ပြည်တွင်းထုတ်ကုန်စုစုပေါင်း၏ နှစ်ရာခိုင်နှုန်းကို ကာကွယ်ရေးအတွက် သုံးစွဲရန် စီစဉ်ထားသည်။

"ကျွန်တော်တို့ရဲ့ ကာကွယ်ရေးအတွက် NATO မဟာမိတ်တွေနဲ့ ဆက်ဆံရေးကို မြှင့်တင်ဖို့အရေးကြီးပါတယ်။ ဒီအဆင့်နဲ့ဆိုရင် ကျွန်တော်တို့တိုင်းပြည်ရဲ့ ကာကွယ်ရေးကို အလေးအနက်ထားပြီး သူတို့က ကျွန်တော်တို့နဲ့အတူ လက်တွဲလုပ်ဆောင်လို့ရတယ်ဆိုတာကို သူတို့တွက်ဆလို့ရပါပြီ" ဟု Fiala က ပြောကြားခဲ့သည်။



**Czech Republic to Buy 24 US-Made F-35 Fighter Jets ကို ဘာသာပြန်ဆိုထားပါသည်။**

## အီရန်နိုင်ငံက စစ်ဘက်ဆိုင်ရာပုံရိပ်ဖော်ဂြိုဟ်တုသစ်ကို အောင်မြင်စွာလွှတ်တင်နိုင်ခဲ့

အီရန်နိုင်ငံ အစွလာမ်မစ်တော်လှန်ရေးအစောင့်တပ် (IRGC) သည် စစ်ဘက်ပုံရိပ်ဖော်ဂြိုဟ်တုသစ်ကို စက်တင်ဘာ ၂၇ ရက်တွင် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာက ရေးသားဖော်ပြခဲ့သည်။

အနောက်တိုင်းနိုင်ငံများထံမှ စိုးရိမ်မှုကို ဖြစ်ပေါ်စေသည့် ၎င်း၏ အာကာသနည်းပညာဆိုင်ရာ နောက်ဆုံးထုတ်ဖော်ပြသမှုတွင် အဆိုပါဂြိုဟ်တုသစ်ကို



ထည့်သွင်းပြသခဲ့သေးသည်။

Nour-3 ပုံရိပ်ဖော်ဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက် ကီလိုမီတာ ၂၈၀ အကွာတွင် အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ကြောင်း အီရန်နိုင်ငံ ဆက်သွယ်ရေးဝန်ကြီး Issa Zarepour ၏ပြောကြားချက်ကို ကိုးကား၍ IRNA သတင်းဌာနက ဖော်ပြခဲ့သည်။

၎င်းကို ၂၀၂၂ ခုနှစ်တွင် Nour-2 နှင့် ၂၀၂၀ ပြည့်နှစ်တွင် Nour-1 တို့ကို လွှတ်တင်ခဲ့ပြီးဖြစ်သော အဆင့်သုံးဆင့်ရှိ Qased ဂြိုဟ်တုသယ်ဆောင်သည့် အာကာသယာဉ်ဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း Issa Zarepour က ပြောကြားခဲ့သည်။

အဆိုပါ ဂြိုဟ်တုလွှတ်တင်မှုကို အီရန်နိုင်ငံ လက်နက်ကိုင်တပ်ဖွဲ့များ၏ လက်ရုံးတပ်ဖွဲ့တစ်ခုဖြစ်သော အစွလာမ်မစ်တော်လှန်ရေးအစောင့်တပ် (IRGC) ၏ လေကြောင်းနှင့်အာကာသတပ်ဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ဂြိုဟ်တုသစ်သည် တော်လှန်ရေးအစောင့်တပ်ဖွဲ့များအား ၎င်းတို့၏ထောက်လှမ်းရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးစွမ်းနိုင်စေမည့် ယခင်မျိုးဆက်များထက် ပိုမိုကြည်လင်ပြတ်သားသော ရုပ်ပုံများကို ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း အစိုးရရုပ်သံလွှင့်ဌာနသို့ IRGC တပ်မှူး Hossein Salami က ပြောကြားသည်။

အီရန်နိုင်ငံသည် နျူကလီးယားထိပ်ဖူးတပ်ဆင်ထုတ်လုပ်ထားသော ဒုံးကျည်များအပါအဝင် တူညီသည့်နည်းပညာကို ပဲ့ထိန်းဒုံးကျည်များအတွက် အသုံးပြုနိုင်ကြောင်း အမေရိကန်က သတိပေးထားသည်။ အခြားသော အနောက်နိုင်ငံ အစိုးရများက အလားတူ စိုးရိမ်မှုမျိုးထုတ်ဖော်ပြောဆိုခဲ့ကြသည်။

အီရန်သည် နျူကလီးယား လက်နက်များကို ပိုင်ဆိုင်ရန် ကြိုးပမ်းနေခြင်းမဟုတ်ကြောင်း၊ ၎င်း၏ ဂြိုဟ်တုနှင့် ဒုံးကျည်ပစ်လွှတ်မှုသည် အရပ်ဘက် သို့မဟုတ် ကာကွယ်ရေး(ခံစစ်)အတွက်သာဖြစ်ကြောင်း တုံ့ပြန်ပြောကြားထားသည်။

ယခင်က ဂြိုဟ်တုလွှတ်တင်ရာတွင် မအောင်မြင်မှုများစွာ၊ အခက်အခဲများဖြင့် ရင်းကန်ခဲ့ရပြီး ၎င်း၏ပထမဆုံး စစ်ဘက်ဂြိုဟ်တု Nour-1 ကို ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။

**Iran Says It 'Successfully' Launched New Military Satellite ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၉၉၄ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၉၉၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၁၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၉၉၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရေဦးမြို့နယ်မှာ နှမ်း ၉၁၁ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၂၉၉၄ ဧက စိုက်ပျိုးပြီးစီးပါပြီ။ နှမ်းစိုက်ပျိုးမှုက လက်ရှိမှာတော့ လျာထားဧကထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့တယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP စနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက နှမ်းကို ၂၀၂၂ ခုနှစ် မေလမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၉၁၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

နှမ်းစိုက်ပျိုးမှု တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP စနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလျက်ရှိကြောင်း သိရသည်။

GAPစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင် သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်းကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးသည့်တောင်သူများအနေဖြင့် အကျိုးစီးပွား ပိုမိုဖြစ်ထွန်းကြောင်း ရေဦးခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# စလင်းမြို့နယ် ဒေါင့်ဘိုးကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**စလင်း အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းပေါ်များပြီး ဝင်ငွေရလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဒေါင့်ဘိုးကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ် သင်တန်းဆင်းပွဲကို စက်တင်ဘာ ၃၀ ရက်က အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းသူများအနေဖြင့် သင်တန်းမှ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးမှုများကို အကျိုးရှိအောင် လက်တွေ့ အသုံးချစေလိုကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် တာဝန်ရှိသူများက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းကို ဒေါင့်ဘိုးကျေးရွာမှ သင်တန်းသူဦးရေ ၃၀ တက်ရောက်ပြီး သင်တန်းကို စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်ထိ တစ်လကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**သန်းသန်းစိုး**

# မိုးမိတ်မြို့နယ် ရွှေသဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိုးမိတ် အောက်တိုဘာ ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ရွှေသဲကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ရွှေသဲကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ရွှေသဲကျေးရွာတွင် အရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၂၉ ဒသမ ၃ သိန်း စုစုပေါင်းငွေကျပ် ၁၇၉ ဒသမ ၃ သိန်းအသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်မှုကြောင့် ရွှေသဲကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်က ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁-၁၀-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၂၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၇၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၆၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနား တက်ရောက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ ည ၇ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး သည် အခမ်းအနားသို့တက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံရုံးသံတမန်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသမီးရေးရာနှင့်ဆက်စပ်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့်ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစား ရဲအရာရှိကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းက ဧည့်ခံတီးလုံး တေးဂီတဖြင့်ဖျော်ဖြေပြီး ရဲတပ်ဖွဲ့ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်အပြီးတွင် သီဆိုဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်ဇနီးက ဂုဏ်ပြုပန်းခြင်းပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဇနီးတို့က သီဆိုဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေးဌာနခွဲတို့ကို ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။

# အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပ




**နေပြည်တော် အောက်တိုဘာ ၁**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားကို ယနေ့တွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီဝင်များ၊ ဖိတ်ကြားထားသူများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သက်ကြီးရွယ်အိုများနေ့ကို ဂုဏ်ပြုသောအားဖြင့် တစ်နိုင်ငံလုံး အသက်အကြီးဆုံး အဘိုးဖြစ်သူ ချင်းပြည်နယ် ပလက်ဝမြို့နယ်မှ အဘိုး ဦးအောင်ထွန်း ၁၂၁ နှစ်နှင့် အသက်အကြီးဆုံးအဘွားဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်မှ အဘွား ဒေါ်ချောယဉ် ၁၂၃ နှစ်တို့ကို ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းစီကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှတစ်ဆင့် လွှဲပြောင်းပေးအပ်ဂုဏ်ပြုပြီးဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းအရ သက်ကြီးဦးရေ ၅ ဒသမ ၂ သန်းခန့် ရှိရာမှ ပြည်သူ့အင်အားဦးစီးဌာန၏၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့ရှိ ခန့်မှန်းလူဦးရေစာရင်းအရ သက်ကြီးရွယ်အိုများ ဦးရေသည် ၆ ဒသမ ၃ သန်းကျော်ထိ တိုးလာပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံ၏ စီးပွားရေးဆိုင်ရာမူဝါဒများ၊ လူမှုရေးဆိုင်ရာမူဝါဒများကို ပြန်လည်သုံးသပ်ပြီး အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံလူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်(၂၀၁၄)အရ သက်ကြီးပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာအဖြစ် ထောက်ပံ့လျက်ရှိရာ လက်ရှိတွင် လူမှုရေးပင်စင် အကျိုးခံစားခွင့်ရှိသူ ၁၉၈၇၂၁ ဦး ရှိကြောင်း၊ သက်ကြီးရွယ်အိုများ၏အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီကို ၂၀၁၇ ခုနှစ်တွင်ဖွဲ့စည်းနိုင်ခဲ့ပြီး ဒေသဆိုင်ရာ ကော်မတီများကိုလည်း ဖွဲ့စည်းထားရှိပြီး ဖြစ်ပါကြောင်း၊သက်ကြီးရွယ်အိုများ၏အခွင့်အရေးများကို လူ့အဖွဲ့အစည်းတစ်ခုလုံးက ဆက်လက်ကြိုးပမ်းဖြည့်ဆည်းပေးကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများနှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များက ဘိုးဘွားများကို ဆေးဝါးပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနက အဘိုးအဘွားများကိုဆေးစစ်ဆေးမှု (Medical Check Up) ဆောင်ရွက်ပေးကြသည်။

ယခုနှစ် (၂၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ဆောင်ပုဒ်သည် “သက်ကြီးသူများဘဝ သာယာဖို့ သက်ရွယ်စုံညီပါဝင်လို့ ဝိုင်းဝန်းဖြည့်ဆည်းကြပါစို့” "Fulfilling the Promises of the Universal Declaration of Human Rights for Older Persons: Across Generations" ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ညီနိူင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ Vladivostok မြို့၌ ကျင်းပပြုလုပ်သည့် အာဆီယံအပေါင်းအကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာကျွမ်းကျင် လုပ်ငန်းအဖွဲ့၏ မြေပြင်လက်တွေ့ လေ့ကျင့်ခန်း( Field Training Exercise) သို့တက်ရောက်



ညီနိူင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ပစိဖိတ်ရေတပ်အကြီးအကဲ Admiral Viktor Nikolayevich Liina တို့ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

ညီနိူင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ မြေပြင်လက်တွေ့လေ့ကျင့်ခန်းသို့ တက်ရောက်ရန် ရုရှားနိုင်ငံသို့ သွားရောက်ခဲ့ရာ စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင်Vladivostok မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ပြီး ပစိဖိတ်ရေတပ်ဖွဲ့ ဒုတိယအကြီးအကဲ Vice Admiral Denis Berezovsky၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုခဲ့ကြသည်။

နေ့လယ်ပိုင်းတွင် အရှေ့ဖျားပြည်နယ်တက္ကသိုလ်(FEFU)၌ ပစိဖိတ်ရေတပ်ဖွဲ့သို့ ရောက်ရှိရာ ဒုတိယပါမောက္ခချုပ် Mr. Maxim Vedyashkin Vice-Rector for Campus Management က တက္ကသိုလ်နှင့်ပတ်သက်၍ သင်ကြားပေးသည့် ဘာသာရပ်များ တက်ရောက်နေသည့် ကျောင်းသား၊ကျောင်းသူများနှင့် တက္ကသိုလ်လုပ်ငန်းဆောင်တာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယအကြီးအကဲ Vice Admiral Denis Berezovsky နှင့် တာဝန်ရှိသူများမှ လေ့ကျင့်ခန်းအတွက် FEFU ခန်းမတွင် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ပြီး မြန်မာ့တပ်မတော်နှင့် ရုရှားတပ်မတော် ကွပ်ကဲမှုအဖွဲ့များ၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာသည်။

စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် Vladivostok ဒေသရှိ Sergeevsky လေ့ကျင့်ရေးကွင်း၌ ကျင်းပပြုလုပ်သည့် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ မြေပြင်လက်တွေ့လေ့ကျင့်ခန်း (Field Training Exercise) ဖွင့်ပွဲအခမ်းအနားသို့ ရုရှားတပ်မတော်မှ တာဝန်ရှိသူများ၊အာဆီယံနိုင်ငံများနှင့်မိတ်ဖက်နိုင်ငံများက တက်ရောက်လာသည့် ကိုယ်စားလှယ်အဖွဲ့များနှင့်အတူ ပါဝင်တက်ရောက်ခဲ့သည်။ ထို့နောက် မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ပြီး မြေပြင်လက်တွေ့ လေ့ကျင့်ခန်း ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များ၏ ယာယီအခြေချစခန်း (Training Camp) ကို လေ့လာခဲ့သည်။ နေ့လယ်ပိုင်းတွင် Ussuriysk မြို့ရှိ Suvorov Military School သို့ ရောက်ရှိခဲ့ရာ ကျောင်းအုပ်ကြီး Major General Nikolay Glinin နှင့် တာဝန်ရှိသူများက သင်တန်းကျောင်းဆောင်များ၊ သင်ထောက်ကူပြုစာသင်ခန်းများ၊ အားကစားခန်းမများ၊ စားရိပ်သာ၊ သင်တန်းသားများ၏ အိပ်ဆောင်နှင့် နေရာချထားမှုပုံစံများကို လိုက်လံရှင်းလင်းပြသသည်။



ညီနိူင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ Ussuriysk မြို့ရှိ Suvorov Military School ၌ ကြည့်ရှုလေ့လာစဉ်။

စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ပစိဖိတ်ရေတပ်ဖွဲ့ဌာနချုပ် House of Naval Officers အစည်းအဝေးခန်းမ၌ ပစိဖိတ်ရေတပ်ဖွဲ့အကြီးအကဲ Admiral Viktor Nikolayevich Liina နှင့် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုတိုးတက်စေရေး ကိစ္စရပ်နှင့် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ မြေပြင်လက်တွေ့လေ့ကျင့်ခန်း (Field Training Exercise) နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ပြီး အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။ ညနေပိုင်းတွင် ပစိဖိတ်ရေတပ်ဖွဲ့အကြီးအကဲ Admiral Viktor Nikolayevich Liina ကတည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာ စားပွဲကို တက်ရောက်သည်။

စက်တင်ဘာလ ၂၈ ရက် နံနက်ပိုင်းတွင် အမှတ်(၃၆)ရေပြင်သွား စစ်ရေယာဉ်တပ်မဟာသို့ ရောက်ရှိပြီး စစ်ရေယာဉ်ဆိပ်ခံ၌ Commander of the Primorsky Flotilla, Rear Admiral Valery Kazakov၊ အရာရှိများနှင့် စစ်ရေယာဉ်ဂုဏ်ပြုတပ်ဖွဲ့တို့မှ နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖြင့် ဂုဏ်ပြုကြိုဆိုကြသည်။ ၎င်းနောက် အမှတ်(၅၄၃) ဖရီးဂိတ်စစ်ရေယာဉ် Marshal Shaposhnikov သို့သွားရောက်လေ့လာခဲ့ရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကာ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ ထို့နောက် အမှတ်(၁၉) ရေငုပ်သင်္ဘော တပ်မသို့ ရောက်ရှိပြီး Captain 2nd Rank Derbenev ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့သည်။

စက်တင်ဘာ ၂၉ ရက်နေ့တွင် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ မြေပြင်လက်တွေ့လေ့ကျင့်ခန်း (Field Training Exercise) လက်တွေ့ဆောင်ရွက်နေမှုများကို ရုရှားတပ်မတော်မှ တာဝန်ရှိသူများ၊ နိုင်ငံပေါင်းစုံပါဝင်သည့် တပ်ဖွဲ့ဝင်များ၊ လေ့ကျင့်ခန်းသို့ တက်ရောက်လာသည့် အာဆီယံနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ ကြည့်ရှုအားပေးပြီး ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။ ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပစိဖိတ်ရေတပ်ဖွဲ့အကြီးအကဲ Admiral Viktor Nikolayevich Liina ကတည်ခင်းဧည့်ခံသော မြေပြင်လေ့ကျင့်ခန်းဂုဏ်ပြုညစာစားပွဲသို့တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၃၀ ရက်တွင် VLADIVOSTOK မြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ အောက်တိုဘာ ၁ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။





ညီနိူင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး အာဆီယံအပေါင်းအကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ မြေပြင်လက်တွေ့လေ့ကျင့်ခန်း (Field Training Exercise) ပိတ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ မြေပြင်လက်တွေ့လေ့ကျင့်ခန်း (Field Training Exercise) အောင်မြင်စွာ ကျင်းပပြီးစီး



မြန်မာ-ရုရှား နှစ်နိုင်ငံ တပ်မတော်မှကိုယ်စားလှယ်များက မြန်မာနိုင်ငံ၌ပြုလုပ်ခဲ့သည့် စားပွဲတင်လေ့ကျင့်ခန်း (Table Top Exercise) တွင် ရေးဆွဲခဲ့သည့် စစ်ဆင်မှုစီမံချက်ကို အသေးစိတ်ပြန်လည်ညှိနှိုင်းဆွေးနွေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ကပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသည့် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ မြေပြင်လက်တွေ့လေ့ကျင့်ခန်း (Field Training Exercise)ကို စက်တင်ဘာ ၂၆ ရက်မှ ၂၉ ရက်ထိ ရုရှားနိုင်ငံအရှေ့ဖျားဒေသ Primorsky Krai၊ Vladivostok မြို့ရှိ အရှေ့ပိုင်းစစ်ခရိုင် Sergeevsky လေ့ကျင့်ရေးနယ်မြေတွင် ကျင်းပပြုလုပ်ခဲ့သည်။

လေ့ကျင့်ခန်းသို့ ပါဝင်လေ့ကျင့်မည့် မြန်မာ့တပ်မတော်မှ အရာရှိ စစ်သည်များသည် စက်တင်ဘာ ၂၂ ရက် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့(Vladivostok) လေဆိပ်သို့ ရောက်ရှိခဲ့ကာ စက်တင်ဘာ ၂၃ ရက်မှ ၂၅ ရက်ထိ မြန်မာ-ရုရှား တပ်မတော်မှ ကိုယ်စားလှယ်အရာရှိများက အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ မြေပြင်လက်တွေ့လေ့ကျင့်ခန်း (Field Training Exercise) ပြုလုပ်ဆောင်ရွက်ရန်အတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့သည်။

စက်တင်ဘာ ၂၆ ရက်တွင် Sergeevsky လေ့ကျင့်ရေးနယ်မြေ စစ်ရေးပြကွင်း၌ ဖွင့်ပွဲအထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ မြန်မာ့တပ်မတော်မှ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ပါဝင်လေ့ကျင့်ကြမည့် အရာရှိ၊ စစ်သည်များ၊ အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများဖြစ်ကြသည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ရုရှား၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်အရာရှိကြီးများနှင့် တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အစီအစဉ်အရ ရုရှားနိုင်ငံအရှေ့ဖျားစစ်ဒေသ ပစိဖိတ်ရေတပ်ဖွဲ့အကြီးအကဲ Admiral Viktor Nikolayevich Liinau က အဖွင့်အမှာစကားပြောကြားပြီး လေ့ကျင့်ခန်းအထိမ်းအမှတ်အလံလွှင့်တင်ကာ မြေပြင်လက်တွေ့လေ့ကျင့်ခန်းတွင်ပါဝင်သည့် နိုင်ငံအလိုက်တပ်ဖွဲ့ဝင်များက စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ကြသည်။

နေ့လယ်ပိုင်းတွင် လေ့ကျင့်ခန်းအစီအစဉ်အရ Far Eastern Federal University ရှိ စီမံချက်ရေးဆွဲရေးအဖွဲ့၏ ကွပ်ကဲမှုဌာနချုပ်နေရာတွင် လေ့ကျင့်ခန်းအစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ရာ မြန်မာနိုင်ငံမှ ပူးတွဲဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ရုရှားနိုင်ငံမှ ပူးတွဲဥက္ကဋ္ဌ Vice Admiral Berezovsky Denis Valentinovich တို့က အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံအလိုက်ကိုယ်စားလှယ်များနှင့် အတူ လေ့ကျင့်ခန်းအစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ခဲ့သည်။

ဆက်လက်ပြီး လေ့ကျင့်ခန်းအစီအစဉ်ကို ကွပ်ကဲမှုအဖွဲ့များ လေ့ကျင့်ခြင်းနှင့် မြေပြင်တပ်ဖွဲ့များ လက်တွေ့လေ့ကျင့်ခြင်းဟူ၍ အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်ခဲ့ရာ ကွပ်ကဲမှုဖွဲ့လေ့ကျင့်ခြင်းအနေဖြင့် စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကွပ်ကဲမှုအဖွဲ့ဆိုင်ရာလေ့ကျင့်ခန်းများကို Far Eastern Federal University ရှိ ကွပ်ကဲမှုလေ့ကျင့်ခန်းဌာနချုပ်၌ လေ့ကျင့်ဆောင်ရွက်ခဲ့ပြီး မြန်မာ-ရုရှား နှစ်နိုင်ငံ တပ်မတော်မှ ကိုယ်စားလှယ်များက ဦးဆောင်၍ မြန်မာနိုင်ငံ၌ ပြုလုပ်ခဲ့သည့် စားပွဲတင်လေ့ကျင့်ခန်း(Table Top Exercise)တွင် ရေးဆွဲခဲ့သည့် စစ်ဆင်မှုစီမံချက်ကို အသေးစိတ်ပြန်လည်ညှိနှိုင်းဆွေးနွေးခြင်း၊ စစ်ဆင်မှုအဆင့်ကွပ်ကဲမှုအဖွဲ့များနှင့် နည်းဗျူဟာအဆင့်ကွပ်ကဲမှုအဖွဲ့များက လေ့ကျင့်ခန်းဆိုင်ရာအစီအမံများကို ညှိနှိုင်းဆွေးနွေးအတည်ပြုခြင်း၊ နိုင်ငံပေါင်းစုံပါဝင်သည့် တပ်ဖွဲ့များဖြင့် အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးအတွက် ပထမအဆင့်စစ်ဆင်မှုစီမံချက်အား အပြီးသတ်ရေးဆွဲခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

လေ့ကျင့်ခန်း၏ ဒုတိယအဆင့်ဖြစ်သော မြေပြင်လက်တွေ့ လေ့ကျင့်ခန်းအတွက် စက်တင်ဘာ ၂၃ ရက်မှ ၂၈ ထိ ပါဝင်လေ့ကျင့်ကြမည့် အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ တပ်ဖွဲ့ဝင်များက မြေပြင်လက်တွေ့လေ့ကျင့်ခန်း အကြိုလေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြပြီး စက်တင်ဘာ ၂၉ ရက်နံနက်ပိုင်းတွင် မြေပြင်လက်တွေ့ လေ့ကျင့်ခန်းဆောင်ရွက်ခဲ့ရာ နိုင်ငံပေါင်းစုံပါဝင်သည့် တပ်ဖွဲ့ဝင်များက စီမံချက်ပါအတိုင်း အကြမ်းဖက်သမားများ ထိန်းချုပ်ထားသည့်နယ်မြေတစ်ခုအတွင်း ဝင်ရောက်ချေမှုန်းတိုက်ခိုက်ခြင်း လက်တွေ့လေ့ကျင့်ခန်းကိုသက်ဆိုင်ရာ လက်ရုံးတပ်ဖွဲ့များ၏ ပစ်ကူပစ်အားဖြင့် အောင်မြင်စွာ လေ့ကျင့်ဆောင်ရွက်နိုင်ခဲ့သည်။

လေ့ကျင့်ခန်းကာလတွင် မြေပြင်လက်တွေ့လေ့ကျင့်ခန်း (Field Training Exercise)သို့ တက်ရောက်လာကြသည့် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များသည် လေ့လာရေးခရီးစဉ်အဖြစ် သမိုင်းဝင်အထင်ကရနေရာများဖြစ်သော Anna Shchetinina အမျိုးသမီးသူရဲကောင်းရုပ်တု၊ Glavnaya Ploshchad ရင်ပြင်၊ Pacific Navy Fleet ပြတိုက်၊ ရေငုပ်သင်္ဘောပြတိုက်၊ အဏ္ဏဝါပြတိုက်နှင့် ရုရှားသမိုင်းပြတိုက်တို့သို့ သွားရောက်လေ့လာခဲ့ကြသည်။

အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ အလှည့်ကျပူးတွဲဥက္ကဋ္ဌများဖြစ်သော မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့၏ ဦးဆောင်မှုဖြင့် အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ကာကွယ်ရေးတပ်ဖွဲ့ဝင်များအကြား အပြန်အလှန်နားလည်ယုံကြည်မှုနှင့် ချစ်ခင်ရင်းနှီးမှုများကို အခြေခံကာ ဒေသတွင်း အကြမ်းဖက်ဝါဒနှင့် အကြမ်းဖက်လုပ်ရပ်များကိုတိုက်ဖျက်ရာတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဩဂုတ် ၂ ရက်မှ ၄ ရက်ထိ မြန်မာနိုင်ငံ နေပြည်တော်တွင် စားပွဲတင်လေ့ကျင့်ခန်း (Table Top Exercise) ကျင်းပပြုလုပ်ခဲ့ပြီး ရုရှားနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့တွင်လည်း စက်တင်ဘာ ၂၆ ရက်မှ ၂၉ ရက်ထိ မြေပြင်လက်တွေ့လေ့ကျင့်ခန်း (Field Training Exercise)ကိုအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။





မြေပြင်လက်တွေ့လေ့ကျင့်ခန်းအဖွဲ့ဝင်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်မိတ်ဖက်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ ပူးပေါင်းလေ့ကျင့်နေမှုကို တွေ့ရစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို **CRPH၊ NUG၊ PDF** အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် **CRPH၊ NUG၊ PDF**အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်**စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။**

☆ **ကျောဖုံးမှအဆက်**

တက်ရောက်ကြည့်ရှုအားပေးသည်။

ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ သီဟထက်ဇော်က မြားပစ် အမျိုးသား Recurve အားကစားနည်းတွင် ယှဉ်ပြိုင်ခဲ့ရာ ပြိုင်ပွဲဝင်ကစားသမား ၈၄ ဦးအနက် စုစုပေါင်းရမှတ် ၆၃၉ မှတ်ဖြင့် အဆင့် ၃၀ နှင့် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ပြည့်စုံနှင်းက မြားပစ် အမျိုးသမီး Recurve အားကစားနည်း၌ ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ ပြိုင်ပွဲဝင် ၈၄ ဦးအနက် စုစုပေါင်းရမှတ် ၅၇၈ မှတ်ဖြင့် အဆင့် ၆၃ ရရှိခဲ့ကြသည်။

ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ကျင်းပသည့် ပိုက်ကျော်ခြင်းအားကစားနည်း အမျိုးသား လေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းက လာအိုအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ပြီး အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲတွင် ဗီယက်နမ်အသင်းက မြန်မာအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် မြန်မာအသင်းက ဂျပန်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အောက်တိုဘာ ၂ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ပိုက်ကျော်ခြင်း အားကစားနည်း အမျိုးသား လေးယောက်တွဲပြိုင်ပွဲအဖြစ် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ မွန်းလွဲ ၂ နာရီတွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲအဖြစ် မွန်းလွဲ ၂ နာရီတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်းနှင့် နံနက် ၉ နာရီတွင် မြားပစ်အားကစားနည်းမှ Recurve Mixed Team ပြိုင်ပွဲတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရက္ခပူရဗုဒ္ဓတက္ကသိုလ်နှင့် မြောက်ဦးဓမ္မစင်တာတွင် ဆရာတော်၊ သံဃာတော်များအား ဆွမ်းလောင်းလှူပွဲ၊ နှစ်ထပ်ဆွမ်းစားဆောင် ရတနာအုတ်မြစ်ချမင်္ဂလာအခမ်းအနားနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားများ ကျင်းပပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၁**

ရခိုင်ပြည်နယ် ရက္ခပူရဗုဒ္ဓတက္ကသိုလ်နှင့် မြောက်ဦးဓမ္မစင်တာ၏အဓိပတိ ပြည်တွင်းပြည်ပသာသနာပြု ဓမ္မကထိက ရတနာမာရ်အောင်တောရဓမ္မရိပ်သာများ၏ ဦးစီးပဓာနနာယကချုပ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မြောက်ဦးဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒ အမှူးပြု၍ စေတနာရှင်ပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်အနီး တည်ဆောက်လျက်ရှိသော ရက္ခပူရဗုဒ္ဓတက္ကသိုလ်နှင့် မြောက်ဦးဓမ္မစင်တာဝင်းအတွင်း၌ စစ်တွေမြို့ ဘုန်းတော်ကြီးကျောင်းအသီးသီးမှ သံဃာတော်များအား နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပင့်သံဃာတော်အပါး ၂၇၀ ကြွရောက်တော်မူကြပြီး အလှူရှင် ဒေသခံပြည်သူများက ဆွမ်း၊ ဆွမ်းဟင်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူကြသည်။

ထို့နောက် ရက္ခပူရဗုဒ္ဓတက္ကသိုလ်နှင့် မြောက်ဦးဓမ္မစင်တာဝင်းအတွင်း နှစ်ထပ်ဆွမ်းစားဆောင် တည်ဆောက်မည့်မြေနေရာတွင် ရတနာအုတ်မြစ်ချမင်္ဂလာအခမ်းအနားကို ပြုလုပ်ရာ မြောက်ဦးဆရာတော်အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြပြီး သံဃာတော်များ၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သတ်မှတ်နေရာအသီးသီးတွင် ရတနာအုတ်မြစ်များ ချပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းသည်။

၎င်းနောက် မြောက်ဦးဆရာတော်၏ သက်တော် ၆၄ နှစ်ပြည့် ဝိဇာတမွေးနေ့ပွဲနှင့် ရက္ခပူရဗုဒ္ဓတက္ကသိုလ်နှင့် မြောက်ဦးဓမ္မစင်တာဝင်းအတွင်း သာသနိက အတွက် အလှူငွေပေးအပ်လှူဒါန်းခြင်းကို အဆောက်အအုံများ တည်ဆောက်ရေး ဆက်လက်ကျင်းပပြုလုပ်ရာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စစ်တွေမြို့ နန္ဒာရာမပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက သာသနဓဇ ဓမ္မာစရိယ ဝိနယဝိဒူ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များက မေတ္တသုတ်ပရိတ်တရားတော်ကို ရွတ်ဖတ်တော်မူကြသည်။ ၎င်းနောက် တိုင်းမှူးနှင့် အလှူရှင်များက ရက္ခပူရဗုဒ္ဓတက္ကသိုလ်နှင့် မြောက်ဦးဓမ္မစင်တာ တိုးချဲ့မြေနှင့်သာသနိကအဆောက်အအုံများ တည်ဆောက်မှုအတွက် အလှူငွေများကို တည်ဆောက်ရေးကော်မတီအဖွဲ့ထံသို့ပေးအပ်လှူဒါန်းကြ၍ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး မြောက်ဦးဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။



**အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး ရက္ခပူရဗုဒ္ဓတက္ကသိုလ်နှင့် မြောက်ဦးဓမ္မစင်တာဝင်းအတွင်း သာသနိကအဆောက်အအုံများ တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်လှူဒါန်းစဉ်။**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



**ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။**

**နေပြည်တော် အောက်တိုဘာ ၁**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့က ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကိုလည်းကောင်း၊ ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝမ်းသာအားရဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

# ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို အခြေခံ၍ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်တွင်ရှိသော မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်းထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးက နိုင်ငံတော်၏မူဝါဒများ၊ စီမံကိန်းများရေးဆွဲချမှတ်ရာတွင် အခြေခံအသုံးပြုနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ နှစ်အလိုက်ခန့်မှန်းလူဦးရေစာရင်းကို နှစ်စဉ်ထုတ်ပြန်ပေးလျက်ရှိသည်။

ယင်းစာရင်းများထုတ်ပြန်ရာတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှ ကောက်ယူရရှိသော လူဦးရေကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၏ နှစ်လယ်ဖြစ်သော ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်တွင်ရှိသည့် မြန်မာနိုင်ငံ၏ခန့်မှန်းလူဦးရေမှာ ၅၆ ဒသမ ၂ သန်းဖြစ်ပြီး အဆိုပါနေ့ရက်တွင်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ခန့်မှန်းလူဦးရေစာရင်းမှာ အောက်ပါအတိုင်းဖြစ်ကြောင်း ထုတ်ပြန်ထားသည်-

| တိုင်းဒေသကြီး/ ပြည်နယ် | (၁-၁၀-၂၀၂၃) ရက်နေ့ရှိ ခန့်မှန်းလူဦးရေ (သန်းပေါင်း) | | |
|---|---|---|---|
| | ကျား | မ | ပေါင်း |
| ကချင်ပြည်နယ် | ၁.၀ | ၁.၀ | ၂.၀ |
| ကယားပြည်နယ် | ၀.၂ | ၀.၂ | ၀.၄ |
| ကရင်ပြည်နယ် | ၀.၈ | ၀.၈ | ၁.၆ |
| ချင်းပြည်နယ် | ၀.၂ | ၀.၃ | ၀.၅ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၂.၇ | ၃.၀ | ၅.၇ |
| တနင်္သာရီတိုင်းဒေသကြီး | ၀.၈ | ၀.၈ | ၁.၆ |
| ပဲခူးတိုင်းဒေသကြီး | ၂.၃ | ၂.၇ | ၅.၀ |
| မကွေးတိုင်းဒေသကြီး | ၁.၈ | ၂.၁ | ၃.၉ |
| မန္တလေးတိုင်းဒေသကြီး | ၃.၂ | ၃.၆ | ၆.၈ |
| မွန်ပြည်နယ် | ၀.၉ | ၁.၀ | ၁.၉ |
| ရခိုင်ပြည်နယ် | ၁.၆ | ၁.၈ | ၃.၄ |
| ရန်ကုန်တိုင်းဒေသကြီး | ၄.၂ | ၄.၈ | ၉.၀ |
| ရှမ်းပြည်နယ် | ၃.၄ | ၃.၄ | ၆.၈ |
| ဧရာဝတီတိုင်းဒေသကြီး | ၃.၀ | ၃.၂ | ၆.၂ |
| နေပြည်တော်ကောင်စီ | ၀.၇ | ၀.၇ | ၁.၄ |
| စုစုပေါင်းခန့်မှန်းလူဦးရေ | ၂၆.၈ | ၂၉.၄ | ၅၆.၂ |

# အောက်တိုဘာ ၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၁**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၃၀ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၄၂၈ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၄ ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## သဇင်(FM) အသံလွှင့်အစီအစဉ်

၂-၁၀-၂၀၂၃ (တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၇း၂၅ | ဗေဒင်တစ်ပတ်စာ |
| ၂။ | ၀၉း၁၅ | အမှတ်တရနေ့ |
| ၃။ | ၁၀း၄၆ | Master Chef |
| ၄။ | ၁၅း၀၀ | Fighting Music |

# ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကျင်းပပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၂၃ ခုနှစ် ယနေ့တွင် ကျရောက်သည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးတို့ရှိ သက်ဆိုင်ရာ ခန်းမ အသီးသီး၌ ပြုလုပ်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစားရဲတပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများ အသီးသီးပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်မှပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားကြသည်။

ဆက်လက်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊တိုင်းမှူးများနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ ဂုဏ်ထူးဆောင် ဆုတံဆိပ်ရရှိသူများ၊ တစ်ဆင့်မြင့်ရာထူးရရှိသူများနှင့် လုံခြုံရေး တာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုဆုတံဆိပ်၊ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုဆုငွေများနှင့်အဆင့်တံဆိပ်များ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး ရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် Video Clip နှင့် ခင်းကျင်းပြသထားသော ပြခန်းများနှင့် နံရံကပ်စာစောင်များကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။



ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ဂုဏ်ပြုအမှာစကားပြောကြားစဉ်။




စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦးကို တစ်ဆင့်မြင့်ရာထူးတိုးမြှင့်ပေးအပ်စဉ်။




အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်က (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦးကို တစ်ဆင့်မြင့်ရာထူးတိုးမြှင့်ပေးအပ်စဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးက (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် Video Clip နှင့် ခင်းကျင်းပြသထားသော ပြခန်းများနှင့် နံရံကပ်စာစောင်များကို ကြည့်ရှုစဉ်။

# မွန်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းများအတွက် စိုက်ပျိုးရေးအခြေခံအစားအစာထုတ်ကုန်ပစ္စည်း ထုတ်လုပ်မှုနည်းပညာဖြန့်ဝေပေးရေး သင်တန်းဆင်းပွဲကျင်းပ




အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်း သင်တန်းသားများကို သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် မွန်ပြည်နယ်အတွင်း MSME လုပ်ငန်းများအတွက် စိုက်ပျိုးရေးအခြေခံ အစားအစာ ထုတ်ကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာဖြန့်ဝေပေးရေးသင်တန်းဆင်းပွဲကို စက်တင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် သင်တန်းနည်းပြများ၊ မော်လမြိုင်တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ၊ မွန်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာပြည်နယ်ဝန်ကြီးချုပ်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် သင်တန်းနည်းပြများကို ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများကို သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ပြီး သင်တန်းတက်ရောက်သူ MSME လုပ်ငန်းရှင်တစ်ဦးကကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မွန်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းရှင်များ၊ သင်တန်းသား၊သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြပြီး ပြည်နယ်ထွက်ကုန်များကိုအခြေခံ၍ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်မည့်ထုတ်ကုန်များထုတ်လုပ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါသင်တန်းကို မွန်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများမှ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၁၄၀ ဖြင့် စက်တင်ဘာ ၂၈ ရက်မှ ၃၀ ရက်ထိ စာတွေ့၊လက်တွေ့ ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ရခိုင်ပြည်နယ် မောင်တောခရိုင်တွင် နယ်စပ်ကုန်သွယ်ရေးဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေချိုငါးတင်ပို့မှုတိုးမြှင့်နိုင်ရန် ဆောင်ရွက်နေ

**မောင်တော အောက်တိုဘာ ၁**

ရခိုင်ပြည်နယ် မောင်တောခရိုင်တွင် နယ်စပ်ကုန်သွယ်ရေးဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေချိုငါးတင်ပို့မှု တိုးမြှင့်နိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနိုင်ဝင်းသိန်းထံမှ သိရသည်။

ရခိုင်ပြည်နယ်မှ နယ်စပ်ကုန်သွယ်ရေးဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေချိုငါးများကို တင်ပို့လျက်ရှိရာ တိုးမြှင့်တင်ပို့နိုင်ရေး အတွက် ရေချိုငါးမွေးမြူရေးကေများ တိုးမြှင့်ခြင်းနှင့်ခေတ်မီမွေးမြူရေးနည်းပညာများအသုံးပြုနိုင်ရေးကို စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

"ရခိုင်ပြည်နယ် မောင်တောခရိုင်မှာ နိုင်ငံခြားဝင်ငွေ တိုးပွားရရှိစေဖို့အတွက် ရေချိုငါးထုတ်လုပ်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေပါတယ်။ လက်ရှိမှာ မောင်တောခရိုင်ကထွက်ရှိတဲ့ ရေချိုငါးကို မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို အများဆုံး တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ဒီလိုတင်ပို့ရာမှာ ရေချိုငါးတွေကို ရေချိုငါးအဓိကထွက်ရှိရာ အခြားတိုင်းဒေသကြီးတွေကနေမှာယူပြီး ရောင်းချရတဲ့အတွက် ဈေးမကိုက်တာတွေ ဖြစ်ပေါ်နေပါတယ်။ အဲဒီအခက်အခဲကို ဖြေရှင်းနိုင်ဖို့အတွက် မောင်တောခရိုင်အတွင်းမှာ ရေချိုငါးမျိုးထုတ်တဲ့လုပ်ငန်းကိုတိုးမြှင့်ပြီး လုပ်ဆောင်နေပါတယ်"ဟု မောင်တောခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနိုင်ဝင်းသိန်းက ပြောပြသည်။

မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် ပြည်ပဝင်ငွေတိုးတက်ရှာဖွေရေး ရည်မှန်းချက်ဖြင့် ရေချိုငါးတိုးမြှင့်ထုတ်လုပ်နိုင်ရေးဆောင်ရွက်ရာတွင် ငါးမွေးမြူသူများကို ငါးသားပေါက်များဖြန့်ဖြူးပေးခြင်း၊ ခေတ်မီမွေးမြူနည်းပညာများဖြန့်ဝေပေးခြင်း တို့ကို ဆောင်ရွက်နေကြောင်း သိရသည်။

ရခိုင်ပြည်နယ် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရာတွင် ယခင်ကာလများက ရေငန်ပုစွန်ကိုအဓိကထားတင်ပို့ခဲ့သော်လည်း ယခုအခါဝယ်ယူမှုကျဆင်းသွားခြင်းကြောင့် ဈေးကွက်ဝယ်ယူမှုမြင့်တက်နေသည့် ရေချိုငါးများကိုတိုးမြှင့်တင်ပို့ရန်စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် မောင်တောခရိုင် အတွင်း ရေချိုငါးများ ယခင်ကာလများထက် ပိုမိုမွေးမြူလာကြပြီဖြစ်ပြီး မောင်တောမြို့နယ်တွင် ရေချိုငါးမွေးမြူရေးကေ ၇၀ ကျော်နှင့် ဘူးသီးတောင်မြို့နယ်တွင် ကေ ၄၀၀ ကျော်မွေးမြူထားကြောင်း မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနိုင်ဝင်းသိန်းထံမှ သိရသည်။ ASH

# အင်္ဂလန်နိုင်ငံ ဘရစ္စတိုမြို့တွင် မြစ်ရေလျှံတက်သဖြင့် ရေဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်



**လန်ဒန် အောက်တိုဘာ ၁**

အင်္ဂလန်နိုင်ငံ ဘရစ္စတိုမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး အဗွန်မြစ်ရေလျှံတက်လာကာ ရေကြီးရေလျှံမှုဖြစ်ပွားနေသဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်လိုက်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဗွန်မြစ်ကြောင်းတစ်လျှောက်တွင် ရေကြီးရေလျှံမှုဖြစ်ပွားနေခြင်းဖြစ်ပြီး လမ်းမကြီးများ ရေမြုပ်ကာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေ၍ မော်တော်ယာဉ်များအသုံးပြုခြင်းကိုလည်း တားမြစ်ထားကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာ ရင်ဆိုင်နေရသည့် ဧရိယာများမှာ အဗွန်မောက်ဧရိယာမှ ကွန်ဟမ်နယ်ဧရိယာတစ်လျှောက်၊ A4 ဆိပ်ကမ်းလမ်း၊ ရှိုင်းယားဟမ်တန်နှင့် ပီလ်ဧရိယာတစ်လျှောက်၊ တမ်ပယ်မိလမ်းနှင့် ဘက်မင်စတာတံတားတို့ဖြစ်ကြောင်း ဘရစ္စတို အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

“ရေကြီးရေလျှံမှုဆိုးရွားစွာဖြစ်ပေါ်နိုင်တဲ့ ဧရိယာတွေကတော့ အာဗွန်မောက်ဧရိယာကနေ ကွန်ဟမ်နယ်ဧရိယာတစ်လျှောက်၊ A4 ဆိပ်ကမ်းလမ်း၊ ရှိုင်းယားဟမ်တန်နဲ့ ပီလ်ဧရိယာတစ်လျှောက်၊ တမ်ပယ်မိလမ်းနဲ့ ဘက်မင်စတာတံတားတို့ဖြစ်ပါတယ်။ စက်တင်ဘာ ၃၀ ရက်ကနေစတင်ပြီးတော့ ရှိုင်းယားဟမ်တန်နဲ့ ပီလ်ဧရိယာတစ်လျှောက်ကို ဖြတ်သန်းသွားလာခွင့် ပိတ်ပင်လိုက်ပြီဖြစ်ပါတယ်။ တားမြစ်ပိတ်ပင်ထားတဲ့လမ်းတွေကို လုံးဝအသုံးမပြုကြဖို့လဲ တင်းကြပ်စွာ တားမြစ်ထားပါတယ်”ဟု ဘရစ္စတိုအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Bristol Post**
**Trs : Sai Sat**

# ဗစ်တိုးရီးယားပြည်နယ်တွင် တောမီးလောင်ကျွမ်းသဖြင့် ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန်ထုတ်ပြန်

**ကင်ဘာရာ အောက်တိုဘာ ၁**

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ် အရှေ့ဘက်ပိုင်း ဂစ်စလန်းနယ်မြေအနီးတွင် စက်တင်ဘာလ ၃၀ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး တောမီးအရှိန်ပြင်းထန်သည့်အတွက် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေသော ဧရိယာအနီး၌ နေထိုင်သည့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ဗစ်တိုးရီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်သွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုသည် ဂစ်စလန်းနယ်မြေရှိ မက်ဖရာဧရိယာ မြောက်ဘက်ပိုင်းတွင် ဆိုးရွားစွာလောင်ကျွမ်းနေပြီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေခြင်းကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းရန် ထုတ်ပြန်ချက်လက်ခံရရှိထားသည့် ဒေသခံများမှာလည်း မက်ဖရာဧရိယာမှ ဒေသခံများဖြစ်ကြောင်း သိရသည်။

“ဗစ်တိုးရီးယားပြည်နယ်အရှေ့ဘက်ပိုင်းမှာ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပွားနေပါတယ်။ တောမီးဟာ ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိနေပြီလဲ ဖြစ်ပါတယ်။ တောမီးလောင်ကျွမ်းမှုဟာ ဗစ်တိုးရီးယားပြည်နယ် အရှေ့ဘက်ပိုင်းကနေ တောင်ဘက်ပိုင်းကို ဦးတည်လောင်ကျွမ်းနေပြီးတော့ နေအိမ်တွေဆီကို ကူးစက်လာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ တောမီးလောင်ကျွမ်းမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် လေကြောင်းအကူအညီကိုလဲ ရယူထားပါတယ်။ ဘေးလွတ်ရာ အမြန်ဆုံးရွှေ့ပြောင်းရမဲ့ဒေသခံတွေအနေနဲ့လဲ ချက်ချင်းဘေးလွတ်ရာ ရွှေ့ပြောင်းကြဖို့ တိုက်တွန်းအပ်ပါတယ်။ ဘရီယာကို လောင်တံတားကို အသုံးပြုပြီး ဘေးလွတ်ရာရွှေ့ပြောင်းကြဖို့ လိုအပ်ပါတယ်”ဟု ဗစ်တိုးရီးယားပြည်နယ် အရေးပေါ် စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : 9 News**
**Trs : Sai Sat**

# အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် လေထုညစ်ညမ်းမှုကိုဖြေရှင်းရန် အထပ်မြင့်အဆောက်အအုံ ၁၀၉ လုံး၌ ရေငွေ့ဖျန်းစက် ၁၂၅ လုံးတပ်ဆင်အသုံးပြုနေ

**ဂျကာတာ အောက်တိုဘာ ၁**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် လေထုညစ်ညမ်းမှုကို ဖြေရှင်းရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် မြို့တော်ခန်းမအပါအဝင် အထပ်မြင့်အဆောက်အအုံ ၁၀၉ လုံး၌ ရေငွေ့ဖျန်းစက် ၁၂၅ လုံး တပ်ဆင် အသုံးပြုနေကြောင်း ဂျကာတာမြို့တော် လေထုညစ်ညမ်းမှုထိန်းချုပ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အန်နီရပ်ပီတာဝတီ၏ စက်တင်ဘာ ၃၀ ရက်က ပြောကြားချက်များအရ သိရသည်။

အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာမြို့သည် ကမ္ဘာ့လေထုအညစ်ညမ်းဆုံးမြို့တော်များစာရင်းတွင် မကြာခဏပါဝင်လျက်ရှိရာ လေထုညစ်ညမ်းမှု တိုက်ဖျက်ရေးအတွက် ဂျကာတာမြို့တော်၌ ရေငွေ့ဖျန်းစက် ၁၂၅ လုံးတပ်ဆင်၍ ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ နောက်ထပ် ၂၈ လုံး ထပ်မံတပ်ဆင်၍ လေထုအရည်အသွေးမြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း အန်နီရပ်ပီတာဝတီက စက်တင်ဘာ ၃၀ ရက်တွင် သတင်းထောက်များကို ပြောကြားခဲ့ကြောင်း သိရသည်။

မြို့တော် လေထုညစ်ညမ်းမှုလျှော့ချရေးအတွက် စီမံချက်တွင် ပါဝင်သော လမ်းများကို ဂျကာတာမြို့တော် မီးသတ်ဌာနနှင့် ကယ်ဆယ်ရေးဝန်ဆောင်မှုက စက်တင်ဘာ ၂၈ ရက်ထိ မြို့တွင်းနေရာပေါင်း ၂၉၀ ကျော်ရှိလမ်းများကို ယာဉ် ၂၈၇ စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၁၁၂၈ ဦး အသုံးပြု၍ ရေဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး အဆိုပါနေရာများတွင် ရေငွေ့ဖျန်းစက်များ ထပ်မံတပ်ဆင်ပေးခြင်းဖြင့် လေထုညစ်ညမ်းမှုလျှော့ချရေး အရှိန်မြှင့်ဖြင့် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ပြည်သူများအနေဖြင့်လည်း မဖြစ်မနေ အပြင်သို့သွားလာရပါက နှာခေါင်းစည်းတပ်ဆင်အသုံးပြုကြရန်၊ ကလေးငယ်များနှင့် ရောဂါအခံရှိသူများအတွက် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ထားကြရန် ဂျကာတာ ကျန်းမာရေးဝန်ဆောင်မှုဌာနက ကြေညာချက်ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Antara News**
**Trs : AZH**



# အိုမန်နိုင်ငံတွင် ကျောင်းသားများကို ဆဋ္ဌမအကြိမ်မြောက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆု ပေးအပ်မည့်အစီအစဉ် ကြေညာ

**မတ်စကတ် အောက်တိုဘာ ၁**

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၏ အခန်းကဏ္ဍနှင့် နေ့စဉ်ဘဝတွင် ၎င်း၏ အရေးပါမှုကို ဖော်ထုတ်ရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် အိုမန်နိုင်ငံအခြေစိုက် ရေနံတူးဖော်ရေးကုမ္ပဏီတစ်ခုဖြစ်သော Petroleum Development Oman က ကြီးမှူး၍ အိုမန်နိုင်ငံရှိ ကျောင်းသားများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ဆဋ္ဌမအကြိမ်မြောက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆုပေးအပ်မည့်အစီအစဉ်ကို စက်တင်ဘာ ၃၀ ရက်က ကြေညာခဲ့ကြောင်း အိုမန်ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်သောသတင်းများအရ သိရသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆုသည် မိရိုးဖလာရုပ်ကြွင်းလောင်စာများထက် မြင်သာထင်သာရှိသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုကို ကျောင်းသားများကြားတွင် နားလည်မှု၊ လက်ခံကျင့်သုံးမှု အားကောင်းလာစေရန်ရည်ရွယ်ပြီး အစိုးရနှင့် ပုဂ္ဂလိကကျောင်းများမှ ကျောင်းသားများကို ဦးတည်၍ ပညာသင်ဆုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းဆုပေးမည့်အစီအစဉ်သည် လူငယ်များကြားတွင် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချနိုင်ရန် ဆန်းသစ်သောချဉ်းကပ်မှုတစ်ခုဖြစ်ပြီး နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာများတိုးပွားလာစေမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါဆုကို ဝင်ရောက်ယှဉ်ပြိုင်လိုသူ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာရေးဝန်ကြီးဌာန၏ ဆိုရှယ်မီဒီယာအကောင့်မှ တစ်ဆင့် မှတ်ပုံတင်ဝင်ရောက်၍ ဆုပေးအပ်မည့် အစီအစဉ်များကို ဝင်ရောက်လေ့လာနိုင်သကဲ့သို့ ကျွမ်းကျင်ပညာရှင်များက ပို့ချပေးမည် လိုအပ်သော သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကိုလည်း တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆုရွေးချယ်မှုကို အဆင့်လေးဆင့်ဖြင့် ရွေးချယ်သွားမည်ဖြစ်ပြီး နောက်ဆုံး ရွေးချယ်ခံရသူများကို ၂၀၂၄ ခုနှစ် ဧပြီ ၂၈ ရက်မှ မေ ၂ ရက်ထိ Oman Convention and Exhihition Centre တွင် ဆုကြေညာချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါဆုကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်ကတည်းက စတင် ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Muscat Daily**
**Trs : AZH**

# ပါကစ္စတန်နိုင်ငံတွင် အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်မှုဖြစ်ပွား

**အစ္စလာမ်မာဘတ် အောက်တိုဘာ ၁**

ပါကစ္စတန်နိုင်ငံ ဆင်းဟ်ပရိုဗင့်စ် တောင်ဘက်ပိုင်းရှိ ဒေသများနှင့် ကာရာချိမြို့တို့တွင် အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်မှုဖြစ်ပွားနေကြောင်း ပါကစ္စတန်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အပူချိန်မှာ ၃၉ ဒီဂရီစင်တီဂရိတ်ထိမြင့်တက်နေပြီး လာမည့် သုံးရက်အတွင်း အပူချိန်မှာ ၄၁ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်ကြောင်း၊ လာမည့်ရက်ပိုင်းအတွင်း အပူချိန် ၄၁ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်သော ဒေသများမှာ ကာရာချိမြို့အပါအဝင် ဟိုင်ဒါရာဘတ်မြို့၊ တက်သာမြို့၊ ဆူဂျာဝယ်လ်မြို့၊ ဘာဒင်မြို့၊ အမ်မာကော့မြို့နှင့် သာပါကာမြို့တို့ဖြစ်ကြောင်း ပါကစ္စတန်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

“ပြင်းထန်တဲ့ အပူလှိုင်းဖြတ်သန်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်ဟာ ၃၉ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပါတယ်။ လာမဲ့သုံးရက်အတွင်း အပူချိန်ဟာ ၃၉ ဒီဂရီစင်တီဂရိတ်ကနေ ၄၁ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်ပါတယ်။ အပူလှိုင်းအခြေအနေနဲ့ပတ်သက်ပြီး အချိန်ပြည့်စောင့်ကြည့်တိုင်းတာနေသလို အပူချိန်ပြောင်းလဲမှုကိုလဲ အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးနေပါတယ်”ဟု ပါကစ္စတန် မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အပူလှိုင်းပြင်းထန်မှုကြောင့် ကျန်းမာရေးလုံခြုံမှုကိုပါ ထိခိုက်စေနိုင်ပြီး ဒေသခံများအနေဖြင့်လည်း အပူအအေးမျှတသော နေရာများတွင် နေထိုင်သွားလာသင့်ကြောင်း ပါကစ္စတန်ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။


အပူလှိုင်းဖြတ်သန်းမှုနှင့်ပတ်သက်ပြီး ပါကစ္စတန်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနကလည်း အချိန်ပြည့်စောင့်ကြည့်တိုင်းတာလျက်ရှိသကဲ့သို့ အပူချိန်ပြောင်းလဲမှုနှင့်ပတ်သက်၍လည်း အချိန်နှင့်တစ်ပြေးညီ သတင်းများထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

**Ref : Nation**
**Trs : Sai Sat**

0w Mkv d @

# ဈေးသည်

ကျော်မင်း(ပုဂံမြေ)




(၁)

လွမ်းတတ်သူများအဖို့တော့ အရာရာဟာလွမ်းစရာတွေချည်းပဲဆိုတဲ့ စကားကသိပ်မှန်တာပဲ။ အလွမ်းဆိုတာမျိုးကတော့ အမျိုးမျိုးရှိကြတာပေါ့လေ။ အချို့အလွမ်းတွေကျတော့ လွမ်းသူကိုပူလောင်စေတတ်၊ အိုမင်းစေတတ်ပြီး အချို့အလွမ်းတွေကျတော့ လွမ်းသူကို ကြည်နူးစေတတ်၊ နုပျိုစေတတ်တယ်လေ။ ကျွန်မအစ်ကို့ကို လွမ်းရတဲ့အလွမ်းကတော့ ပျော်ရွှင်ကြည်နူးစရာတွေကော၊ သောကဖြစ်စရာတွေကော လုံးထွေးစေတတ်တဲ့အလွမ်းမျိုးလို့ပြောရင် မှားမယ်မထင်ပါဘူး။ ကျွန်မနဲ့အစ်ကို စဆုံဖြစ်တာက ရွှေစည်းခုံဘုရားနားက မြင်းလှည်းဂိတ်မှာပါ။ အစ်ကိုက မြင်းလှည်းတစ်စီးကို ဈေးညှိငှားရမ်းပြီး ထွက်သွားတော့မဲ့ဆဲဆဲ ကျွန်မကလဲ ပန်းတွေရောင်းကုန်သွားလို့ အိမ်ကိုပြန်ဖို့အလာ နှစ်ယောက်သား မြင်းလှည်းဂိတ်မှာဆုံဖြစ်တာက စတာပါပဲ။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ အစ်ကိုငှားထားတဲ့ မြင်းလှည်းပိုင်ရှင်က ကျွန်မအိမ်ပြန်ရင် ပုံမှန်လိုက်ပို့ ပေးနေကျဖြစ်တဲ့ ကျွန်မရဲ့မောင်ဝမ်းကွဲတော်စပ်သူလေ။

(၂)

"အောင်ကြီးရေ အစ်မကို ထုံးစံအတိုင်း အိမ်လိုက်ပို့အုံး"

"ဒီနေ့တော့ အခြားမြင်းလှည်းနဲ့ ပြန်လိုက်ပါအစ်မရယ်။ ဒီမှာဈေးသည်နဲ့က ဈေးစကားလဲ ပြောပြီးသားမို့လို့ပါ"

"ဟာ နင်ကလဲ အခြားသူစိမ်းမောင်းတဲ့ မြင်းလှည်းကို ငါမစီးချင်ပါဘူး။ ပြီးတော့ ဒီနေ့ဈေးထဲလဲ ဝင်ရအုံးမယ်။ အမေကလဲ အပြန်နောက်ကျမယ်တဲ့။ ငါ့ကိုအိမ်အလုပ်တွေလုပ်ထားဖို့ ခိုင်းထားတယ်ဟ"

ကျွန်မတို့ မောင်နှမနှစ်ယောက် အချေအတင်ပြောနေတာမြင်တော့ အစ်ကိုက ကျွန်မကို အားနာသွားတယ်ထင်ပါရဲ့။

"ဒီက ညီမလေးက အရေးကြီးနေတယ်ထင်ပါတယ်။ ဒါဖြင့်ရင် ဒီလိုလုပ်လိုက်မယ်လေ။ အစ်ကိုက အခြားမြင်းလှည်းကိုပဲ ငှားလိုက်ပါ့မယ်။ ညီလေးက ဒီက ညီမလေးခိုင်းတဲ့ကိစ္စကိုပဲ လုပ်ပေးလိုက်ပါ။ ရပါတယ် အစ်ကို့ကိုအားမနာပါနဲ့"

"ကျေးဇူးတင်လိုက်တာအစ်ကိုရယ် ကျွန်မလဲ ဒီနေ့မှ နည်းနည်းနောက်ကျနေလို့ အခုလို လောမိတာပါ။ စိတ်မရှိပါနဲ့နော်အစ်ကို"

"ရပါတယ် ညီမရယ် အစ်ကိုတခြားမြင်းလှည်းနဲ့ပဲ သွားလိုက်ပါ့မယ်"

အစ်ကိုက အခြားမြင်းလှည်းငှားဖို့ ထွက်သွားတော့မှ မောင်ဖြစ်သူက ကျွန်မကိုအပြစ်တင်တယ်။

"အစ်မကလဲ အရေးအကြောင်းဆိုလုပ်ပြီ။ သူက ကျွန်တော့်မြင်းလှည်းကို တစ်နေကုန်ငှားမှာအစ်မရဲ့။ အစ်မလုပ်တာနဲ့ပဲ ဖောက်သည် အကြီးစားကြီး လွတ်သွားပြီ"

"အေးပါဟယ် ငါတောင်းပန်ပါတယ်။ ငါလဲ ဒီနေ့မှ နောက်ကျနေလို့ပါဟာ။ ကဲကဲ စကားမများနဲ့ မြန်မြန်သာမောင်းတော့"

(၃)

ကျွန်မတို့မိသားစုမှာ မိသားစုဝင်သုံးယောက်ပဲရှိတယ်။ အမေရယ်၊ ကျွန်မရယ်၊ မောင်လေးရယ်။ ကျွန်မအဖေက ကျွန်မ ရှစ်တန်းတက်တဲ့နှစ်မှာပဲ ကွယ်လွန်သွားခဲ့တယ်။ အဖေကွယ်လွန်သွားတော့ ကျွန်မအသက်က ၁၃ နှစ်၊ မောင်လေးအသက်က ၁၀ နှစ် ဒီလူမမည်ကလေးနှစ်ယောက်ကို အမေကပဲ ပန်းရောင်းပြီးရှာကျွေးခဲ့တယ်။ အခုဆို မောင်လေးက ၁၀ တန်းကျောင်းသားဖြစ်နေပြီဆိုတော့ မောင်လေးရဲ့ ကျောင်းစရိတ်နဲ့မိသားစုစားဝတ်နေရေးက အမေ တစ်ယောက်တည်းရဲ့လုပ်အားနဲ့ အဆင်မပြေတော့ဘူးလေ။ ဒီတော့ ကျွန်မကလဲ တစ်ဖက်တစ်လမ်းကနေ ဝင်ငွေရအောင်လို့ အမေ့လိုပဲ ဘုရားဝင်းထဲမှာ ပန်းရောင်းတဲ့အလုပ်ကို လုပ်ရတာပေါ့။ အမေက အာနန္ဒာဘုရားဝင်းထဲမှာရောင်းတယ်။ ကျွန်မက ရွှေစည်းခုံဘုရားဝင်းထဲမှာရောင်းတယ်။ ပန်းတွေကို အခင်းရှင်ဆီကနေ ဖောက်သည်ဈေးနဲ့ယူပြီး မနက်စောစော မြင်းလှည်းနဲ့ဘုရားကိုလာ။ ပြီးရင်မြန်မြန်ကုန်အောင်ရောင်းပြီး အိမ်ကိုပြန် အိမ်အလုပ်တွေလုပ်။ ဒါတွေက ကျွန်မရဲ့ နိစ္စဓူဝ အလုပ်ပဲလေ။ ဒီလိုနဲ့ နောက်သုံးလေးရက်ကြာတော့ အစ်ကိုနဲ့ထပ်ဆုံဖြစ်တယ်။ ကျွန်မက ထုံးစံအတိုင်း ဘုရားဝင်းထဲမှာ ပန်းရောင်းနေတုန်း အစ်ကိုဘုရားဝင်းထဲလာတာမြင်တော့ ကျွန်မကပဲ အရင်နှုတ်ဆက်လိုက်တယ်။

"ဟိုတစ်နေ့က မြင်းလှည်းငှားတဲ့အစ်ကို မဟုတ်လားဟင်"

ကျွန်မက ရုတ်တရက်နှုတ်ဆက်လိုက်တော့ အစ်ကိုက ကျွန်မမျက်နှာကိုကြည့်ပြီး စဉ်းစားနေပုံရတယ်။

"ကျွန်မကို မမှတ်မိဘူးလား။ ဟိုတစ်နေ့က အစ်ကိုမြင်းလှည်းတစ်စီးကိုငှားနေတုန်း ကျွန်မရောက်လာပြီး အစ်ကိုငှားထားတဲ့မြင်းလှည်းကို စီးသွားတာကျွန်မပေါ့"

"ဟုတ်ပြီမှတ်မိပြီ။ ညီမက ဒီမှာပန်းရောင်းတာလား"

"ဟုတ်တယ်အစ်ကို။ ညီမနာမည်က နှင်းနှင်းအေးလို့ခေါ်ပါတယ်။ ပုဂံညောင်ဦးမှာ လိုအပ်တဲ့အကူအညီလိုလဲပြောပါအစ်ကို"

"ဟုတ်ကဲ့ အစ်ကို့နာမည်က ဘုန်းဝေလို့ခေါ်ပါတယ်။ ရန်ကုန်က လာခဲ့တာပါ။ ညီမက ပန်းရောင်းတယ်ဆိုတော့ မိတ်ဖြစ်ဆွေဖြစ်အားပေးရမှာပေါ့ဗျာ။ တစ်စီးဘယ်လောက်လဲ"

"တစ်စီးကို သုံးရာပါအစ်ကို"

"အဲလိုဆိုရင် ရတနာသုံးပါးဦးထိပ်ထားပြီး သုံးစီးယူမယ်လေ"

"ဟုတ်အစ်ကို ကျေးဇူးတင်ပါတယ်နော်"

(၄)

အဲဒီလိုနဲ့ အစ်ကိုနဲ့ကျွန်မရင်းနှီးခဲ့ကြတယ်။ပိုပြီးရင်းနှီးသွားရတဲ့အကြောင်းကတော့ ငှက်ပစ်တောင်စေတီကို အစ်ကိုနဲ့ ကျွန်မ အတူသွားဖြစ်ခဲ့တဲ့နေ့ပါပဲ။ အဲဒီနေ့က ကျွန်မလဲ ဘုရားမှာပန်းတွေ စောစောရောင်းကုန်တာနဲ့ မြင်းလှည်းစီးပြီးအိမ်ပြန်လာခဲ့တယ်။ အိမ်ရောက်တော့ ကျောင်းပိတ်ရက်ဖြစ်လို့ အိမ်မှာရှိနေတဲ့ မောင်လေးကိုအဖော်လုပ်ပြီး အိမ်အတွက်လိုအပ်တာလေးတွေဝယ်ဖို့ ဈေးကြီးဘက်ကိုထွက်ခဲ့လိုက်တယ်။ လိုအပ်တာလေးတွေဝယ်ခြမ်းပြီး ဈေးကပြန်အထွက်မှာ အစ်ကိုနဲ့ထပ်ဆုံလိုက်ရတယ်လေ။ ဒီတစ်ခါတော့ အစ်ကိုကစပြီးနှုတ်ဆက်တယ်။

"ညီမ ဈေးလာဝယ်တာလား"

"ဟုတ်တယ်အစ်ကို ဒီနေ့ပန်းတွေစောစောရောင်းကုန်တာနဲ့ အိမ်အတွက် လိုအပ်တာလေးတွေဝယ်ဖို့ ဈေးဘက်ထွက်လာတာ။ ဒါက ကျွန်မမောင်လေးပါ။ ဒီနှစ် ၁၀ တန်းဖြေရမှာလေ"

"ဒီမှာရပ်ပြီး စကားပြောရတာမကောင်းပါဘူး။ ဟိုမှာလက်ဖက်ရည်ဆိုင်ရှိတယ်။ လက်ဖက်ရည်သောက်ရင်း စကားပြောကြတာပေါ့။ လာပါ သွားရအောင်လေ"

အစ်ကိုခေါ်တော့ ကျွန်မလဲ မငြင်းသာပါဘူး။ ဈေးအနားကလက်ဖက်ရည်ဆိုင်ထဲကို သုံးယောက်သား ဝင်ထိုင်လိုက်ကြတယ်။

"အစ်ကိုက ပုဂံကို အခြားကိစ္စနဲ့လာတာလား။ ဘုရားဖူးသက်သက်လာတာလား"

"ဘုရားဖူးသက်သက်ပဲ လာခဲ့တာပါ။ ပုဂံကိုလာခဲ့တာ ဒါပထမဆုံးအကြိမ်ပဲ။ တစ်ခါမှမရောက်ဖူးဘူး"

"ဘယ်မှာတည်းသလဲအစ်ကို။ အသိအကျွမ်းကော ရှိရဲ့လား"

"အသိမိတ်ဆွေရယ်လို့ မရှိပါဘူး။ အစ်ကိုက ဟိုတယ်တစ်ခုမှာ တည်းတာလေ။ တစ်လလောက်တော့နေမယ် စိတ်ကူးထားတာပဲ"

"ဟုတ်လား ဘုရားတွေကော နေရာအနှံ့ဖူးခဲ့ပြီးပြီလား"

"စုံသလောက်တော့ရှိပါပြီ။ တန့်ကြည့်တောင်ဘက်ကိုတော့ မရောက်သေးဘူး။ နောက်ပြီး တုရင်တောင်စေတီလဲ မဖူးရသေးဘူး။ နောက်ငှက်ပစ်တောင်စေတီဘက်လဲ မရောက်ဖြစ်သေးဘူး"

"ငှက်ပစ်တောင်စေတီက ဒီကနေသွားရင် နီးနီးလေးအစ်ကို။ မြင်းလှည်းနဲ့သွားလို့ရတယ်"

"ဟုတ်လား အခန့်သင့်လိုက်တာဗျာ။ ဒါဖြင့် ညီမတို့ အဆင်ပြေရင်အစ်ကို့ကိုလိုက်ပို့ပေးပါလား"

"ဟုတ်ကဲ့ ရပါတယ်အစ်ကို"

ကျွန်မလဲ မောင်လေးကို အိမ်အရင်ပြန်ခိုင်းလိုက်ပြီး အစ်ကိုနဲ့အတူ ငှက်ပစ်တောင်စေတီဘက် ထွက်လာခဲ့လိုက်တယ်။ ဘုရားဖူးရင်းနဲ့ပဲ ကျွန်မတို့နှစ်ယောက် သူ့အကြောင်း ကိုယ့်အကြောင်း အပြန်အလှန်ပြောဖြစ်ခဲ့ကြတယ်။

"ညီမတို့က မွေးချင်းမောင်နှမ နှစ်ယောက်တည်းရှိတာလား"

"ဟုတ်တယ်အစ်ကို ညီမတို့မိသားစုက အမေရယ်၊ မောင်လေးရယ်၊ ညီမရယ် မိသားစုဝင်သုံးယောက်ပဲရှိတယ်။ အဖေက ညီမ ရှစ်တန်းကျောင်းတက်တဲ့နှစ်မှာပဲ ကွယ်လွန်သွားခဲ့တာ။ အဖေမရှိတော့တဲ့နောက် မိသားစုစားဝတ်နေရေး ဦးစားပေးရတော့ ညီမလဲ ကျောင်းဆက်တက်ခွင့်မရခဲ့ဘူး။ မောင်လေးကိုတော့ ပညာရေးမှာ ဘွဲ့တစ်ခုရအောင်ထားပေးချင်တဲ့ အသိနဲ့ အမေ့လိုပဲ ဘုရားမှာပန်းရောင်းတဲ့အလုပ်ကို လုပ်ဖြစ်ခဲ့တယ်လေ"

ကျွန်မမိသားစုအကြောင်းတွေ အစုံအလင်ပြောပြလိုက်တော့ အစ်ကိုက ကျွန်မကို သနားသွားတယ်ထင်ပါတယ်။ ကျွန်မကိုကြည့်နေတဲ့အစ်ကို့ရဲ့ မျက်ဝန်းအိမ်ထဲမှာ ကရုဏာအငွေ့အသက်လေးတွေ တွေ့လိုက်ရတယ်။

"ညီမတို့မိသားစုအကြောင်းတွေ ကြားရတော့ စိတ်မကောင်းဖြစ်မိပါရဲ့။ နောက်တစ်ခုက "အစ်မကြီးအမိအရာ"ဆိုတဲ့စကားလို ကိုယ်အနစ်နာခံပြီး မောင်ဖြစ်သူကို ပညာသင်မြေတောင်မြှောက်ပေးချင်စိတ်ရှိတဲ့ ညီမရဲ့စိတ်ဓာတ်ကိုလဲ လေးစားမိပါတယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်အစ်ကို။ ဒါနဲ့ အစ်ကိုတို့ကကော ရန်ကုန်မှာဘာအလုပ်လုပ်လဲအစ်ကို"

"အစ်ကိုတို့က ရန်ကုန်မှာစားသောက်ဆိုင်ဖွင့်ထားတယ်လေ။ အစ်ကိုတို့က မိသားစုဝင် လေးယောက်ရှိတယ်။ အဖေရယ်၊ အမေရယ်၊ အစ်ကိုကြီးရယ်၊ အစ်ကိုရယ်ပေါ့။ စားသောက်ဆိုင်လုပ်ငန်းကိုတော့ အစ်ကိုကြီးကပဲ ဦးစီးလုပ်ကိုင်နေတာပေါ့။ အစ်ကိုလဲ ကျောင်းပြီးကတည်းက အပြင်အလုပ်မလုပ်ဖြစ်ဘဲ မိသားစုလုပ်ငန်းဖြစ်တဲ့ စားသောက်ဆိုင်မှာပဲ ဝင်လုပ်နေတာလေ"

အဲဒီနေ့က ကျွန်မတို့နှစ်ယောက် စကားတွေအများကြီးပြောဖြစ်ကြတယ်။ အစ်ကိုက ရန်ကုန်သားမြို့ကြီးသားဆိုပေမဲ့ ခေတ်ဆန်ဆန်ဝတ်စားဆင်ယင်မှုမရှိဘဲ ပလေကပ်ပုဆိုး၊ ယောပုဆိုးနဲ့ ရှပ်လက်ရှည်တို့နဲ့သာ ရိုးရိုးလေးဝတ်စားဆင်ယင်တတ်တာ ကျွန်မသတိထားမိတယ်။ ခန္ဓာကိုယ်အချိုးအစားပြေပြစ်ပြီး ရိတ်ပြီးစ နှုတ်ခမ်းမွှေးစိမ်းနုနုလေးနဲ့ အစ်ကို့မျက်နှာကိုကြည့်မိတဲ့အခါတိုင်း ဆယ်ကျော်သက်အရွယ်ဖြစ်တဲ့ ကျွန်မနှလုံးသားလဲ အခါခါရင်ခုန်မိတာပေါ့။ အဲဒီနေ့

စာမျက်နှာ ၂၅ သို့ ➤

# ပင်လည်ဘူးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၂၇၁၆ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ကောလင်း အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ပင်လည်ဘူးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၂၇၁၆ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

ပင်လည်ဘူးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၆၁၂၆၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၂၇၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ပင်လည်ဘူးမြို့နယ်မှာ မိုးစပါးဧက ၆၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိ မိုးစပါးဧက ၅၀၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ မိုးစပါးဧကလျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ မိုးစပါးစိုက်ပျိုးရာမှာ အချိန်မီစိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်တွေမှန်ကန်ဖို့၊ ပိုးမွှားရောဂါမကျရောက်ဖို့ ကာကွယ်ရေးနည်းလမ်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ယခုနှစ် ပင်လည်ဘူးမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲတတ်ရန်၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပင်လည်ဘူးမြို့နယ်တွင် ယခုနှစ် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှီးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# နောင်ချိုမြို့နယ် နောင်သခေါခေတ်မီစံပြကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နောင်ချို အောက်တိုဘာ ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နောင်သခေါခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ထွေးဝင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ နောင်သခေါခေတ်မီစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)ရန်ပုံငွေဖြင့် ကြံပြောင်းနှင့် စတော်ဘယ်ရီ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ စီမံကိန်းညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးပြောကြားသည်။

နောင်သခေါခေတ်မီစံပြကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အဖွဲ့လေးဖွဲ့ကို တစ်ဖွဲ့လျှင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၇၅ သိန်းစီ ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးမြင့်ထွေးဝင်းက ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

➤ စာမျက်နှာ ၂၄ မှအဆက်

က အစ်ကိုနဲ့အတူတူ သွားလာခဲ့တာတွေက ကြည်နူးစရာဖြစ်ခဲ့တယ်။

(၅)

"အမေ ဒီနေ့ပြန်လာတာစောလှချေလား။ ပန်းတွေကော ရောင်းကုန်ခဲ့ရဲ့လားအမေ"

"အေး ဒီနေ့ငါစောစောရောင်းကုန်လို့ စောစောပြန်လာပြီး ဈေးထဲခဏဝင်လိုက်ပါရဲ့ ညည်းသတင်းကလဲ တစ်ဈေးလုံးပြန့်လို့ပါလားအေ့"

"ရှင် ဘာသတင်းလဲအမေ သမီးဘာအမှားမှလဲ မလုပ်မိပါလား"

"ဘာ ဘာအမှားမှ လုပ်မထားပါဘူးဟုတ်လား။ ညည်းမို့ ပြောထွက်တယ်။ ညည်းမနေ့က ဘယ်သူနဲ့ဘယ်တွေသွားခဲ့လဲ။ ကိုယ့်ဘာသာကိုယ် ပြန်စဉ်းစားကြည့်ပေါ့အေ"

အမေ့စကားဆုံးတော့မှ အမေဘာကိုရည်ရွယ်ပြီး ပြောနေလဲဆိုတာကို ကျွန်မသဘောပေါက်လိုက်ပါတယ်။

"ညည်း မနေ့က ကောင်းကလေးတစ်ယောက်နဲ့ ငှက်ပစ်တောင်စေတီဘက်ရောက်နေတယ်ဆို။ အဲဒီကောင်ကလေးက ဘယ်သူလဲ၊ ဘယ်ကလဲ။ ညည်းနဲ့ဘယ်လိုပတ်သက်နေလဲ။ ငါ့ကိုမှန်မှန်ပြောစမ်း မိနှင်း။ သမီးမိန်းကလေးမွေးထားလို့ မျက်နှာပန်းလှရမလားမှတ်တယ် ရှိတဲ့မျက်နှာတောင် ဘယ်သွားထားရမှန်းမသိဘူး"

"သမီးတို့က ရိုးရိုးသားသားပါအမေရယ်။ သူက ရန်ကုန်ကလာတာ။ ဘုရားပေါ်မှာ ပန်းဝယ်ရင်းနဲ့သိကြတာပါ။ အဲဒီနေ့က ငှက်ပစ်တောင်စေတီဘက်သွားချင်တယ်ဆိုလို့ ကျွန်မက ညီသည်တစ်ယောက်ကို အိမ်ရှင်တစ်ယောက်က ဧည့်ဝတ်ပြုတဲ့သဘောမျိုးနဲ့ပဲ လိုက်ပို့လိုက်တာပါ အမေရယ်။ လူတွေကလဲ ခက်လိုက်တာနော် အကြောင်းအရာ ဂယနဂဏမသိဘဲနဲ့လဲ သူများအကြောင်းကို ဝေဖန်ကြ၊ ကဲ့ရဲ့ကြနဲ့"

"ဟဲ့ ဟုတ်လို့ကျော် ပုပ်လို့ပေါ်တဲ့ ညည်းသာအနေအထိုင်မှန်ခဲ့ရင် ပတ်ဝန်းကျင်ကလဲ အလကားလေကုန်ခံပြောနေမှာ မဟုတ်ဘူး။ အဓိကတရားခံက ညည်းပဲ။ နောက်ဆိုအနေအထိုင် အသွားအလာဆင်ခြင်ပါ မိနှင်း။ ငါဘာသံမှထပ်မကြားချင်ဘူး"

နောက်သီတင်းပတ်တစ်ပတ်လောက် ကြာတဲ့ထိ ကျွန်မနဲ့အစ်ကို မတွေ့ဖြစ်ကြဘူး။ ခဏတာရင်းနှီးခဲ့ပေမဲ့ ကျွန်မရဲ့ စိတ်ထဲမှာတော့ အစ်ကို့အပေါ် သံယောဇဉ်တွယ်မိသလို ခံစားလိုက်ရတယ်။ ပန်းရောင်းနေရင်းနဲ့လဲ အစ်ကိုများ ဘုရားရင်ပြင်ပေါ် ရောက်လာလေမလားဆိုတဲ့ အတွေးနဲ့ စောင်းတန်းဘက်ကို မကြာခဏမျှော်နေမိခဲ့တယ်။ ဒါပေမဲ့လဲ အစ်ကိုရောက်မလာပါဘူး။ နောက်တစ်နေ့ ကျွန်မပန်းရောင်းပြီး အိမ်ပြန်ဖို့ ဘုရားစောင်းတန်းပေါ်ကအဆင်းမှာ မထင်မှတ်ဘဲ အစ်ကို့ကိုတွေ့လိုက်ရတယ်။ ကျွန်မပျော်ရွှင်မှုက ဘယ်အရာနဲ့မှ မလဲနိုင်လောက်အောင်ပါပဲ။ ဒါပေမဲ့ ကျွန်မပျော်ရွှင်ရတာက ခဏတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုက နောက်နေ့ဆို ရန်ကုန်ပြန်မှာမို့လို့ လာနှုတ်ဆက်တာပါတဲ့လေ။ ကျွန်မရဲ့စိတ်အစဉ်က ပျော်ရွှင်မှုကနေ ဝမ်းနည်းခြင်းဘက်ကို ချက်ချင်းကူးပြောင်းခဲ့ရတယ်။ အစ်ကိုပြန်သွားပြီးနောက်ပိုင်းရက်တွေမှာ ကျွန်မစိတ်က အလိုလိုဝမ်းနည်းစိတ်ဝင်နေခဲ့တယ်။ နိစ္စဓူဝအလုပ်ဖြစ်တဲ့ ပန်းရောင်းနေရတဲ့ အချိန်တွေမှာလဲ ကျွန်မအရင်လို သွက်လက်ရွှင်ပျစွာ မရောင်းနိုင်တော့ပါဘူး။ ကျွန်မရဲ့ အတွေးအာရုံထဲမှာ အစ်ကို့ရဲ့ပုံရိပ်တွေပဲ အမြဲစိုးမိုးနေခဲ့ပြီလေ။ အစ်ကိုက ဘုရားဖူးခရီးသွားဧည့်သည်အဖြစ်နဲ့ ပုဂံကိုလာရောက်ခဲ့တာမှန်ပေမဲ့ အစ်ကို့ရဲ့ခြေရာတွေက ပုဂံမြေပေါ်မှာပဲ ထင်ကျန်ခဲ့တာမဟုတ်ပါဘူး။ ကျွန်မနှလုံးသားအိမ်ရဲ့ တစ်ထောင့်တစ်နေရာမှာလဲ အစ်ကို့ရဲ့ခြေရာတွေ၊ အစ်ကို့ရဲ့ပုံရိပ်တွေက ဧည့်သည်အဖြစ်ဝင်လာခဲ့သေးတယ်ဆိုတာကို ကျွန်မကလွဲပြီး ဘယ်သူကသိနိုင်မှာတဲ့လဲ။

## ဆရာ့မေတ္တာ

\- ပဲ့ပြင်ကာ ဆုံးမစကား
မြဲသင်ကြား ကျောင်းတော်ဝယ်၊
တပည့်တွေ အောင်မြင်မှု
ရှေးရှုမြဲကွယ်၊
ပီတိဖြင့် အားရှိတယ်
လမ်းပြကြယ် ဆရာမြတ်၊
လူရည်ချွန် ဖြစ်ဖို့ရေးကို
သင်ပေးပြတတ်။

\- နာသုံးနာ ရင်မှာအပ်လို့
မြဲမပြတ် ပျိုးထောင်ပေ၊
ပန်းကောင်းတွေ ပွင့်စေကြောင်း
ဆုတောင်းလျက်နေ၊
ဥယျာဉ်မှူး ဆရာတွေ
ကျန်းမာပါစေ ကိုယ်စိတ်အေး၊
ကျေးဇူးဂုဏ် အနန္တရယ်
မြတ်လှရဲ့လေး။

\- စေတနာ မေတ္တာပေး
နွေးထွေးသော အပြုံးတွေ၊
ဆရာသည် ကျေးဇူးများ
စွမ်းအားပေးဝေ၊
အတတ်လည်း သင်မြဲပေ
လမ်းကောင်းဖွေ ရှေးရှု၊
ဘေးအန္တရာယ် မကျရောက်
စောင့်ရှောက်လို့ပြု။

\- ပညာတွေ သင်ကြားပြု
နွေးထွေးစု ဆရာ့မေတ္တာ၊
လမ်းမှန်ကို ရောက်စေကြောင်း
ထိန်းကျောင်းပေးရှာ၊
ပညာတတ် ဖြစ်စေကာ
ဘဝမှာ တန်ဖိုးများ၊
ဆရာ့ဂုဏ် ကျေးဇူးသိလို့
ရှိခိုးစို့လား။ ။

**မောင်မျိုးချစ်(အညာမြေ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ရုပ်သေးရုပ်စုံရှုမကုန်

## ကိုဇော်ဌေး(ယဉ်ကျေးမှု)

အဆင့်အတန်းမြင့်သော သတ္တဝါအားလုံးသည် မိမိတို့၏ စိတ်လှုပ်ရှားမှုတို့ကို ကိုယ်အင်္ဂါအစိတ်အပိုင်း လှုပ်ရှားခြင်းဖြင့် ထုတ်ဖော်ပြသကြသည်။ သတ္တဝါများအနက် လူတို့သည်သာလျှင် ထိုသို့လှုပ်ရှားမှုကို အချိန်နှင့် စည်းဝါးကိုက်အောင်ပြုနိုင်ကြသည်။ လက်ခုပ်အချက်မှန်မှန်တီးခြင်း၊ ဖနောင့်အချက်မှန်မှန်ဆောင့်ခြင်းတို့သည် စိတ်လှုပ်ရှားမှုကိုပြသော ကိုယ်လက်လှုပ်ရှားမှုမျိုးဖြစ်သည်။ အထူးစိတ်လှုပ်ရှားမှုရှိသောအခါ ပါးစပ်မှအသံတို့ပင် ဖြစ်ပေါ်လာလေသည်။ အချိန်နှင့်စည်းဝါးကိုက်အောင်လှုပ်ရှားခြင်းကို ကခုန်ခြင်းဟုခေါ်၍ စည်းဝါးကိုက်စွာ အသံပြုခြင်းကို ဂီတဟုခေါ်သည်။ ထို့ကြောင့် ဂီတနှင့်အကသည် လူတို့၏ အတွင်းစိတ်သဏ္ဍာန်မှပေါ်ပေါက်လာသော အနုပညာများဖြစ်ကြသည်။ အတွင်းစိတ်သဏ္ဍာန်မှ ပေါ်ပေါက်လာသောအနုပညာဖြစ်သည့်အလျောက် ထိုလူမျိုးတို့၏ အတွင်းစိတ်သဏ္ဍာန်ကိုအကဲခတ်၍ ယဉ်ကျေးမှုကိုပါ ရိပ်စားမိနိုင်သည်။

ယဉ်ကျေးသိမ်မွေ့သောလူမျိုးဖြစ်၍ မင်းသမီး၊ မင်းသား၊ လူသားအချင်းချင်းတေးသီချင်းဂီတသံဖြင့် ခါးဖက်လက်တင်တွဲယှဉ်၍ပင် မကဝံ့ကြသလို၊ ကြည့်ရှုသူများကလည်း ရှက်ခြင်း၊ ကြောက်ခြင်းအားကြီးကြသဖြင့် ဝံ့ဝံ့ရဲရဲမကြည့်ဝံ့ကြသောအချိန်က သစ်သားရုပ်ကလေးများပြုလုပ်၍ ကြိုးစုံတပ်ဆင်ကာလူ၏ သဏ္ဍာန်၊ ဟန်ပန်အချိုးအစားများပြုလုပ်ကပြခဲ့ကြသည့်ကာလတစ်ခုသည် ရှိခဲ့သည်။ ကြည့်ရှုသူကလည်း လက်သင့်ခံ၊ ကပြဖျော်ဖြေသူကလည်းအဆင်ပြေသောကြောင့် နောင်တွင် အရုပ်ကလေးများကို တိုးချဲ့ရင်း ရုပ်စုံသဘင်သည် အရုပ်စုံလာခဲ့သည်။ မြန်မာလူမျိုးတို့၏ ရှေးဦးကာလအတွင်းစိတ်ဟုဆိုနိုင်သည်။ ထိုမှ ယဉ်ကျေးမှုသုခုမအနုပညာတစ်ရပ်ဖြစ်လာခဲ့သည်။ ထွန်းကားစည်ပင်ခဲ့သည်။ နောင်ကာလဝယ် မြန်မာဘုရင်များကိုယ်တိုင် အားပေးချီးမြှောက်ခဲ့သည်ထိ ခရီးပေါက်ခဲ့သည်။

မြန်မာ့ရုပ်စုံသဘင်သည် မြန်မာတို့ အမြတ်တနိုးတန်ဖိုးထားရှိခဲ့သော အနုပညာတစ်ရပ်ဖြစ်သည်။ အနုပညာတစ်ရပ်ဖြစ်ရုံသာမက မြန်မာ့စာပေ၊ မြန်မာ့ပန်းချီ၊ မြန်မာ့ပန်းပု၊ မြန်မာ့အက၊ မြန်မာ့ဂီတ၊ မြန်မာ့ငွေချည်ထိုး အစရှိသော မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာအစဉ်အလာများနှင့် ဆက်နွှယ်လျက်ရှိသည်။ တစ်နည်းအားဖြင့်ဆိုရသော် အမြင့်သဘင်သည် မြန်မာ့ယဉ်ကျေးမှုအနုပညာ စာပေပညာရပ်များ ပေါင်းစည်းတွေ့ဆုံရာ ရပ်ဝန်းတစ်ခုဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ရှေးဟောင်းကျမ်းကြီးများဖြစ်သော ဣရုဗေဒခေါ် ရိုကဗေဒကျမ်း၊ သက္ကတစာပေဖြင့်ပြုစုထားသောဒါပနကျမ်း၊ ဘရတနစ္စသျှတ္တရခေါ် အကနီတိကျမ်း၊ သံဂီတရတနကရကျမ်းများ၏အလိုအရ အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်ကပင် ရုပ်စုံသဘင်များရှိခဲ့သည်ဟုဆိုသည်။ ၁၆ ရာစုအတွင်း အိန္ဒိယနိုင်ငံတွင် အုပ်စိုးခဲ့သည့် မဂိုဘုရင်များ ဘုန်းမီးနေလတောက်ပစဉ်အခါကလည်း ရုပ်သေးပွဲများသည် အလွန်ခေတ်စားကြောင်း သမိုင်းဆိုင်ရာ အထောက်အထားများအရ သိရသည်။

တရုတ်နိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်ကပင် ဖူကျင့်နယ်မှ ရုပ်သေးသဘင်စတင်ပေါ်ထွန်းလာသည်ဟု ဆိုကြသည်။ ခရစ်နှစ် ၉၆၀ ပြည့်နှစ်မှ ၁၂၇၉ ခုနှစ်ထိ တည်တံ့ထွန်းကားသော ဆွန်ခေတ်တွင် တရုတ်ရုပ်စုံသဘင်တိုးတက် ဖွံ့ဖြိုးလာသည်။ ထိုခေတ်က တရုတ်ပြည်သူများသည် ရုပ်သေးကို အလွန်နှစ်သက်ကြသည်ဟု တရုတ်ရာဇဝင်များကဆိုသည်။ ဆွန်မင်းဆက်ကာလသည် ပုဂံပြည်တွင် တောင်သူကြီးမင်းနှင့် စုက္ကတေးမင်းတို့အုပ်စိုးသည့်ခေတ်ပြိုင်ကာလဖြစ်သည်။

ကူးလူးဆက်ဆံမှုများကြောင့် စိတ်ကူးစိတ်သန်းတို့သည်လည်း ရောယှက်လာနိုင်သဖြင့် ရုပ်သေးသဘင်ပေါ်ပေါက်လာစေရန် စိတ်ကူးစိတ်သန်းများ ပေါ်ပေါက်စေရန် အခြေအနေလမ်းများရှိနေလေသည်။ ရုပ်သေးနှင့်စပ်လျဉ်း၍ အစောဆုံး တင်ပြနိုင်သော အထောက်အထားမှာ အင်းဝခေတ် ထူပါရုံဒါယကာ ဘုရင်နရပတိစည်သူပင်ဖြစ်သည်။ သက္ကရာဇ် ၈၀၆ ခုနှစ် (ခရစ်နှစ် ၁၄၄၄ ခုနှစ်)တွင် ရေးထိုးသော စစ်ကိုင်းထူပါရုံစေတီတော်ကျောက်စာ၌ တွေ့ရခြင်းဖြစ်သည်။ အင်းဝခေတ် ရှင်မဟာရဋ္ဌသာရ ဖွဲ့ဆိုအပ်သော ဘူရိဒတ်လင်္ကာကြီးတွင် "သစ်ပင်သစ်ခက်၊ သစ်ရွက်သစ်ဖျား၊ သစ်ခွကြားဝယ်၊ အလျားအခွေ၊ အတွေတွေဖြင့်၊ အတွေအခဲ၊ တွဲရရွဲလျက်၊ ကြိုးဆွဲငင်ချ၊ အရုပ်ကသို့၊ လျောကတတ်သက်၊ တဖြစ်ရှက်တည့်" ဟူ၍ တွေ့ရှိရသည်။ ကြိုးနှင့်ဆွဲ၍ ကသော အရုပ်ကဲ့သို့ဟု ဆိုလိုခြင်းဖြစ်နိုင်သလို အရုပ်ဟူသည့်စကားလုံးကိုလည်း တွေ့ရှိရသည်။ တစ်ဖန် ရှင်မဟာရဋ္ဌသာရ၏ 'သံဝရပျို့'တွင်လည်း "ညဥ့်ခါ ညဥ့်ခါ၊ ကြည့်ချေရာကား၊ လသာပကြိုက်၊ စောင်းငြင်းလိုက်၍၊ စရိုက်ခြည်းခြည်း၊ ဖြည်းဖြည်းညှင်းညှင်း၊ သာချင်းရတု။ ပျော်မှုတသီး၊ ရုပ်ကြီး ရုပ်ငယ်၊ မီးဝယ် ကြည့်ပွဲ"ဟူသော စကားအရ ရှုအိနာဖွယ်၊ ရှုစားစရာ၊ နားဆင်ရာ ရုပ်စုံသဘင်ပွဲများ၊ အရုပ်ဟူသောစကားလုံးနှင့်စတင်တွေ့ထိလာနိုင်ရာများပင်ဖြစ်တော့သည်။

နိုင်ငံခြားသားများ၏ မှတ်တမ်းအရ မြန်မာ့ရုပ်သေးကို အစောဆုံးမှတ်တမ်းတင်သူမှာ ဥရောပတိုက်သားတစ်ဦးဖြစ်သည့် မေဂျာမိုက်ကယ်ဆိုင်းပင်ဖြစ်သည်၊ ၁၇၉၅ ခုနှစ် 'အင်းဝသွားသံအဖွဲ့မှတ်တမ်း'တွင် "ကျွန်ုပ်တို့ မြို့တော်ဝန်အိမ်သို့သွားကြ၍ အကနှင့်ရုပ်သေးပွဲများကို ည ၁၁ နာရီထိ ကြည့်ကြသည်" ဟု ရေးသားထားသည်။ ရုပ်သေးကြည့်ရှုသောနေ့စွဲမှာ ၁၇၉၅ ခုနှစ် ဧပြီ ၁၂ ရက် နေ့ဖြစ်သည်။ မြန်မာ့ရုပ်သေးကို ဒုတိယအစောဆုံးမှတ်တမ်းတင်သူမှာ အင်္ဂလိပ်လူမျိုး ဗိုလ်ကြီးပက်ဘာတန်ဖြစ်သည်။ ပက်ဘာတန်က သူ၏ မဏိပူရမှ အင်းဝ၊ အင်းဝမှတစ်ဖန် ရိုးမတောင်တန်းကိုဖြတ်၍ ရခိုင်သွားမှတ်တမ်းတွင် မြန်မာ့ရုပ်သေးနှင့်ပတ်သက်၍ "အရုပ်တွင်ကြိုးပေါင်း ၃၂ ကြိုးတပ်ဆင်ထားပြီး ကြိုးများသည် သစ်သားဒလက်နှင့် ဆက်သွယ်ထားသည်"ဟူသည့် အသေးစိတ်ရေးသားချက်များပါဝင်ထားလေသည်။ မှတ်တမ်းတင်သည့် နေ့ရက်မှာ ၁၈၃၀ ပြည့်နှစ် ဩဂုတ် ၄ ရက်နေ့ဖြစ်သည်။ ထို့ပြင် ကပ္ပတိန်ဟင်နရီယူလေဆိုသူ၏ ၁၈၅၅ ခုနှစ် အိန္ဒိယဘုရင်ခံချုပ်က အင်းဝသို့စေလွှတ်သော သံအဖွဲ့မှတ်တမ်းတွင်လည်း ရုပ်သေးပွဲ၊ အရုပ်များ၊ ဇာတ်ခုံ၊ တင်ဆက်ပုံတို့ကို အသေးစိတ်မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။

မြန်မာ့ရုပ်သေးသည် ၁၁၈၃ ခုနှစ် (၁၈၁၂ ခုနှစ်)တွင် လုံးဝပြည့်စုံသောအဆင့်သို့ ရောက်ရှိလာလေသည်။ စဉ့်ကူးမင်း (၁၁၃၈-၁၁၄၃ ခုနှစ်) လက်ထက်တွင် သဘင်ဝန်ကြီး မင်းလှဥဇနာဘွဲ့ရ ဦးပိုးဖြူနှင့် ဒုတိယဝန် ပန်းခုနှစ်ရွာစား ပညာကျော်ဘွဲ့ရဦးတုတ်တို့သည် ဘုရင့်အမိန့်အရ သဘင်ဝန်ဆိုင်ရာ စည်းကမ်းများကို ထုတ်ပြန်လာကြကြောင်းတွေ့ရသည်။ စဉ့်ကူးမင်းက အနိမ့်သဘင်အတွက် စည်းကမ်းများကို ထုတ်ပြန်ခဲ့ပြီး အနှစ် ၅၀ ခန့်အကြာ ဘကြီးတော်မင်းတရားလက်ထက်တွင် ပိုမို၍တိကျကာ ပို၍ပြည့်စုံသော ရုပ်သေးသဘင်ဆိုင်ရာစည်းကမ်းများကို ၁၁၈၃ ခုနှစ် တပေါင်းလဆန်း ၉ ရက်တွင် ထုတ်ပြန်ခဲ့သည်။



သဘင်ဝန်ဆိုသောပုဂ္ဂိုလ်များမှာ မည်သည့်ကဗျာမျိုးကိုမဆို ချက်ချင်းပင် လင်္ကာဂုဏ်မြောက်အောင် စပ်ဆိုနိုင်ကြသည်။ တူရိယာအမျိုးမျိုးကို တတ်ကျွမ်းကြပြီး ပိဋကတ်၊ ဗေဒင်၊ သမိုင်းရာဇဝင်ဗဟုသုတတို့နှင့်ပြည့်စုံရခြင်း၊ တူရိယာအမျိုးမျိုးကို ကိုယ်တိုင်ပြုလုပ်တတ်ရခြင်း၊ ထီးမှုနန်းရာများကို တတ်မြောက်ကျွမ်းကျင်ရခြင်းရှိကြရသည်။

မြန်မာ့ရုပ်သေးသဘင်ကို လေ့လာသောအခါ နေ့ချင်းညချင်း တီထွင်ဖန်တီးရုံဖြင့် ဖြစ်ထွန်းတည်ရှိလာသည့် အနုပညာမဟုတ်ကြောင်း တွေ့ရသည်။ မြန်မာ့ရုပ်သေးရုပ်များကို ထွင်းထုလုပ်သည့်ပညာသည် မြန်မာတို့တွင် ရှေးကပင်ရှိနေသော သစ်ထွင်းပြုလုပ်သည့်ပညာမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ အရုပ်ထုလုပ်ထွင်းခုတ်သည့် ပညာတစ်ရပ်တည်းပင် ဆယ်စုနှစ်နှစ်စုမျှဖြင့် ပေါ်ထွက်လာနိုင်စရာအကြောင်းမရှိနိုင်ချေ။ ကျောက်ဆစ်ပညာ။ ပန်းပုပညာ၊ ပန်းချီပညာတို့သည်လည်း ဆက်နွှယ်ပတ်သက်နေပြန်သည်။ ထို့ကြောင့်ပင် အရုပ်လေးများသည် ဆေးရေးထင်ထင် လှချင်တိုင်းလှနေကြခြင်းဖြစ်သည်။

ထိုအတိုင်းပင် ကြိုးဆွဲပညာ တစ်နည်း ရုပ်သေးအကသည် မြန်မာအကကို ပီပီပြင်ပြင် ဖော်ကျူးကပြနိုင်သည်။ မြန်မာအက၏ အခြေခံသည် စင်းခြင်း၊ မတ်ခြင်း၊ မျဉ်းပြိုင်လှုပ်ရှားခြင်း၊ တဖြောင့်တည်းရှိခြင်းတို့ဖြစ်သော်လည်း သဏ္ဍာန်နှင့် ဝါတို့ ပြည့်စုံကုံလုံလာပါက ကွေးညွှတ်ခြင်း၊ ပျော့ပျောင်းခြင်း။ နွဲ့ခြင်း၊ ယိမ်းခြင်း နူးညံ့သိမ်မွေ့စွာ လှည့်ပတ်သွားလာခြင်းတို့ကို လွှမ်းခြုံနှစ်သက်လာကြလေသည်။ ထို့ကြောင့်ပင် မြန်မာ့အနုပညာကို နိုင်ငံတကာက ချီးမွမ်းကြလေသည်။

ရုပ်သေးသည် မြန်မာအကအားလုံးကို အသေးအဖွဲမှမကျန် တစ်သားတည်း၊ တစ်ကြောတည်း၊ တစ်ထပ်တည်း ကပြတင်ဆက်နိုင်ပေရာ ချီးမွမ်းမှုနှင့် အံ့ဩမှုတို့ပေါင်းစပ်ရာ အမြင့်သဘင်ပင်ဖြစ်တော့သည်။ ထိုထိုအရာတို့သည် အနည်းဆုံး ရာစုနှစ်တစ်ခုသို့မဟုတ် ရာစုနှစ်တစ်ခုထက်ပိုမိုကြာမြင့်သောကာလကပင် တည်ရှိနေသည်ဟု ဆိုဝံ့ကြခြင်းဖြစ်သည်။

ရုပ်သေးပွဲကိုတရုတ်လူမျိုးတို့က 'ကုန်အွဲဟီ' ဟုခေါ်ကာ အိန္ဒိယဘာသာ၌ 'ကတပူတရီ' ဟုခေါ်ကြသည်။ အီတလီဘာသာဖြင့် 'မာရီရန်နတ်ရှီး' ဟုခေါ်ကြပြီး အင်္ဂလိပ်ဘာသာဖြင့် 'ပတ်ပက်ရှိုး' ဟုခေါ်ကြလေသည်။ ရုပ်သေးပွဲသည် ပွဲကြည့်ပရိသတ်များ တရားသံဝေဂရရှိကြစေရန်အတွက် တူရိယာများတွင် ၃၁ ဘုံကိုရည်၍ တီးသောပတ်လုံးများကို ၃၁ လုံးထားခြင်း၊ ၃၁ ဘုံ၌ ရုပ်၂၈ပါးတို့အမျိုးမျိုးဖြစ်ပျက်နေကြပုံကို ပေါ်လွင်ထင်ရှားစေရန် ရုပ်သေးအရုပ်များကို ၂၈ ရုပ်တိတိထားကာ ကပြခြင်းများဖြစ်ထွန်းလာခဲ့သည်။ အရုပ် ၂၈ ရုပ်အနက် ဝန်ရုပ်လေးရုပ်သည် မဟာဘုတ်ကြီးလေးပါးကို အကြောင်းပြု၍လည်းကောင်း၊ ကျန် ၂၄ ရုပ်မှာ ဥပါဒါရုပ်တို့ကို အကြောင်းပြု၍လည်းကောင်း စီစဉ်ကြခြင်းပင်ဖြစ်သည်။

ရုပ်သေးပွဲအစီအစဉ်ဝယ်ပထမဆုံး၌ ပဏာမသဘောအားဖြင့် အန္တရာယ်ကင်းရန်နတ်ကတော်ထွက်ပြီးလျှင် ဒုတိယ၌ ကမ္ဘာလောကဓာတ် တောတောင်ရေမြေတည်ရသည်။ တတိယပိုင်းတွင် တိုင်းပြည်ထီးနန်းတည်၍ စတုတ္ထပိုင်း၌ လွမ်းခန်း၊ ဆွေးခန်းသို့မဟုတ် ပျော်ရွှင်စေသော အခန်းများဖြင့်ပြသခြင်းဖြစ်ရာ လောကကြီး၌ လူတို့၏ချမ်းသာဆင်းရဲဟု ဆိုအပ်သောလောကဓံတရားကို ပေါ်လွင်စေတော့သည်။ လူတို့သည်ရှေးအခါက ရှက်ခြင်း၊ ကြောက်ခြင်းဟု ဆိုအပ်သော ဟိရိဩတ္တပ္ပတရားများရှိကြသဖြင့် ရင်တားဖြင့်တားကာ (ယခုအခါ လက်တန်းအကာအကွယ်ဟုခေါ်သည်)၊ ရင်တားအတွင်းမှ တေးသီချင်းသီဆိုခြင်း၊ ဇာတ်ဝင် ဇာတ်စကားများကိုပြောဆိုခြင်းပြုကြပြီး အရုပ်များကို ခြေ၊ လက်၊ ခေါင်း၊ ခါးစုံတပ်ဆင်၍ အပြင်လက်တန်းမှထွက်၍ တွဲကခြင်းပြုကြလေသည်။

ထိုသို့သော ဂုဏ်အင်္ဂါတို့နှင့်ပြည့်စုံသည့် ရုပ်စုံသဘင်ကို ရှေးမင်းအဆက်ဆက်ချီးမြှောက်ခဲ့ကြသည့်နည်းတူ ယခုကာလအစိုးရကလည်း ချီးမြှောက်နေကြသည်။ နိုင်ငံတော်အဆင့် ပြိုင်ပွဲတစ်ခုဖြစ်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၌ ဘာသာရပ်တစ်ခုနှယ် ထည့်သွင်းယှဉ်ပြိုင်ကပြဖျော်ဖြေစေခြင်းက သက်သေကောင်းပင်ဖြစ်သည်။

၂၀၂၃ ခုနှစ်၌ကျင်းပမည့် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ရုပ်စုံသဘင်ဘာသာရပ်၏ ရုပ်စုံအဖွဲ့လိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရမည့် ရုပ်စုံသဘင်ဇာတ်တော်မှာ 'ပညာရွှေအိုး'ဖြစ်သည်ဟုသိရသည်။ ပညာရွှေအိုးဇာတ်လမ်းသည် မြန်မာအများစုနှင့်ကျွမ်းဝင်သည့် 'ကုဋေရှစ်ဆယ်သူဌေးသား' ဇာတ်လမ်းနှင့်ဆင်တူသည်။ ပညာရွှေအိုးဇာတ်ကို အထူးသဖြင့် လူငယ်လူရွယ်များ အားပေးကြည့်ရှုသင့်သည်။

မြန်မာ့ယဉ်ကျေးမှုအပြည့်အဝကို ရုပ်သေးအက၊ ရုပ်သေးသဘင်က ဖော်ထုတ်ပေးခဲ့သည်။ ထီးမှုနန်းဟန်တွင်လည်းကောင်း၊ သုံးနှုန်းဖွဲ့နွဲ့သီဆိုသောတေးသီချင်း၊ ကဗျာ၊ လင်္ကာတွင်လည်းကောင်း လေးနက်သည်။ ယဉ်ကျေးသိမ်မွေ့သည်။ ဇာတ်ကပြရာတွင် ဇာတ်ရည်လည်သည်။ တိုင်းပြည်လူထုပျော်ရွှင်မှုရကြရုံမကပြုပြင်ပေးနိုင်စွမ်းရှိသဖြင့် ရှေးမြန်မာဘုရင်များက ရုပ်သေးစင်ထောင်ခြင်း၊ ဆုလာဘ်ပေးခြင်းစသည်ဖြင့် ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သကဲ့သို့ ယခုအခါ ထိုနည်းအတိုင်း လက်ဆင့်ကမ်းအမွေထိန်းသိမ်းနေကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**၁။ မြန်မာ့ရုပ်စုံသဘင်(မောင်သိန်းနိုင်)**

**၂။ ယနေ့ မြန်မာ့ရုပ်သေးသဘင်(ချစ်စံဝင်း)**

**၃။ ရုပ်သေးရုပ်ထုပန်းပုပညာ(ရာမညကိုကိုနိုင်)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

---

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ ၈၄၈၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မင်းကင်း အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ၈၄၈၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မင်းကင်းမြို့နယ်တွင် ပဲမျိုးစုံသီးနှံ ၈၅၅၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၈၄၈၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် မင်းကင်းမြို့နယ်မှာ ပဲမျိုးစုံဧက ၈၅၀၀ ကျော်လျာထား စိုက်ပျိုးခဲ့ရာ ဧက ၈၄၀၀ ကျော် စိုက်ပျိုးပြီးစီးနေပါပြီဖြစ်ပါတယ်။ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းတဲ့မျိုးတွေ ပြောင်းလဲစိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်း ၅၅၅၃ ဧက၊ ပဲပုပ် ၁၀၈ ဧက၊ပဲလွမ်း ၂၅ ဧက၊ ပဲစင်းငုံ ၂၂၅၇ ဧက၊ ပဲယဉ်း ၇၈ ဧက၊ ပဲကြီး ၄၆၄ ဧက စုစုပေါင်း ၈၄၈၅ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ပဲတီစိမ်း ၅၆၃၆ ဧက၊ ပဲပုပ် ၉၀ ဧက၊ ပဲလွမ်း ၂၅ ဧက၊ ပဲစင်းငုံ ၂၂၇၉ ဧက၊ ပဲယဉ်း ၇၄ ဧက၊ပဲကြီး ၄၅၄ ဧက စုစုပေါင်း ၈၅၅၈ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် ပဲမျိုးစုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန အနေဖြင့် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနိုင်ရေး၊စိုက်နည်းစနစ်မှန်ကန်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ ပိုးမွှားရောဂါကျရောက်မှု အန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မင်းကင်းမြို့နယ်တွင် ပဲမျိုးစုံစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် မေလမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၈၅၅၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ (၂၀၆)

---

# လွိုင်လင်မြို့နယ် ဒုံတဖြူကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**လွိုင်လင် အောက်တိုဘာ ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒုံတဖြူကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်၊ ဦးစီးအရာရှိ (နည်းပညာ) ဒေါ်အိသိရိနွယ်နှင့် တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများသည် ဒုံတဖြူကျေးရွာ၌ အရှည် ပေ ၁၃၀၀၊ အကျယ် သုံးပေ၊ အမြင့် လေးလက်မရှိ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းနှင့် ဆိုလာရေသန့်စင်စက် တပ်ဆင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ဒုံတဖြူကျေးရွာ၌ အဆိုပါ ကျေးရွာတွင်း ကွန်ကရစ် ဘီးလမ်းခင်းခြင်းနှင့် ဆိုလာရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေ ၂ ဒသမ ၈ သန်းအသုံးပြု၍ လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဩဂုတ်လ စတုတ္ထပတ်မှ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ ကျေးလက်နေ ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေလွယ်ကူချောမွေ့ပြီး သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**မောင်ရိုင်**

# ဘဝလမ်းနှင့်လူနှစ်ယောက်

**နွေကုံကော်(မြို့လှ)**

ကြိုက်နှစ်သက်သော ကဗျာ၊ လင်္ကာများကို နှလုံးသားထဲထည့်ထားတတ်သည်မှာ ကျွန်တော်၏ များစွာသောအကျင့်များထဲမှ အကျင့်တစ်ခုပင်ဖြစ်သည်။ စာပေသည် ကျွန်တော့်အတွက် များစွာသော ဘဝတံခါးများကို ဖွင့်ပေးခဲ့သည်။ ကာရန်အချိတ်အဆက်များစွာဖြင့် လှပစွာဖွဲ့သီထားသော ကဗျာနုနု၊ စာနုနုများကို နှုတ်ဖျားတွင် ရွတ်ဆိုရသည်မှာ ကျွန်တော့်အတွက် တစ်မူထူးကဲသည့် အရသာတစ်မျိုးပင်ဖြစ်၏။ ငယ်စဉ်တုန်းကသင်ခဲ့ရသော "တစ်တောင်ပေါ် တစ်တောင်ဆင့်၊ တောင်အမြင့် ပတ်ခြံရံ၊ တစ်တောင်ဆုံးပြန်တော့၊ တောင်တစ်လုံးကျန်ပြန်ပေသမို့၊ ဖန်ဖန်လေအားအင်နှီးလို့ရယ်၊ ကြိုးလျှောက်ရပြန်"ဟူသည့် ထိပ်ဆုံးသို့ ကဗျာလေးကလည်း ယခုတိုင်အောင် ရင်ထဲတွင် ပြဋ္ဌာန်းချက်ကဗျာအဖြစ် ရှိနေဆဲဖြစ်သည်။

ဆရာဇော်ဂျီ၏ သင်သေသွားသော်ကဗျာနှင့် ဆရာကြီး မင်းသုဝဏ်၏ သူမှာတမ်းကဗျာများကြောင့် တိုင်းပြည်အပေါ် ပိုချစ်လာခဲ့ပြီး ပိုမိုတာဝန်ကျေချင်လာခဲ့သည်။ ပျဉ်းမငုတ်တိုကဗျာကြောင့်လည်း ခွန်အားများ ထပ်ဖြစ်ခဲ့ရသည်။ ရှင်မဟာရဋ္ဌသာရ၏ ဆုံးမစာကဗျာများအပြင် ဆရာတော်ရေးသားသော ကိုးခန်းပျို့မှ "ပညာမုန်ယို၊ အရွယ်ပျိုက၊ မဆိုစလောက်၊ မာန်စောင်မြောက်၍၊ နှုတ်ငေါက်လွန်မိ"စသော ဆရာတော် ရှင်မဟာသီလဝံသကိုတောင်းပန်ထားသည့်လင်္ကာကို ဖတ်ရတော့လည်း များစွာသော ဆင်ခြင်တုံတရားများကို ရရှိစေခဲ့ပြန်သည်။ အနန္တသူရိယအမတ်ကြီး၏ "သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ" မျက်ဖြေလင်္ကာကိုဖတ်ရ၍လည်း မမြဲသည့်တရားသဘောနှင့် ခွင့်လွှတ်တတ်သည့်စိတ်ထားလေးများကို ပညာရခဲ့ပြန်သည်။ မကြာမီနှစ်များက ကဗျာဆရာကြီး မြင်းမူမောင်နိုင်မိုး၏ ဘဝလမ်း ကဗျာလေးကိုဖတ်လိုက်ရသည်။ အမျိုးသားစာပေဆုများရှင် ဆရာကြီး၏ ကဗျာကိုဖတ်ပြီးပြီးချင်း ကြိုက်နှစ်သက်ခဲ့သည်မှာ ဆန်းလှသည်တော့မဟုတ်ပေ။ ဆရာကြီးက လူ့သဘာဝသရုပ်ကို ပီပြင်အောင်ဖော်ထုတ်ပြခဲ့ပြီး အကောင်းအဆိုးကို ရွေးချယ်ခိုင်းထားသော ကဗျာလေးမှာ ကျွန်တော့်ခံစားချက်များနှင့် ထပ်တူကျခဲ့ပြန်ပါသည်။ ကဗျာလေး၏ အမည်မှာ "ဘဝလမ်း"ပင်ဖြစ်ပါသည်။

"ငါလျှောက်မည့်လမ်း၊ ဆူးခက်လွှမ်း၍
မြက်ကြမ်းလိမ်ရှုပ်၊ နွယ်ချုံပုတ်နှင့်
သစ်ငုတ်များစွာ၊ ကျည်းတန်ကာလျှင်
ဆီးကာအံ့လော၊ သို့တွေးတောလျက်
ဒေါသမာန်ဝင်၊ ကန်ကျောက်စဉ်ဝယ်
ငါလျှောင်ခံခက်၊ သွေးစက်စက်ဖြာ
ခြေလက်နာ၏"ဟူ၍ ကဗျာပထမအပိုဒ်တွင် ရေးဖွဲ့ထားပါသည်။

လူတချို့သည် ဆူးခက်၊ ချုံပုတ်၊ သစ်ငုတ်များ ရှုပ်ထွေးနေသော လမ်းကြမ်းကြမ်းများကို လျှောက်လှမ်းရသည့်အချိန်တွင် မကျေနပ်ခြင်း၊ ဒေါသဖြစ်ခြင်းများဖြင့် ဆဲဆိုပြစ်တင်ပြီး သစ်ငုတ်၊ ချုံပုတ်များကို ကန်ကျောက်လေ့ရှိ၏။ ဘေးပတ်ဝန်းကျင်ကိုလည်း အလိုမကျခြင်းများစွာဖြင့် ငြူစူပြစ်တင်နေတတ်၏။ ရင်ဆိုင်ကြုံတွေ့ရသည့် ပတ်ဝန်းကျင်ဆိုးမှ ခယောင်းလမ်းများကို လက်ခံလိုစိတ်မရှိကြ။ ဒါကလည်း လူ့သဘာဝတစ်ခုပင်ဖြစ်လေသည်။ မည်သူမဆို လမ်းကောင်းလမ်းချောမှ လျှောက်လှမ်းလိုသူများပင် မဟုတ်ပါလော။ စိတ်ထွက်ပေါက် အမှားများဖြင့် မြင်တွေ့ရသော ပတ်ဝန်းကျင်ဆိုးကို ဒေါသတကြီး ရင်ဆိုင်မှုကြောင့် မျှော်လင့်မထားသောဆိုးကျိုးများက မိမိဆီပြန်လည်ရောက်ရှိလာခဲ့ပါသည်။ ဒုတိယအပိုဒ်တွင်-

"ဤလမ်း၌ပင်၊ အတွေးပြင်၍
မြက်ပင်ကိုနုတ်၊ ဆူးကိုခုတ်၏
သစ်ငုတ်ကိုထွင်း၊ ချုံကိုရှင်း၏
တေးချင်းဆိုကာ၊ ဤနေရာဝယ်
ငါနှင့်မခြား ၊ လူအများတို့
သွားစေလာစေ ၊ ပြေချောစေဟု
စိတ်နေမြင့်စွာ ၊ ကျင့်သောခါဝယ်
လိုရာငါရောက်ခဲ့ပါ၏"ဟု ဆိုထားပါသည်။

တချို့ကျတော့လည်း ထိုကဲ့သို့လမ်းဆိုးလမ်းကြမ်းများကို တွေ့ရသည့်တိုင် နောက်လူများအတွက် စဉ်းစားပြီး ကောင်းအောင်ပြုပြင်ရန် ကြိုးစားကြသည်။ ရှုပ်သောလမ်းကိုရှင်း၍ ဆူးငြောင့်ကို ခုတ်ထွင်ပေးခဲ့သည်။ သစ်ငုတ်ကိုအဆွေးအမြည့်များကို တူးဖော်ပြီး လမ်းစပွင့်စေခဲ့သည်။ မွန်မြတ်သော စိတ်ထား၊ ကိုယ်ချင်းစာတရားများဖြင့် ရသည့်အချိန်အတွင်း ပတ်ဝန်းကျင်ကို ရှင်းလင်းပြီးနောက် ရည်မှန်းရာသို့ ဆက်လက်ချီတက်ပြီး ပန်းတိုင်သို့ ရောက်ခဲ့ကြသည်။ စိတ်ဓာတ်မြင့်မြတ်သူတို့ပင်ဖြစ်ပေသည်။

"လမ်းကောင်းလမ်းဆိုး ၊ ထိုနှစ်မျိုးတွင်
ဆိုးကောင်းဟူဘိ ၊ မြင်အသိကို
မိမိစိတ်သာဖန်ဆင်း၏"ဟူ၍ ဆရာကြီးက နိဂုံးချုပ်ထားသည်ကိုတွေ့ရပါသည်။

ကျွန်တော်တို့သည် ဘဝလမ်းပေါ် လျှောက်လှမ်းနေသမျှကာလပတ်လုံး လမ်းကောင်းလမ်းဆိုးတို့နှင့် မလွဲမသွေကြုံတွေ့နေရဦးမည်သာဖြစ်သည်။ ကဗျာပထမအပိုဒ်ထဲကကဲ့သို့ ပြုကျင့်မည်လား၊ ဒုတိယအပိုဒ်ထဲကကဲ့သို့ ပြုကျင့်မည်လားဆိုသည်မှာတော့ မိမိစိတ်သဘောထားတွင်သာ တည်မှီနေကြောင်း ဆရာကြီးက ဆိုထားပါသည်။

ကဗျာလေးကိုဖတ်ပြီးပြီးချင်း တစ်ချိန်တုန်းက ကျွန်တော်နှင့်အတူတကွ တာဝန်ထမ်းဆောင်ခဲ့ဖူးသော မိတ်ဆွေနှစ်ဦးကို သတိရမိပါသည်။ မိမိထက် အသက်များစွာကြီးသော မိတ်ဆွေအစ်ကိုကြီးနှစ်ဦးနှင့် ညီရင်းအစ်ကိုသဖွယ် ခင်မင်ခဲ့ကြပါသည်။ သူတို့နှစ်ဦးမှာ လွန်ခဲ့သော နှစ် ၂၀ ကျော်က လုပ်ငန်းခွင်အတွင်း တာဝန်ရှိမှုနှင့် အရေးယူခံခဲ့ကြရပါသည်။ တစ်ဦးမှာ ထိုပြစ်ဒဏ်ကျပြီးနောက် အဆင်မပြေမှုများကို အရက်သေစာဖြင့် အစားထိုးရင်း မထူးဇာတ်ခင်း၍နေခဲ့ရာ အခြားအဆင်မပြေမှုများပါ ထပ်တိုးလာခဲ့ပါသည်။ နောက်ထပ် တစ်ဦးမှာမူ လုပ်ငန်းခွင်ရာထူးမတိုးနိုင်မှန်းသိသော်လည်း အရက်မသောက်၊ ကွမ်းမစား၊ လောင်းကစားမလုပ်ဘဲ စီးပွားရေးကို အာရုံစိုက်ခဲ့သည်။ လုပ်ငန်းခွင်ကိုလည်း တတ်စွမ်းသမျှကူညီခဲ့သည်။ သူတို့နှစ်ဦးမှာ သူငယ်ချင်းများဖြစ်ကြသည်။ အရက်၊ ကွမ်းဆေးတို့ကိုအဖော်ပြုပြီး လေလွင့်ခဲ့သော မိတ်ဆွေအစ်ကိုကြီးသည် နှစ်ကာလကြာလာသည်နှင့်အမျှ မိသားစုအဆင်မပြေမှုများ၊ ကျန်းမာရေးအဆင်မပြေမှုများနှင့် လုံးချာလည်နေကြောင်းကြားသိရ၏။ စိတ်ထားပြုပြင်ခဲ့သော အစ်ကိုကြီးမှာ အိုးပိုင်၊ အိမ်ပိုင် ကိုယ်ပိုင်စီးပွားရေးတို့ဖြင့် ဘဝသစ်တစ်ခုကို အခြေချနေသည်ကိုတွေ့ရပါသည်။ တက်ကျိုးလျှင် လက်ထိုးလော့မည့်စိတ် မမွေးဘဲ ရေစုန်မျောရန်စိတ်ကူးပါက မိမိဆိုက်ကပ်မည့်သောင်ကမ်းလည်း အလှမ်းဝေးခဲ့ကြောင်း ကျွန်တော် တွေ့ခဲ့ရပါသည်။

ယနေ့ကမ္ဘာပေါ်တွင်ရှိခဲ့ပြီးသော၊ ရှိနေကြသေးသော အထင်ကရလူသားအများစုသည် စင်းလုံးချောပြီးပြည့်စုံသည့်ဘဝများမှ ဖြတ်သန်းလာကြသူများ မဟုတ်သည်ကို သတိပြုရန်လိုပါသည်။ ထောင်ထဲတွင် မိမိဘဝကိုအနစ်မွန်းမခံဘဲ အင်္ဂလိပ်စာကျွမ်းကျင်အောင်သင်ယူခဲ့သော ဆရာကြီးဦးအောင်သင်း၊ မျက်လုံးတစ်ဖက်ကွယ်သော်လည်း တိုင်းပြည်အတွက် ရဲရဲဝံ့ဝံ့တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သော အစ္စရေးကာကွယ်ရေးဝန်ကြီး မိုရှေဒါယန်းနှင့် အခြားသော စံနမူနာထားစရာ ပုဂ္ဂိုလ်ကြီးများနည်းတူ ကောင်းမွန်သောခံယူချက်၊ ယုံကြည်ချက်များဖြင့် ဘဝလမ်းကိုလျှောက်လှမ်းသွားမှသာ မိမိအတွက်ရော ပတ်ဝန်းကျင်အတွက်ပါ ကောင်းကျိုးဖြစ်ထွန်းလိမ့်မည်ဟုယုံကြည်မိပါသည်။ ကောင်းမွန်သောခံယူချက် ယုံကြည်ချက်အတွေးအခေါ်များ၏ မြစ်ဖျားခံရာသည် စာကောင်းပေမွန်များပင်ဖြစ်၏။ ထိုစာကောင်းပေမွန်များမှပေးသော အသိပညာများသည် ကျွန်တော်တို့ကို လမ်းကောင်းလမ်းဆိုး ခွဲခြားပေးမည်ဖြစ်ပါသည်။

ကျွန်တော်ကတော့ ဖောက်ပြီးသားလမ်းဖြစ်စေ၊ မဖောက်ရသေးသောလမ်းဖြစ်စေ လမ်းကောင်းလမ်းဆိုး ထိုနှစ်မျိုးတွင် ကိုယ်တတ်စွမ်းသမျှ ဝန်နဲ့အားကိုသုံးပြီး ဘဝလမ်းကို ဆက်လက်လျှောက်လှမ်းသွားရန် အားတင်းထားမိပါသည်။

**❖ ထောင်ထဲတွင် မိမိဘဝကိုအနစ်မွန်းမခံဘဲ အင်္ဂလိပ်စာကျွမ်းကျင်အောင်သင်ယူခဲ့သော ဆရာကြီးဦးအောင်သင်း၊ မျက်လုံးတစ်ဖက်ကွယ်သော်လည်း တိုင်းပြည်အတွက် ရဲရဲဝံ့ဝံ့တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သော အစ္စရေးကာကွယ်ရေးဝန်ကြီး မိုရှေဒါယန်းနှင့် အခြားသော စံနမူနာထားစရာ ပုဂ္ဂိုလ်ကြီးများနည်းတူ ကောင်းမွန်သောခံယူချက်၊ ယုံကြည်ချက်များဖြင့် ဘဝလမ်းကိုလျှောက်လှမ်းသွားမှသာ မိမိအတွက်ရော ပတ်ဝန်းကျင်အတွက်ပါ ကောင်းကျိုးဖြစ်ထွန်းလိမ့်မည်ဟု ယုံကြည်မိပါသည်။ ကောင်းမွန်သောခံယူချက် ယုံကြည်ချက် အတွေးအခေါ်များ၏ မြစ်ဖျားခံရာသည် စာကောင်းပေမွန်များပင်ဖြစ်၏။ ❖**

# မဘိမ်းမြို့နယ် ပွေးတူးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မဘိမ်း အောက်တိုဘာ ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိစေရန်ရည်ရွယ်၍ ပွေးတူးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးမိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းတင်ထွန်းဦးနှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ပွေးတူးကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းတင်ထွန်းဦးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ပွေးတူးကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် အကျယ် လေးလက်မ၊ အနက်ပေ ၄၀၀ ခန့်ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၈ ဒသမ ၁ သန်းဖြင့် တင်ဒါအောင်မြင်သည့် ပြည့်ဝချမ်းသာကုမ္ပဏီက ယခုနှစ် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ပွေးတူးကျေးရွာရှိ အိမ်ခြေ ၁၀၅ အိမ်၊ လူဦးရေ ၅၁၄ ဦး ရာနှုန်းပြည့် နှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် ရာသီမရွေး သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

**ကိုပြည့်**

# ခါးနာခြင်းအတွက် အိမ်တွင်းကုထုံး

**ပေါက်ပေါက်**

ခါးနာခြင်းသည် အသက် ၆၀ ကျော်တွင် အဖြစ်များပြီး အသက်အရွယ်အပိုင်းအခြားမရွေးလည်း ဖြစ်တတ်သည်။ ခါးနာခြင်းကြောင့် အထိုင်အထ အသွားအလာခက်ခဲပြီး ဘေးကမြင်ရသူလည်း စိတ်မသက်သာ၊ ကာယကံရှင် ခံစားရသူအတွက် အလုပ်အကိုင်ပျက်ရသည်ထိ ဒုက္ခကြီးသည်။ ထို့ကြောင့် နိုင်ငံအရပ်ရပ်ရှိ ကျန်းမာရေးအသင်းအဖွဲ့များက လူအများတွင် ဖြစ်တတ်သော ခါးနာရောဂါဝေဒနာအကြောင်းနှင့် ခါးနာရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်နေထိုင်တတ်ရန်အတွက် ရည်ရွယ်၍ နှစ်စဉ်အောက်တိုဘာလ၏ ပထမရက်သတ္တပတ်ကို "Back Care Awareness Week "ခါးနာရောဂါသတိပြုရမဲ့ရက်သတ္တပတ်အဖြစ် အထူးတလည် သတ်မှတ်ပေးထားခြင်းဖြစ်သည်။

**ခါးနာခြင်းအကြောင်း**

ကျောရိုးအဆစ်ကြား အရွတ်ဝိုင်းနေရာလွဲသွားခြင်းကြောင့် ကျောရိုးဆစ်တစ်ခုနှင့်တစ်ခု ပွတ်တိုက်မိသောအခါ ခါးနာခြင်းဖြစ်ပေါ်လာရသည်။ ယေဘုယျအားဖြင့် ခါးနာခြင်းသည် သက်ကြီးပိုင်းအမျိုးသားများတွင် အဖြစ်များလေ့ရှိသည်။ သို့သော် အနေအထိုင် ပုံစံမမှန်ခြင်း၊ ဟန်ချက်မညီဘဲ အားစိုက်မိ၍ ကြွက်သားနှင့် အကြောများတွင် ဒဏ်ဖြစ်ခြင်း၊ အဝလွန်၍ ဝမ်းဗိုက်တွင် အဆီစုဝေးခြင်း၊ အားကစားလုပ်နည်း ပုံစံမမှန်ခြင်း၊ လေ့ကျင့်ခန်းပြင်းပြင်းထန်ထန်လုပ်ခြင်း၊ အလေးအပင်မခြင်း၊ ကွန်ပျူတာရှေ့အထိုင်များခြင်း စသည်တို့ကြောင့်လည်း သက်ကြီးပိုင်းသာမက သက်လတ်ပိုင်း အမျိုးသား၊ အမျိုးသမီးများပါ အားလုံးနီးပါး ခါးနာလေ့ရှိကြသည်။

အထိုင်များခြင်းကလည်း ခါးရိုးနှင့် ကျောရိုးတစ်လျှောက် ဝန်ပိသွားစေပြီး ခါးနာခြင်းကို ဖြစ်စေသည်။ ခါးနာခြင်းသည် လူတစ်ဦး၏ လှုပ်ရှားသွားလာမှုကို ခံရခက်စေပြီး နာတာရှည်ရောဂါဖြစ်သွားလျှင် ကုသရခက်ခဲစေသည်။ မိမိတွင် ခါးနာရောဂါမရှိဟူ၍ ပေါ့ဆ၍မရပါ။ ကြိုတင်ကာကွယ်နည်းများကို သိရှိသဘောပေါက်ပြီး လိုက်နာထားပါက ခါးနာခြင်းဝေဒနာ ကင်းဝေးနိုင်ပေလိမ့်မည်။ အနေအထိုင်အပြုအမူ ပုံစံမှားယွင်းမှုကြောင့် ခါးနာခြင်းကို ဖြစ်စေနိုင်သဖြင့် အောက်ပါနည်းလမ်းကောင်းများအတိုင်း ပြုမူနေထိုင်သင့်သည်။

- စနစ်တကျသယ်မပါ။ ဖြစ်နိုင်ရင် လေးလံသောအရာဝတ္ထုပစ္စည်းများကို မိမိတစ်ဦးတည်း သယ်မခြင်းရှောင်ပါ။ အကယ်၍ မဖြစ်မနေသယ်မရမည်ဆိုလျှင် ခါးကို အသုံးပြု၍ သယ်မခြင်းမပြုရ။ ခြေထောက်များကိုသာ အသုံးပြုပြီး သယ်မရမည်။
- မတ်တတ်ရပ်နည်း မှန်ကန်ပါစေ။ မတ်တတ်ရပ်ပုံစံမှားယွင်းခြင်းကလည်း ခါးနာခြင်းကို ဖြစ်စေနိုင်သည်။ မှန်ကန်သော မတ်တတ်ရပ်နည်းပုံစံများမှာ ခေါင်းမှ ခြေထောက်ထိ ခန္ဓာကိုယ်တစ်လျှောက် တစ်ပြေးညီ မတ်တတ်ရပ်ပါ။ နားရွက်၊ တင်ပါးနှင့် ဒူးများ တစ်ဖြောင့်တည်းဖြစ်ရမည်။ ဦးခေါင်းကို ရှေ့သို့မကုန်းဘဲ လည်ပင်းနှင့်တစ်ဖြောင့်တည်းဖြစ်နေရန် လိုအပ်သည်။
- ခါးကိုမတ်မတ်ထား၍ ထိုင်ပါ။ ခါးနောက်ကျောပေါ်သို့ ဖိအားသက်ရောက်မှုလျော့ပါးစေရန် ခါးကို မတ်မတ်ထား၍ ထိုင်ရမည်။ ခါးရိုးဆစ်များသည် မူလသဘာဝအားဖြင့် အင်္ဂလိပ်စာလုံး အက်စ်(S) ပုံစံဖြင့် တည်ဆောက်ထား၍ ထိုင်သောအခါတွင် (S) ပုံစံအနေအထားဖြစ်အောင် ထိုင်ရမည်။ စီ(C) ပုံစံအနေအထားမျိုးမဖြစ်စေရန် သတိထားရမည်။ ထိုင်ပြီး နာရီဝက်ကြာတိုင်း ထိုင်ခုံပေါ်မှထရပ်ကာ စက္ကန့်အနည်းငယ်ခန့် လမ်းထလျှောက်ရမည်။ ထို့ပြင် ဆိုဖာထူသော ကုလားထိုင်တွင် ကြာရှည်စွာထိုင်ရခြင်း၊ ကုလားထိုင်အစွန်းတွင် ကြာရှည်စွာထိုင်မိခြင်းတို့ကြောင့်လည်း ခါးနာခြင်းနှင့် ကျောဆစ်ရိုးလွဲခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။
- နူးညံ့ပျော့ပျောင်းသော ဖိနပ်ကိုစီးပါ။ ဖိဖိစီးသောဖိနပ်များကြောင့် ခါးနာခြင်းကို ပိုမိုဆိုးရွားနိုင်သည်။ ခါးနာနေသော အမျိုးသမီးများက ဖို့င့်သေး၍ ချွန်မြသော ဒေါက်ဖိနပ်မျိုးကို အထူးရှောင်ရှားရမည်။ ခါးနာလေ့ရှိသော အမျိုးသားများအနေဖြင့် နူးညံ့ပျော့ပျောင်းပြီး ကူရှင်ကောင်းသော ရှူးဖိနပ်ကို ရွေးချယ်ရန်လိုအပ်သည်။
- ခေါင်းအုံးခပ်ပါးပါးဖြင့် အိပ်စက်ပါ။ ခေါင်းအုံးထူထူဖြင့် အိပ်စက်ခြင်းက ခါးနာခြင်းကိုဖြစ်စေနိုင်သည်။ ခါးနာသူများသာမက ခါးမနာသေးသူများလည်း ကြိုတင်ကာကွယ်မှုအနေဖြင့် ခေါင်းအုံးပါးပါး သို့မဟုတ် ခေါင်းအုံးတစ်လုံးတည်းဖြင့်သာ အိပ်စက်အနားယူသင့်သည်။ ခေါင်းအုံးထူခြင်း သို့မဟုတ် ခေါင်းအုံး နှစ်လုံး၊ သုံးလုံးဖြင့် အိပ်စက်ခြင်းက ခါးနောက်ကျောရှိ ကြွက်သားများကို ဒဏ်ဖြစ်စေသလို လည်ပင်းကိုလည်း ဒဏ်ဖြစ်စေနိုင်သည်။
- မွေ့ရာအသစ်လဲပါ။ ပျမ်းမျှလူ ၁၀ ဦးတွင် ကိုးဦးခန့်က မွေ့ရာနှင့်ပတ်သက်၍ ကျန်းမာရေးအခြေအနေကို လျစ်လျူရှုတတ်ကြသည်။ အမေရိကန် အမျိုးသားအိပ်စက်ခြင်းဆိုင်ရာ ဖောင်ဒေးရှင်းမှ သုတေသီများ၏ လေ့လာဆန်းစစ်မှုမှတ်တမ်းများအရ အရည်အသွေးကောင်းသော မွေ့ရာတစ်ခု၏ သက်တမ်းသည် ကိုးနှစ်မှ ၁၀ နှစ်ကြားရှိသော်လည်း အကယ်၍ မွေ့ရာအလွန်ဟောင်းနွမ်းနေလျှင်သော်လည်းကောင်း၊ အရည်အသွေးညံ့သော မွေ့ရာများကြောင့်သော်လည်းကောင်း အိပ်စက်ရာတွင် သက်သောင့်သက်သာမရှိတော့ဘဲ ခါးနာခြင်းကိုဖြစ်စေနိုင်သည်။ ထို့ပြင် အလွန်ပျော့သော မွေ့ရာနှင့် အလွန်မာသော မွေ့ရာတို့ကလည်း ခါးနာခြင်းကိုဖြစ်စေသည်။
- ဆေးလိပ်မသောက်ရ။ ဆေးလိပ်သောက်ခြင်းကြောင့် ကျောရိုးမဆီသို့ သွေးစီးဆင်းမှုလျော့ကျစေသည်။ ထို့ကြောင့် ဆေးလိပ်သောက်သူများသည် မသောက်သူများထက် ခါးနာနိုင်ခြေပိုများသည်။
- ကျန်းမာရေးအသိအမြင်ရှိပါ။ မိမိသဘောဖြင့် ခါးနာပျောက်ဆေးများကို မသောက်သင့်ပေ။ ၎င်းဆေးများ၏ ဘေးထွက်ဆိုးကျိုးများအဖြစ် အစာအိမ်သွေးကြောပေါက်ခြင်း၊ ဦးနှောက်သွေးကြောပေါက်ခြင်း၊ အသည်းပျက်စီးခြင်း၊ ကျောက်ကပ်ထိခိုက်ခြင်းများ ဖြစ်လာနိုင်သည်။ ထို့ကြောင့် ခါးနာခြင်းကိုမပေါ့ဆဘဲ တတ်ကျွမ်းနားလည်သော ဆရာဝန်များနှင့်ပြသင့်သည်။
- လမ်းလျှောက်ခြင်းဖြင့် လေ့ကျင့်ခန်းလုပ်ပါ။ လမ်းလျှောက်ခြင်းသည် ခါးရိုးဆစ်အတွက် များစွာအထောက်အကူပြုသည်။ ခါးရိုးကြွက်သားများကို သန်မာစေပြီး အဆစ်များလှုပ်ရှားမှုနှင့် အရွတ်အဝိုင်းပြားများကို ပိုမိုကောင်းမွန်လာစေသည်။
- စိတ်ဖိစီးမှုများကို လျှော့ချပါ။ အချို့လူများတွင် ပြဿနာအခက်အခဲတစ်ခုခုဖြင့် ရင်ဆိုင်တွေ့ရတိုင်း ခါးနာတတ်ကြသည်။ အကြောက်လွန်ခြင်း၊ ထိတ်လန့်ခြင်း၊ တစ်စုံတစ်ခုကို စိုးရိမ်ပူပန်နေခြင်းသည် စိတ်ဖိစီးမှုကိုမြင့်မားစေပြီး ခါးနာမှုကိုဖြစ်ပေါ်စေသည်။ ဇက်ကြော၊ ပခုံးကြောများ ကိုက်ခဲခြင်း၊ လည်ပင်းအဆစ်များနာခြင်းနှင့် ခါးနာခြင်းတို့ ဖြစ်ပွားမှုရာခိုင်နှုန်းအတော်များများသည် သောကဖိစီးမှုကြောင့် ဖြစ်လာရကြောင်း သုတေသီများက အကြံပြုထားသည်။

**ခရီးသွား၍ခါးနာခြင်းမှ ကင်းဝေးရေး**

- ထိုင်ခုံကို ရွေးချယ်ပြီး ရှေ့နောက်ဆန့်နိုင်သော ထိုင်ခုံပါသည့်ယာဉ်ကို ရွေးချယ်ပါ။
- သားရေထိုင်ခုံများဖြစ်လျှင် အပူဒဏ်ကာကွယ်သည့် အဝတ်ခင်း၊ အစွပ်များ ပို၍ကောင်းသည်။
- လေဝင်လေထွက်ကောင်းသော ခေါင်မိုးမြင့်သည့်ယာဉ်ကို ရွေးချယ်ပါ။
- လေအေးပေးစက် အလွန်အကျွံဖွင့်လျှင် အအေးဒဏ်ကြောင့် ခါးဆစ်ကိုက်ခဲခြင်းမဖြစ်စေရန် ခါးမနာစေသော ခါးပတ် သို့မဟုတ် စောင်၊ တဘက်ဖြင့် အအေးဒဏ်ကာကွယ်ရန် ဆောင်ထားပါ။
- ယာဉ်ရပ်သည့်အခါတိုင်း အပေါ့အပါးသွားခြင်း၊ ခါးဆန့်၍ လေ့ကျင့်ခန်းလုပ်ခြင်းများ ပြုလုပ်ပါ။

**ခါးနာခြင်းအတွက် အိမ်တွင်းကုထုံး**

ကျောက်ကပ်၊ ဆီးအိမ်၊ သားအိမ်ရောဂါအမျိုးမျိုးတို့ကြောင့်လည်း ခါးနာတတ်ပေရာ ဝေဒနာမပြင်းထန်မီ နည်းမှန်လမ်းမှန်ဖြင့် ကုသမှုခံယူရင်း အောက်ပါ အိမ်တွင်းကုထုံးများဖြင့် သက်သာနိုင်ကြပါစေရန် မျှဝေလိုက်ရပါသည်။

- ခါးနာသည့်နေရာသို့ ရေနွေးအိတ်ကပ်ပေး၍ ပူနွေးသော အစားအစာများကို စားပေးပါ။
- ထမင်းစားသည့်အခါတိုင်း ကြက်သွန်ဖြူစားပေးပါ။ အထူးသဖြင့် နံနက်အိပ်ရာထ ဘာမျှမစားခင် ကြက်သွန်ဖြူစားပေးနိုင်လျှင် ပိုကောင်းသည်။
- ခါးနာခြင်းအတွက် ပင်စိမ်းရွက်က အကောင်းဆုံးသမားတော်ဟု အဆိုရှိရာ ပင်စိမ်းရွက်ကို နှစ်ခွက် တစ်ခွက်တင်ပြုတ်ပြီး အအေးခံကာ ဆားအနည်းငယ်ထည့်သောက်ပါ။
- ယူကလစ်ဆီနှင့် မုန်ညင်းဆီရော၍ အရေပြားထဲစိမ့်ဝင်အောင် အသာအယာ နှိပ်နယ်ပေးပါ။
- ထမင်းစားပြီးတိုင်း သကာရည် သို့မဟုတ် တင်လဲရည် စားပွဲတင်ဇွန်း တစ်ဇွန်းခန့်ကို ရေနွေးဖြူဖြင့်သောက်ပေးပါ။
- ဖာလာစေ့ကို ပျားရည်ဖြင့်နှံ့၍ သောက်ခြင်းကလည်း အမြန်ဆုံး သက်သာလာစေသည်။
- ကယ်လ်စီယံကြွယ်ဝသည့် နွားနို့ကို တစ်ရက်လျှင် နှစ်ခွက်မှ သုံးခွက်ထိ သောက်ပေးခြင်းဖြင့် ခါးမနာအောင် ကြိုတင်ကာကွယ်ပေးနိုင်သည်။
- အသာအယာ နှိပ်နယ်ပြီး ဆေးဖယောင်းချပ်ကပ်ပေးပါ။
- ရေခဲတုံးများကို အဝတ် သို့မဟုတ် ဂွမ်းအိတ်ပါးထဲထည့်၍ အသာအယာ လိမ့်ပေးနိုင်ပါသည်။ တစ်ရက်လျှင် လေးကြိမ်ခန့်လုပ်ပေးနိုင်လျှင် ခါးနာပျောက်သည်။
- မွေ့ရာခင်းမထားသော ခုတင် သို့မဟုတ် ကြမ်းပြင်ပေါ် ငြိမ်သက်စွာ ပက်လက်လှဲခြင်းက သွေးများကောင်းစွာ စီးဆင်းလည်ပတ်စေသလို အကြောအခြင်ပြေ၍ ခါးနာခြင်းကို သက်သာစေသည်။
- ဒဏ်ကြေဆေးပူလိမ်းပေးနိုင်သည်။ (ကိုယ်ဝန်ဆောင်များကို မဆိုလိုပါ)
- နံ့သာဖြူနှင့် ချင်းကို ဆတူရော၍ လိမ်းပါ သို့မဟုတ် ချင်းအနည်းငယ်ထောင်း၍ နာနေသောနေရာကို မိနစ် ၂၀ ခန့် လိမ်းပေးပါ။ တစ်နေ့လျှင် လေးကြိမ်ခန့်လုပ်ပေးခြင်းဖြင့် ခါးနာရောဂါ ပျောက်ကင်းသည်။
- မပြင်းထန်သော ခပ်ဖော့ဖော့ အကြောပြင်လေ့ကျင့်ခန်းများကလည်း ခါးနာသက်သာအောင် အထောက်အကူဖြစ်စေသည်။ (အမှန်တကယ် အရိုးအကြောနားလည်တတ်ကျွမ်းသူနှင့် ကုသမှုခံယူပါ)
- အာလူးတစ်လုံးကို စင်ကြယ်အောင်ရေဆေးပြီး ခပ်ပါးပါး အကွင်းလိုက်လှီးပါ။ ညအိပ်ခါနီး နာနေသောခါးပေါ်ကို အာလူးအကွင်းများကပ်ပေးပြီးနောက် အလပ်စတစ်ခါးပတ်ကို အပေါ်မှ ပတ်ပေးထားပါ။
- ညမအိပ်မီ သင်္ဘောရွက် လတ်လတ်ဆတ်ဆတ် တစ်ရွက်ခူးယူ၍ အင်္ကျီအတွင်း နာနေသောခါးပေါ်ကိုကပ်ထားပြီး ပက်လက်လန်အိပ်ပါ။ ခန္ဓာကိုယ်မှအပူများကို သင်္ဘောရွက်ကသဘာဝဓာတ်သဘောဖြင့် စုပ်ယူပေးပါသည်။ ပူရှိန်းရှိန်းခံစားရပါမည်။ ခါးနာသက်သာသည်ထိ တစ်ပတ်၊ ၁၀ ရက်ခန့် ညစဉ်လုပ်ပေးနိုင်သည်။
- မနက်အိပ်ရာထချိန် ရေတစ်ခွက်သောက်ပြီးနောက် ခါးနာသက်သာစေမည့် လေ့ကျင့်ခန်းကို ဦးစွာလုပ်ပေးပါ။ တည့်တည့်မတ်တတ်ရပ်ပြီး ခါးကိုရှေ့သို့ အနည်းငယ်ကိုင်းပြီးလျှင် ခါးကိုအားပြုပြီး ဖြည်းဖြည်းချင်းစီ ဆန်ကောဝိုင်းသကဲ့သို့ ဘယ်ပြန်ညာပြန် ၁၀ ကြိမ်ခန့်လှည့်ပေးပါ။ ၎င်းလေ့ကျင့်ခန်းကို လုပ်ပေးခြင်းအားဖြင့် ခါးရိုးခါးဆစ်မှ အပူများထွက်သွားပြီး အကြောများလည်း ပွင့်သွားသကဲ့သို့ အညောင်းအညာများလည်း ပြေသွားစေသည်။ ညနေပိုင်း ရေချိုးခါနီးတွင်လည်း နောက်တစ်ကြိမ် လေ့ကျင့်ပေးနိုင်သည်။ တစ်နေ့ နှစ်ကြိမ်ခန့် ပြုလုပ်ခြင်းဖြင့် ခါးနာရောဂါကို သက်သာစေနိုင်သည်။











## ဝန်ထမ်းအလိုရှိသည်

(1) ယာဉ်မောင်း (အိမ်နေ) အမျိုးသား (1) ဦး
(2) စာရေး/ စာရေးမ (ဘွဲ့ရ) အမျိုးသား/ အမျိုးသမီး (1) ဦး

- အမှတ်စဉ် (1)အတွက် ယာဉ်မောင်းလိုင်စင်သက်တမ်း (3)နှစ်နှင့်အထက်ရှိရမည်။ အသောက်အစားကင်းရှင်းရမည်။
- အမှတ်စဉ် (1)နှင့်(2)အတွက် စကားအပြောအဆိုပြေပြစ်၍ ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။ အလုပ်ကို စိတ်ပါဝင်စားစွာ လုပ်ကိုင်နိုင်သူဖြစ်ရမည်။
- စိတ်ဝင်စားပါက CV Form၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာတို့နှင့်အတူ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

လိပ်စာ။ ။ အမှတ်(14)၊ 85လမ်း၊ 28×29ကြား၊မန္တလေးမြို့။
ဆက်သွယ်ရန်။ ။ 09-5069199 , 09-4069291



## ဒေါ်အေးဟွေ
## အသက် (၈၃) နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ အိမ်အမှတ်-(၂၉/၅၂)၊ သုမင်္ဂလာလမ်းနှင့် ဗိုလ်ချုပ်လမ်းနား၊ သုမင်္ဂလာ(၂)ရပ်ကွက်နေ ဦးမြင့်အောင်+ဒေါ်ရှိတင့်ကျီ၊ ဒေါ်အေးခမ်း၊ ဦးအားယုန်+ဒေါ်ကြည်သီမာ၊ ဦးအားခမ်း+ဒေါ်အေးအေးချို၊ ဦးယုန်အမ်း+ဒေါ်နန်းဆိုင်နော်၊ ဦးအားကွမ်း+ဒေါ်ဂျောင်ရှိဆူ၊ ဦးဟုန်းရွှေ့ချို+ဒေါ်အားလီ၊ ဦးစိုးနိုင်+ဒေါ်ဆွေဆွေဦး၊ ဦးမျိုးထွန်းအောင်+ဒေါ်စန္ဒာလှိုင်၊ ဦးမျိုးထွန်းဇော်+ဒေါ်စန္ဒာအေး တို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ မြေး(၁၉)ယောက်တို့၏ ချစ်လှစွာသောအဖွား၊ ဦးရွက်ခမ်း ၏ချစ်လှစွာသောဇနီး

ဒေါ်အေးဟွေ အသက် (၈၃) နှစ်

သည် ၂၉-၉-၂၀၂၃ သောကြာနေ့ နံနက် (၂)နာရီအချိန်တွင် အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့ ဆေးရုံတွင် (၉၆)ပါးသောဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ခန္ဓာကို ၄-၁၀-၂၀၂၃ ဗုဒ္ဓဟူးနေ့တွင် နေအိမ်မှ ပြင်ဦးလွင်မြို့ ယုနန်သုသာန်သို့ မွန်းလွဲ(၁)နာရီအချိန်တွင် ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။


**ကျန်ရစ်သူမိသားစု**



**ရှိုးရှိုးမီးလုံး၊ မီးချောင်းများအစား ဓာတ်အားသက်သာစေသည့်**
**Energy Saving Lamps များကို အသုံးပြုသင့်ပါသည်**



ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။




**ရန်သူမီးဘေး**
**တားဆီးရေး**
**မနေးဆောင်ရွက်ကြ**

**ပလင်းတန် ဖွံ့ဖြိုးပို့**
**စာအုပ် စာပေ**
**ဖတ်ကြစို့**

**မူးယစ်ကိုပစ် ပန်းတိုင်သစ်**
**စိတ်သစ် လူသစ် ဘဝသစ်**

## သရက်မြို့နယ် ကျဦးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**သရက် အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိစေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၂ ဒသမ ၇၁ သန်းဖြင့် ကျဦးကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ကျဦးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ကျဦးကျေးရွာ၌ ရေရရှိရေးအတွက် အင်ဂျင်ပန့်ဖြင့် မြစ်ရေတင်ခြင်းလုပ်ငန်း၊ အရှည်ပေ ၁၈၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေလှောင်ကန် တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၂ ဒသမ ၇၁ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုး၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လဒုတိယပတ်မှစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကျဦးကျေးရွာရှိ အိမ်ခြေ ၁၅၈ အိမ်မှ လူ ၆၂၇ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် ရာသီမရွေး သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။

**ဝင်းမာ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။
( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
( ခ ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။


❖ ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ သမဝါယမစနစ်ဖြင့်သွားသည့် ကုန်ထုတ်လုပ်မှုကို သွားနိုင်ရန်လို...
❖ မိမိတို့နိုင်ငံတွင် ယခင်က သမဝါယမစနစ်ကို ကျင့်သုံးခဲ့ပြီး အချို့ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း သမဝါယမစနစ်ကို ကျင့်သုံးလျက်ရှိ...
❖ သမဝါယမစနစ်ကို ကျင့်သုံးခြင်းဖြင့် လုပ်ငန်းများဆောင်ရွက်မှုကို ပိုမိုတိုးတက်စေမည်ဖြစ်ပြီး စုပေါင်းသမဝါယမစနစ်ကို ကျင့်သုံး၍ ဆောင်ရွက်ကြရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် မတ် ၇ ရက်တွင်ပြုလုပ်သော ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များကို တွေ့ဆုံဆွေးနွေးမှုမှ ကောက်နုတ်ချက်)**

## အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ခတ်

**နေပြည်တော် အောက်တိုဘာ ၁**

ယနေ့ညနေ ၁၇ နာရီ ၀၆ မိနစ် ၁၅စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့ဘက် ၃၈ မိုင်ခန့်အကွာ၊ မြန်မာနိုင်ငံပြည်တွင်း (ခရမ်းမြို့၏ အရှေ့တောင်ဘက် ၁၂ မိုင်ခန့်အကွာ)မြောက်လတ္တီတွဒ် ၁၆ ဒသမ ၈၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၇၃ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။






## (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြားပစ်နှင့် ပိုက်ကျော်ခြင်းအားကစားနည်းများ စတင်ယှဉ်ပြိုင်

**နေပြည်တော် အောက်တိုဘာ ၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲများကို သတ်မှတ်နေရာများ၌ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် အုပ်ချုပ်မှုအဖွဲ့တာဝန်ရှိသူများသည် ယနေ့နံနက် ဒေသစံတော်ချိန် ၉ နာရီတွင် ဟန်ကျိုးမြို့ရှိ Fuyang Yinhu Sports Center ကွင်း၌ကျင်းပသည့် မြားပစ်အားကစားနည်းပြိုင်ပွဲသို့

**စာမျက်နှာ ၂၀ ကော်လံ ၂ ☆**

ရခိုင်ပြည်နယ် မောင်တောခရိုင်တွင် နယ်စပ်ကုန်သွယ်ရေးဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေချိုငါးတင်ပို့မှု တိုးမြှင့်နိုင်ရန် ဆောင်ရွက်နေ စာမျက်နှာ - ၂၂

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အခြေခံ၍ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်တွင်ရှိသော မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်းထုတ်ပြန် စာမျက်နှာ - ၂၀

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၁၇၀၀၂၉ ဧကစိုက်ပျိုးပြီးစီး စာမျက်နှာ - ၃

